၂၀၀၉ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့်

အ မျိုး သား ဒီ မို က ရေ စီ အ ဖွဲ့ ချုပ် ၏ ကြေ ညာ ချက် များ။

စဉ်	ရက်စွဲ	ကြေညာချက်	အမှတ်စဉ်	မှတ်ချက်
၁။	၁-၁-၂၀၀၉	အထူးကြေညာချက်	၁/၀၁/၀၉	
၂။	၄-၁-၂၀၀၉	ကြေညာချက်	၁/၀၁/၀၉	
၃။	၂၉-၁-၂၀၀၉	ကြေညာချက်	၂/၀၁/၀၉	
၄။	၁၂-၂-၂၀၀၉	ကြေညာချက်	၃/၀၂/၀၉	(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကြေညာချက်
၅။	၁၇-၂-၂၀၀၉	အထူးကြေညာချက်	၂/၀၂/၀၉	
၆။	၁၉-၂-၂၀၀၉	အထူးကြေညာချက်	၃/၀၂/၀၉	
၇။	၁၉-၂-၂၀၀၉	အထူးကြေညာချက်	၄/၀၂/၀၉	
၈။	၂၃-၂-၂၀၀၉	ပြင်ဆင်ချက်		၁၇-၂-၀၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အထူးကြေညာချက်မှ စာသားအချို့အား ပြင်ဆင်ခြင်း။
၉။	၂၃-၃-၂၀၀၉	ကြေညာချက်	၄/၀၃/၀၉	ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး တွေ့ဆုံခွင့်ရရှိရေး။
၁၀။	၂၇-၃-၂၀၀၉	ကြေညာချက်	၅/၀၃/၀၉	(၆၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကြေညာချက်။
၁၁။	၂၈-၄-၂၀၀၉	အစီရင်ခံစာ		၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈-၂၉)ရက်နေ့များတွင် အဖွဲ့ချုပ်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်ပတ်သက်၍ အဖွဲ့ချုပ်မှ ထုတ်ပြန်ခဲ့ပြီးသော အချက်များကို ပြန်လည်သုံးသပ်တင်ပြခြင်း။
၁၂။	၂၈-၄-၂၀၀၉	အစီရင်ခံစာ		၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈-၂၉)ရက်နေ့များတွင် အဖွဲ့ချုပ်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တင်သွင်းသည့် စည်းရုံးရေးလုပ်ငန်း အစီရင်ခံစာ။
၁၃။	၂၈-၄-၂၀၀၉	အစီရင်ခံစာ		၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈-၂၉)ရက်နေ့များတွင် အဖွဲ့ချုပ်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တင်သွင်းသည့် နိုင်ငံရေးအစီရင်ခံစာ။
၁၄။	၂၉-၄-၂၀၀၉	ကြေညာစာတမ်း	ရွှေဂုံတိုင် ကြေညာ စာတမ်း	(၂၈/၂၉-၄-၀၉)ရက်နေ့များတွင် ကျင်းပခဲ့သည့် အဖွဲ့ချုပ် တွေ့ဆုံညှိနှိုင်းဆွေးနွေး ပွဲမှ ထုတ်ပြန်ကြေညာချက်။
၁၅။	၂၉-၄-၂၀၀၉	ဆုံးဖြတ်ချက်များ		၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈-၂၉)ရက်နေ့များတွင် အဖွဲ့ချုပ်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေး နွေးပွဲမှ ဆုံးဖြတ်ချက်များ။

၁၆။	၆-၅-၂၀၀၉	ကြေညာချက်	၆/၀၅/၀၉	နာဂစ်နှစ်ပတ်လည်နေ့ကြေညာချက်။
၁၇။	၁၂-၅-၂၀၀၉	ကြေညာချက်	၇/၀၅/၀၉	ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး အခြေအနေအား အထူးစိုးရိမ်ပူပန်ကြောင်း ကြေညာချက်။
၁၈။	၁၄-၅-၂၀၀၉	ကြေညာချက်	၈/၀၅/၀၉	ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်အကျဉ်းထောင်အတွင်း ခေါ်ယူထိန်းသိမ်းထားခြင်းနှင့် ပတ်သက်သည့် ကြေညာချက်။
၁၉။	၂၀-၅-၂၀၀၉	ကြေညာချက်	၉/၀၅/၀၉	
၂၀။	၂၁-၅-၂၀၀၉	ကြေညာချက်	၁၀/၀၅/၀၉	
၂၁။	၂၅-၅-၂၀၀၉	ကြေညာချက်	၁၁/၀၅/၀၉	တရားရုံးက ဒေါ်အောင်ဆန်းစုကြည်အား ၂၂-၅-၂၀၀၉ ရက်နေ့တွင် စွဲဆိုထားသည့် ပုဒ်မအတိုင်း စွဲချက်တင်လိုက်ကြောင်း ကြေညာချက်။
၂၂။	၂၆-၅-၂၀၀၉	ကြေညာချက်	၁၂/၀၅/၀၉	အမှုကို လွှတ်လပ်ပြီး တရားမျှတခြင်းမရှိဘဲ အမြန်ဆုံး အမိန့်ချမှတ်နိုင်ရန် နေ့စဉ်ရက်ဆက် စစ်ဆေးနေကြောင်းနှင့် အမှုနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသော လုံခြုံရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် လုံခြုံရေးချိုး ဖောက်သူကို အရေးယူ တရားစွဲဆိုထားခြင်း တစ်စုံတစ်ရာ မရှိသေးကြောင်း ကြေညာချက်။
၂၃။	၂၇-၅-၂၀၀၉	ကြေညာချက်	၁၃/၀၅/၀၉	(၁၉)နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း။
၂၄။	၂၇-၅-၂၀၀၉	ကြေညာချက်	၁၄/၀၅/၀၉	၂၆-၅-၀၉ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် တရားရုံးသို့ စာဖြင့်ရေးသားတင်ပြချက်။
၂၅။	၂၈-၅-၂၀၀၉	ကြေညာချက်	၁၅/၀၅/၀၉	ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုထားသည့်အမှုတွင် ခုခံချေပခွင့် အပြည့်အဝ မရရှိကြောင်း ကြေညာချက်။
၂၆။	၂၉-၅-၂၀၀၉	ကြေညာချက်	၁၆/၀၅/၀၉	ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအတွက် လွန်စွာစိုးရိမ်ပူပန်ကြောင်း ကြေညာချက်။
၂၇။	၁၈-၆-၂၀၀၉	ကြေညာချက်	၁၇/၀၆/၀၉	
၂၈။	၉-၇-၂၀၀၉	ကြေညာချက်	၁၈/၀၇/၀၉	
၂၉။	၁၉-၇-၂၀၀၉	ကြေညာချက်	၂၀/၀၇/၀၉	
၃၀။	၂၉-၇-၂၀၀၉	ကြေညာချက်	၂၁/၀၇/၀၉	
၃၁။	၃-၈-၂၀၀၉	ကြေညာချက်	၂၃/၀၈/၀၉	
၃၂။	၁၂-၈-၂၀၀၉	ကြေညာချက်	၂၄/၀၈/၀၉	
၃၃။	၁၂-၈-၂၀၀၉	ကြေညာချက်	၂၅/၀၈/၀၉	
၃၄။	၅-၉-၂၀၀၉	ကြေညာချက်	၂၆/၀၉/၀၉	
၃၅။	၂၃-၉-၂၀၀၉	အထူးကြေညာချက်	၅/၀၉/၀၉	
၃၆။	၂၇-၉-၂၀၀၉	ကြေညာချက်	၂၇/၀၉/၀၉	

၃၇။	၂၈-၉-၂၀၀၉	အထူးကြေညာချက်	၆/၀၉/၀၉	ဒေါ်အောင်ဆန်းစုကြည်မှ "မြန်မာနိုင်ငံအပေါ် အရေးယူပိတ် ဆို့ထားမှုများ ရုပ်သိမ်း ပယ်ဖျက်ရေးကိစ္စ"နှင့်ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပေးပို့သည့်စာ။
၃၈။	၂၂-၁၀-၂၀၀၉	အထူးကြေညာချက်	၇/၁၀/၀၉	
၃၉။	၄-၁၁-၂၀၀၉	သတင်းထုတ်ပြန်ချက်		
၄၀။	၁၁-၁၁-၂၀၀၉	ကြေညာချက်	၂၈/၁၁/၀၉	(၈၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကြေညာချက်။
၄၁။	၁၇-၁၁-၂၀၀၉	အထူးကြေညာချက်	၈/၁၁/၀၉	
၄၂။	၉-၁၂-၂၀၀၉	ကြေညာချက်	၂၉/၁၂/၀၉	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လက်ရှိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များစာရင်း။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်
၁၃၇၀ ခုနှစ်၊ ပြာသိုလဆန်း (၆)ရက်

အထူးကြေညာချက် – ၁ / ၀၁ / ၀၉

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးသာမက အမျိုးသားသွေးစည်းညီညွတ်ရေးပါ ယိုယွင်းပျက်ပြားလျက် ရှိပေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်မည်ဆိုပါက အမျိုးသားသွေးစည်းညီညွတ်ရေးသည် မရှိမဖြစ် လိုအပ်ပေသည်။ တပ်မတော်အင်အားစုနှင့် အခြားသောအဖွဲ့အစည်းအင်အားစုများ စည်းလုံးညီညွတ်ရေးသည်လည်း ယခုအချိန်၌ ပို၍ အရေးကြီးပေသည်။ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အာဏာပိုင်များအနေနှင့် အမှန်တကယ် အမျိုးသားညီညွတ်ရေးကို ရှေးရှုသောအားဖြင့် နိုင်ငံတော်၏လိုအပ်ချက်များအရ နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နှစ်ရှည်လများ အကျဉ်းကျခံထားကြရသော သံဃာတော်အရှင်မြတ်များ၊ ခွန်ထွန်းဦး၊ မင်းကိုနိုင် အပါအဝင် နိုင်ငံရေးအကျဉ်းသမားများ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးပါရန် အထူးတိုက်တွန်းအပ်ပါသည်။

၁–၁–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

(၁)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်	(ဦးအောင်ရွှေ) ဥက္ကဋ္ဌ
(၂)	ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်	ဥက္ကဋ္ဌဖြစ်သူ ခွန်ထွန်းဦးမှာ နှစ်ရှည်လများ အကျဉ်းကျခံနေရသည်။
(၃)	ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ဖျက်သိမ်းခံ)	ဦးအေးသာအောင်၊ အတွင်းရေးမှူး
(၄)	မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (ဖျက်သိမ်းခံ)	နိုင်ထွန်းသိန်း ဥက္ကဋ္ဌ
(၅)	အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ (ဖျက်သိမ်းခံ)	ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း အကျဉ်းချခံနေရသည်။
(၆)	အမျိုးသားဒီမိုကရေစီပါတီ (ဖျက်သိမ်းခံ)	စိုးဝင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၇)	ဇိုမီးအမျိုးသားကွန်ဂရက် (ဖျက်သိမ်းခံ)	ပူကျင့်ရှင်းထန် ဥက္ကဋ္ဌ
(၈)	ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (ဖျက်သိမ်းခံ)	ဦးထောင်ခိုထန်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်
၁၃၇၀ ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်

ကြေညာချက်အမှတ် – ၁ / ၀၁ / ၀၉

ယနေ့သည် အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ထောင်ခဲ့သည့် (၆၁)နှစ်ပြည့် လွတ်လပ်ရေးနေ့ဖြစ်ပေသည်။ ဤနေ့သည် တိုင်းပြည်နှင့်လူမျိုးအတွက် တန်ဖိုးကြီးမားလှပြီး ကျက်သရေရှိသော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။

၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှစ၍ နယ်ချဲ့လက်အောက် နှစ်ပေါင်းတစ်ရာကျော်မျှ ကိုလိုနီနိုင်ငံဖြစ်ခဲ့ရစဉ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားလူမျိုးများသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့တွင် ဖိနှိပ်ချုပ်ချယ်မှုများ ခံခဲ့ကြရသည်။ ဖိနှိပ်ချုပ်ချယ်မှု ဒဏ်ရာဒဏ်ချက်များမှာ ကြီးမားနက်ရှိုင်းခဲ့သဖြင့် သူ့ကျွန်မခံလိုသော မြန်မာတို့သည် အမျိုးသားလွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် ဘဝများစွာပေးဆပ်လျက် အသက်များစွာကို ရင်းနှီးစွန့်လွှတ်ခဲ့ကြရသည်။

ကိုလိုနီအုပ်ချုပ်ရေးကို ဆန့်ကျင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးများသည် ရရာလက်နက်စွဲကိုင်လျက်၊ မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံကာ ခုခံတော်လှန်စစ်ဆင်နွှဲခဲ့ကြသည်။ သို့သော် တိုင်းရင်းသားအင်အားစုများသည် နယ်ချဲ့တို့၏ ခေတ်မီလက်နက်အင်အားကို မယှဉ်နိုင်သဖြင့်လည်းကောင်း၊ ခေါင်းဆောင်မှုတစ်ခုတည်းအောက်တွင် စုစည်းညီညွတ်မှု မထူထောင်နိုင်သဖြင့်လည်းကောင်း၊ ယာယီအရေးနိမ့်ခဲ့ကြရသည်။

လက်နက်ကိုင်ခုခံတော်လှန်မှု အရေးနိမ့်ခဲ့သော်လည်း မြန်မာတို့၏ အမျိုးသားစိတ်ဓာတ် ပြန်လည်နိုးကြားလာသောအခါ သမိုင်းဝင်တိုက်ပွဲလှုပ်ရှားမှုအဖြစ် (၁၉၂၀)ခုနှစ် ပထမကျောင်းသားသပိတ်၊ (၁၉၃၀)ခုနှစ် တို့ဗမာအစည်းအရုံးနှင့် တောင်သူလယ်သမားအရေးတော်ပုံကြီး၊ (၁၉၃၆)ခုနှစ် ဒုတိယကျောင်းသားသပိတ်၊ (၁၉၃၈)ခုနှစ် ဗိုလ်အောင်ကျော်နှင့် မန္တလေးအာဇာနည်(၁၇)ဦးကျဆုံးခဲ့ရသော (၁၃၀၀)ပြည့်အရေးတော်ပုံ စသော လွတ်လပ်ရေးလှုပ်ရှားမှုများသည် အဆက်မပြတ် ပေါ်ပေါက်လာခဲ့ကြသည်။

ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာသောအချိန်၌ "အင်္ဂလိပ်အခက် ဗမာ့အချက်" နိုင်ငံရေးအလှည့်အပြောင်းကာလတွင် တို့ဗမာသခင်များနှင့် ကျောင်းသားလူငယ်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့တို့အား လက်နက်ကိုင်တော်လှန်ရန် ဆုံးဖြတ်ခဲ့ကြသည်။ စစ်ရေးအရ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင်လိုက်သော "ဗမာ့လွတ်လပ်ရေးတပ်မတော်ဟု ခေါ်တွင်သော (ဘီအိုင်အေ) တပ်မတော်ကြီး"၊ ယင်းနောက် "ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တပ်မတော်ကြီးသည် လက်နက်ကိုင်တော်လှန်ရေးကို သမိုင်းပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြသည်။

ထို့အတူ နိုင်ငံရေးအရလည်း သခင်အောင်ဆန်းဦးဆောင်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ–တ–ပ–လ) ဖွဲ့စည်းပြီး၊ တိုင်းရင်းသားလူမျိုးတို့၏ စည်းလုံးညီညွတ်မှုဖြင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ ၁၉၄၅ ခုနှစ်၊ မေလ (၃)ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖ–ဆ–ပ–လ) ဖြစ်လာပါသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်တပ်မတော်တို့ကို ထူထောင်၍ နယ်ချဲ့ဖက်ဆစ်တို့ကို တော်လှန်ပြီး အောင်ပွဲရရှိခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် စစ်တပ်မှနုတ်ထွက်၍ နိုင်ငံရေးလုပ်ဆောင်ရန် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးကို ဆက်လက်ခေါင်းဆောင်မှုပေးခဲ့သည်။

လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ကာ နိုင်ငံရေးလုပ်ရှားမှုများကို အောင်ဆန်း–အက်တလီစာချုပ် ချုပ်ဆိုနိုင်သည်အထိ ဆင်နွှဲနိုင်ခဲ့သလို ရရှိလာမည့် လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် ဒီမိုကရေစီလမ်းကြောင်းသို့ ရေးရှုရန် အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။

"× × × အာဏာရှင်ဝါဒ၊ လူမျိုးအချင်းချင်း မုန်းတီးရေးဝါဒ၊ × × × × × စစ်တပ်ကသာ လွှမ်းမိုးရမယ်ဆိုတဲ့ စစ်ဖက်အာဏာရှင်စနစ် သက်ဦးဆံပိုင် ရှင်ဘုရင်စနစ်ဝါဒ၊ အဲဒီဝါဒမျိုးအငယ်စားဖြစ်တဲ့ ပဒေသရာဇ်မြို့စားရွာစားဝါဒ၊ (Feudalism) အထက်ကသာခန့်ထားပြီး တိုင်းသူပြည်သားဆန္ဒအရမဟုတ်ဘဲ တိုင်းသူပြည်သားတွေနဲ့ကင်းကွာပြီး မင်းစိတ်ပေါက်နေတဲ့ အရာရှိတွေချယ်လှယ်တဲ့စနစ် ဆိုတာမျိုးရှိနေရင် အများပြည်သူတို့ဆန္ဒနဲ့လုပ်ကိုင်ရတဲ့ ဒီမိုကရေစီဝါဒ၊ ခေတ်မစားနိုင်တဲ့ ဖက်ဆစ်ဝါဒ ဆင်တူရိုးမှားတွေ ပေါ်လာနိုင်တယ်။ ဒီဝါဒမျိုးတွေပေါ်လာရင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာကို မရနိုင်တော့ဘူး။"

"ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ × × × × × ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့်ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကိုအားပေးတယ်။ အဲဒါကြောင့် ဒီမိုကရေစီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်။ × × ×"

(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် မြွက်ကြားသည့် မိန့်ခွန်းမှ . . .)

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်သော မြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီဝါဒကို ကျင့်သုံးရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲရာ၌ ပါဝင်ရမည့် လမ်းညွှန်အဆို(၁၄)ချက်ကို ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံတွင် ၁၉၄၇ ခုနှစ်၊ မေလ (၂၃)ရက်နေ့၌ ဦးဆောင်ချမှတ်ခဲ့သည်။ ထိုမှတစ်ဆင့် တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၁၉၄၇ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့တွင် လွှတ်တော်က ယင်းလမ်းညွှန်အဆို(၁၄)ချက်မှ (၇)ချက်ကို အတည်ပြုခဲ့သည်။ ယင်းအချက်များမှာ . . .

"(၁) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် "ပြည်ထောင်စုနိုင်ငံတော်"ဟု ခေါ်တွင်စေသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် သမတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်စေရမည်။

(၂) ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ်ဖော်ပြသည့် တသီးပုဂ္ဂလပြည်နယ်များ ပါဝင်စေလျက် သို့သတ်မှတ်ဖော်ပြသည့် တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ရရှိစေရမည်။

(၃) အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမတမြန်မာနိုင်ငံတော်နှင့်အတူ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်။

(၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌၎င်း၊ စီးပွားရေးရာ၌၎င်း၊ နိုင်ငံရေးရာ၌၎င်း၊ တရားမျှတမှုရှိစေလျက် အဆင့်အတန်း၊ အခွင့်အရေးနှင့် ဥပဒေသက်ရောက်မှုတို့တွင် ဆုကြုံနိမ့်မြင့်မရှိ၊ ပကတိ တူညီစေရမည့်အပြင်၊ တရားဥပဒေနှင့်သော်၎င်း၊ အများပြည်သူတို့စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်၎င်း၊ မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်နှင့် ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိစေရမည်။

(၅) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူနည်းစုများအဘို့ လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်။

(၆) လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမတမြန်မာနိုင်ငံ၏ နယ်မြေတို့ တပေါင်းတစည်းတည်း တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေ တို့ကို အချုပ်အခြာ စိုးမိုးအုပ်ချုပ်ခွင့်ကိုလည်းကောင်း၊ တရားဓမ္မနှင့်တကွ ပြည်ထောင်အချင်းချင်း ဥပဒေအရ ထိန်းစောင့်ထားရှိစေရမည်။

(၇) ရာဇဝင်တွင် ထင်ရှားခဲ့သော ဤမြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ ဂုဏ်ကြက်သရေနှင့်လျော်ညီစွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင် လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာ ပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန် ဖြည့်စွမ်းထမ်းရွက်ကာ၊ ပြည်ထောင်အချင်းချင်းဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာကို အခြေပြုပြီး ကမ္ဘာ့ငြိမ်းချမ်းရေးရှေ့ရှုလျက် နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် တွဲဘက်ပူးပေါင်း ဆောင်ရွက်မှုကို ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။”

(တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ ဒုတိယတွဲ၊ စာ–၄၅၉၊ ၄၆၀၊ ၄၆၁ မှ) တို့ ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဤအခြေခံမူတို့ကို သတ်မှတ်ရခြင်းမှာ အမျိုးသားစည်းလုံးညီညွတ်မှု ရရှိရန်နှင့် လူ့အခွင့်အရေးများ ခံစားစံစားနိုင်ရေးတို့အတွက် ဖြစ်ပေသည်။ ထို့နောက် ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပေါ်ထွန်းလာပြီး၊ ဆုံးရှုံးခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့သည်။

အထက်ပါမူများကိုအခြေခံ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံသားတို့၌သာ တည်စေပြီးသကာလ တရားဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာဟူသော အာဏာကြီး(၃)ရပ်တို့၏ အပြန်အလှန်ထိန်းကြောင်းမှုကို ကျင့်သုံးအပ်သော ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဦးအောင်ဆန်း (ရန်ကုန်မြို့မှ လမ်းမတော်မြို့နယ်အမတ်) အပါအဝင် လွှတ်တော်အမတ်(၂၅၅)ဦးအနက် (၁၄၆)ဦး တက်ရောက်ခဲ့သော တိုင်းပြည်ပြုလွှတ်တော် ပထမညီလာခံက လွှတ်တော်၏အာဏာစက်ဖြင့် တရားဝင်ဆောင်ရွက်ခဲ့ကြသည်။ “နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မတီ”ကို ဦးအောင်ဆန်းအပါအဝင် (၇၅)ဦးဖြင့် ဖွဲ့စည်း၍ ရေးဆွဲခဲ့ပြီး ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့တွင် “မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ”ကို တိုင်းပြည်ပြုလွှတ်တော်က တညီတညွတ်တည်း လက်ခံအတည်ပြုခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အစိုးရ၏အာဏာများနှင့် ပြည်သူလူထု၏ခံစားပိုင်ခွင့်များကို စုစည်းဖော်ပြထားသော အစိုးရနှင့် ပြည်သူကြား ဆက်ဆံရေးပြေပြစ်ချောမွေ့စေရန် ညှိနှိုင်းသတ်မှတ်ထားသော မူများဖြစ်ပါသည်။ ၎င်းပြင် အစိုးရနှင့် ပြည်သူလူထုအကြား ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်လည်းဖြစ်သောကြောင့် ပြည်သူတို့၏ အခြေခံအခွင့်အရေးများကို အာမခံချက်ပေးရပါသည်။ ထို့ကြောင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုအားလုံး ပါဝင်ရေးဆွဲနိုင်ခြင်း မရှိသောကြောင့် ၎င်းတို့က ရွေးချယ်တင်မြှောက်လိုက်သည့် စစ်မှန်သော ကိုယ်စားလှယ်များကသာ ရေးဆွဲကြရပါသည်။

သမိုင်းအထောက်အထားများအရ မဲဆန္ဒရှင်ပြည်သူလူထု၏ လုပ်ပိုင်ခွင့်အာဏာ (Mandate) အပ်နှင်းခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲမှသာ တရားဝင်မှုကို ရရှိမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် အဓိကထားပြီး ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဟူသည် သမိုင်းအတွေ့အကြုံအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲရမည်ဖြစ်သကဲ့သို့ ဥပဒေကြောင်းအရလည်း ဤသို့ရေးဆွဲရန် တာဝန်ရှိပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့တွင် အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။

“× × × ကျမတို့အနေနဲ့ရော . . . အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ရော . . . ပြည်သူလူထုက လက်ခံနိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ခုကို ပြည်သူလူထုကနေပြီး ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကနေ အတည်ပြုမှသာ ကျမတို့လက်ခံမယ်လို့ ပြောထားပြီးသားပါ။ နောင်လာမဲ့ရွေးကောက်ပွဲတွေ၊ ဘာတွေဆိုတာကလည်း ကျမတို့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်သရွေ့ နောင်လာမဲ့ ရွေးကောက်ပွဲဆိုတာ ကျမတို့ ထည့်ပြီးတော့စဉ်းစားစရာအကြောင်း မရှိဘူးဆိုတာလည်း ကျမတို့ ပြောပြီးသားကိစ္စ ဖြစ်ပါတယ်။”

ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (ဥပဒေအမှတ်–၁၄/၈၉)၏ ပုဒ်မ–၃ တွင် **"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"**ဟူသည့် ပြဋ္ဌာန်းချက်အရ လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးပြီး အာဏာပိုင်တို့က ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၂၇)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ်–၁/၉၀၊ အပိုဒ်–၂၀ ကို လေးစားလိုက်နာရန် အထူးလိုအပ်ပေသည်။ ယင်းကြေညာချက် အပိုဒ်–၂၀ တွင် . . .

"× × × ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်။ × × ×"

ဟု အတိအလင်း ဖော်ပြထားပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ဒီမိုကရေစီပုံစံများအတိုင်း သက်ဆိုင်သူအားလုံးဆွေးနွေးညှိနှိုင်းကြလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ သမိုင်းသာဓကများအရ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးများ ပါဝင်သည့် အမျိုးသားအင်အားစုကြီး ညီညွတ်စွာ အတူတကွ ပူးပေါင်းလက်တွဲခဲ့ကြသည့်အခါ လွတ်လပ်သော မြန်မာနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့သလို၊ ယနေ့ ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော် ထူထောင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစဉ်ဖြင့် ဆွေးနွေးညှိနှိုင်း အဖြေမှန်ရှာနိုင်ကြရန် လိုအပ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုက တရားဝင်တစ်ခဲနက်ထောက်ခံထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်ဖြစ်ခြင်း၊ တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အစကနဦးကြိုးပမ်းဆောင်ရွက်ခဲ့သူဖြစ်ခြင်း၊ နိုင်ငံရေးအရ အပေးအယူပြုလုပ်ပြီး ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိခြင်းတို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မလွဲမသွေပါဝင်ရမည်ဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အလေးအနက်ခံယူပါသည်။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လက်ရှိဆိုက်ရောက်နေသော နိုင်ငံရေးအခြေအနေကို ရိုးသားစွာ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အဓိကကွင်းဆက်ပြဿနာကြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီကျင့်စဉ်များနှင့် လိုက်လျောညီထွေ ဖြစ်လာနိုင်စေရေးအတွက်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်ရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုစစ်စစ် နိုင်ငံတည်ဆောက်ရန်လည်းကောင်း၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက်လည်းကောင်း အထူးကြေညာချက်အမှတ် – ၁၈/၀၉/၀၈ ကို ထုတ်ပြန်ခဲ့ပါသည်။ ဤကြေညာချက်၏ အဓိကလုပ်ငန်းစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"(၁) အာဏာပိုင်တို့က ၎င်းတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ – ၃ နှင့်အညီ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန်၊

(၂) ယင်းပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီကို ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များဖြင့် ဖွဲ့စည်းပေးရန်၊

(၃) ဤကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးလုပ်ငန်းကို (၆)လအတွင်း အပြီးဆောင်ရွက်ရန်၊"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထက်ပါ အဆိုပြုချက်များမှာ အာဏာပိုင်တို့က နိုင်ငံရေးဦးတည်ချက်တွင်ပါဝင်သော "တရားဥပဒေစိုးမိုးရေး"ဟူသည်နှင့်အညီ ဥပဒေပြဋ္ဌာန်းချက်များအရ အကြံပြုရခြင်းဖြစ်ပါသည်။ ဤကြေညာချက်(၁၈)ပါ အချက်များကို အာဏာပိုင်တို့အနေဖြင့် လေးလေးနက်နက် ထည့်သွင်းစဉ်းစားပြီး အကောင်

အထည်ဖော်ပေးရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားလူမျိုးများ ပါဝင်ခြင်းမရှိဘဲ ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်ခြင်း မရှိသလို၊ ပြည်ထောင်စုကြီးလည်း တည်ငြိမ်အေးချမ်းသာယာမှု ရရှိမည်မဟုတ်ပါ။

သို့ဖြစ်ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အထွေထွေသဟဇာတဖြစ်မှုကို ရှေ့ရှုရေးမူများအရ အကြောင်းအကျိုးညီညွတ်စွာ အကြံပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးလုပ်ငန်းကို အာဏာပိုင်တို့က စီမံဆောင်ရွက်ပေးရန် ထပ်မံ၍ အလေးအနက် တိုက်တွန်းလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး"ကိုလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း "စစ်မှန်သော ဒီမိုကရေစီနိုင်ငံရေးစနစ် ထွန်းကားရေး"ကိုလည်းကောင်း ဦးတည်နေသောကြောင့် မည်သို့ဆိုစေ မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ကြရန် နှစ်ဦးနှစ်ဘက် ရည်ရွယ်ချက်ခြင်း တူညီကြသည်ဟု ဆိုရပါမည်။ ထို့ကြောင့် နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ဒီမိုကရေစီအခြေခံမူများအရသာ ဆောင်ရွက်သင့်ပါသည်။

တိုင်းပြည်တွင် ယနေ့လက်ငင်း အမှန်တကယ် တွေ့ကြုံ ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသော နိုင်ငံ၏အထွေထွေအကျပ်အတည်းများကို တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများ အပါအဝင် အမျိုးသားအင်အားစုအားလုံးသည် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအတွင်းမှ အတူတကွ ပူးပေါင်းဖြေရှင်းကြရန် နိုင်ငံတကာအခြေအနေနှင့် ပြည်တွင်းအခြေအနေများကလည်း တောင်းဆိုနေပြီဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်သူများအားလုံး (all inclusive) ပါဝင်ပြီး၊ အချိန်ကာလသတ်မှတ်၍ တွေ့ဆုံ ဆွေးနွေး ညှိနှိုင်း အဖြေရှာကြမှသာ လျှင် နိုင်ငံရေးတည်ငြိမ်ပြီး၊ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် နိုင်ငံရေးအနှစ်သာရပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲများ အထမြောက်အောင်မြင်စေရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုင်းပြည်လွတ်လပ်ရေးနေ့ထူးနေ့မြတ်ကြီးတွင် နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးပေးရန် အထူးလိုအပ်ပေသည်။ ထို့ကြောင့် . . .

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)သည် စတင်အာဏာတည်ခြင်း မရှိသေးသောကြောင့် ပြန်လည်သုံးသပ်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ထုတ်ပြန်ထားသည့် ကြေညာချက်များနှင့်အညီ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်သည့် အနေဖြင့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူဖွဲ့စည်းပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ်မှုများကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်း ခံနေကြရသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော မင်းကိုနိုင်၊ ကိုကိုကြီး စသည့် (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်များအားလုံးတို့ကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(စ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ ငါးနှစ်ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

(ဆ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်များပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ လက်တွေ့ဆောင်ရွက်ပေးရန် ဤလွှတ်လပ်ရေးနေ့ကြီးတွင် လေးနက်စွာ တောင်းဆိုကြောင်း ကြေညာလိုက်သည်။

၁၇–၁၂–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလဆန်း (၄)ရက်

ကြေညာချက်အမှတ် – ၂ / ၀၁ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်နိုင်ငံရေးပါတီနှင့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူလူထု၏ လွတ်လပ်သောဆန္ဒအရ တစ်ခဲနက်ထောက်ခံထားသော တရားဝင် အနိုင်ရပါတီ ဖြစ်သည်နှင့်အညီ နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်နှင့် တိုင်းပြည်တွင် အမှန်တကယ်ဖြစ်ပေါ်နေသော အထွေထွေအကျပ်အတည်းများကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန် အစဉ်တစ်စိုက် ကြိုးပမ်းလျက်ရှိပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နှစ်ရှည်လများ ထိန်းသိမ်းထားခြင်းသည် မိမိတို့နိုင်ငံတွင် လက်ငင်းကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အထွေထွေအကျပ်အတည်းများကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန်အတွက် အဟန့်အတားဖြစ်စေပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရရှိနိုင်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အား ပြန်လည်လွှတ်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုများ၊ လူထုလူတန်းစားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်ရေးကိုလည်း ပြန်လည်တည်ဆောက်နိုင်မည်ဟု အလေးအနက် ခံယူပါသည်။

ထို့ကြောင့် နိုင်ငံတော်၏ လိုအပ်ချက်အရ တိုင်းသူပြည်သား လူအများစု၏ စစ်မှန်သောဆန္ဒတို့အရ နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေကြရသော သံဃာတော်အရှင်သူမြတ်များ၊ ခွန်ထွန်းဦး၊ မင်းကိုနိုင် အပါအဝင် နိုင်ငံရေးအကျဉ်းသမားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံရေးပါတီ (၇)ပါတီတို့က ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အထူးကြေညာချက်အမှတ် – ၁ / ၀၁ / ၀၉ ကို ထုတ်ပြန်ခဲ့ပါသည်။ ဤကြေညာချက်အား တိုင်းသူပြည်သားများက ဝိုင်းဝန်းထောက်ခံကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

၂၆–၀၁–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကြေညာချက်
ကြေညာချက်အမှတ် – ၃ / ၀၂ / ၀၉

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်ပေသည်။ မိမိတို့နိုင်ငံ လွတ်လပ်ရေးကြီး ပြန်လည်ရရှိရေးအတွက် တိုင်းရင်းသားလူမျိုးစုများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ကြရန် သန္နိဋ္ဌာန်ချခဲ့ကြသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ ဤနေ့သည် ပြည်ထောင်စုစိတ်ဓာတ် (ခေါ်) ပင်လုံစိတ်ဓာတ်ကို သန္ဓေတည်ခဲ့သည့်နေ့ ဖြစ်သလို၊ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် သမိုင်း၏ မီးရှူးတန်ဆောင်သဖွယ် ထွန်းပြောင်ခဲ့သော နေ့လည်းဖြစ်ပေသည်။

မိမိတို့တိုင်းပြည်၏ လွတ်လပ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် မော်ကွန်းထိုးခဲ့သော စည်းလုံးညီညွတ်မှု ရှိကြသည့်အပြင်၊ ဗိုလ်ချုပ်အောင်ဆန်းကို အမျိုးသားခေါင်းဆောင်ကြီးအဖြစ် အသိအမှတ်ပြု၍ ဦးဆောင်မှုကို ခံယူခဲ့ကြသည်။ ထို့ကြောင့် ဗြိတိသျှအစိုးရသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဆွေးနွေးရန်အတွက် ဖိတ်ကြားခဲ့ရသည်။ ဤသည်မှာ ''ညီညွတ်ခြင်းသည် အင်အား''ဖြစ်ကြောင်း ထင်ရှားစေပါသည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့တွင် နေသူရိန်အစည်းအဝေးကြီးက ထုတ်ပြန်ခဲ့သော . . .

''ဗမာပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်ပြီး အားလုံး၏ သဘောနှင့် ညီညွတ်စွာ ထူထောင်သော နိုင်ငံတည်ထောင်ရန်။ ဤသို့ တည်ထောင်ရာ၌ ပါဝင်သော လူမျိုးအသီးသီးအား မိမိတို့ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်သော အခွင့်အရေးများ ပေးထားရန်။''

ဟူသည့် ဆုံးဖြတ်ချက်နှင့် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဖ ဆ ပ လ)က ထုတ်ပြန်ခဲ့သော . . .

''တောင်တန်းဒေသများအား မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးပေးရန်''

ဟူသည့် ဆုံးဖြတ်ချက်တို့ကို ကိုင်ဆောင်၍ ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လန်ဒန်မြို့၌ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ၌ မိမိနိုင်ငံ တစ်နိုင်ငံလုံးနှင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူလူထုအားလုံး လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရန်မှာ အဓိကအချက်ဖြစ်သည်။ ထို့အတူ တိုင်းရင်းသားလူမျိုးစုများလည်း ပြည်မနှင့်အတူ တစ်ပြိုင်နက်တည်း လွတ်လပ်ရေးရရှိရန် ကိစ္စသည်လည်း အရေးကြီးသည့် အချက်တစ်ချက်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ငြိမ်းချမ်းစွာ တစ်ဘက်နှင့်တစ်ဘက် အပေးအယူပြုလုပ်၍ တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် သမိုင်းမော်ကွန်းဝင် ''အောင်ဆန်း–အက်တလီ စာချုပ်''ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြသည်။

အဆိုပါစာချုပ်တါင် တိုင်းရင်းသားလူမျိုးစုများအရေးနှင့် စပ်လျဉ်း၍ . . .

(၁) နယ်ခြားဒေသများတွင် နေထိုင်သောသူများ၏ လွတ်လပ်သော သဘောတူညီချက်နှင့် အချိန်မနှောင်း ပေါင်းစည်းခြင်းအောင်မြင်ရန်မှာ နှစ်ဦးနှစ်ဘက်ဖြစ်သော မြန်မာကိုယ်စားလှယ်များနှင့် ဗြိတိသျှအစိုးရတို့ သဘောတူပြီးသော ရည်ရွယ်ချက်ဖြစ်သည်။

(၂) တိုင်းရင်းသားများ၏ ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် နောက်လ (ဖေဖော်ဝါရီလ) တွင် ကျင်းပမည်ဖြစ်သော ပင်လုံကွန်ဖရင့်တွင်လည်းကောင်း၊ သို့မဟုတ် ဤကိစ္စအတွက် ကျင်းပသော အထူးကွန်ဖရင့်တွင်လည်းကောင်း၊ နယ်ခြားဒေသရှိ လူများ၏ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည်။"

ဟူ၍ ဖြစ်ပါသည်။

ဤ "အောင်ဆန်း–အက်တလီ စာချုပ်"ပါ သဘောတူ ဆုံးဖြတ်ချက်များအရ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် ညီလာခံကြီး စတင်ကျင်းပခဲ့ပြီး၊ မြန်မာ့လွတ်လပ်ရေး အတွက် သမိုင်းဝင် "ပင်လုံစာချုပ်"ကို ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ် တော်ကြီးများက ဂုဏ်ယူဝင့်ကြွားစွာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင်ကြီးမားမှု၊ တိုင်းချစ်ပြည်ချစ်စိတ်ပြင်းပြမှု၊ အမျိုးသားစိတ်ဓာတ်ပြည့်ဝမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ ရိုးသားဖြောင့်မတ်တည်ကြည်မှု၊ ဇွဲ လုံ့လ ဝီရိယ ရှိမှုတို့ကြောင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ယုံကြည်ကြသဖြင့် ဤ "ပင်လုံစာချုပ်"ကို ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ယင်းစာချုပ်တွင် တိုင်းရင်းသားလူမျိုးများအရေးနှင့် စပ်လျဉ်း၍ တိုင်းပြည်အတွက် အဓိကအရေးကြီးသည့် သဘောတူညီချက်များမှာ . . .

" × × × နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့် ရှိစေရမည် ဟူသောမူကို သဘောတူညီကြသည်"

(ပင်လုံစာချုပ် အပိုဒ်–၅)

နှင့်

"နယ်စပ်ဒေသများ၏ နယ်သူ/နယ်သားများတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိ အမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစားနိုင်ခွင့် ရှိစေရမည်။"

(ပင်လုံစာချုပ် အပိုဒ်–၇)

တို့ဖြစ်ပေသည်။ ဤစာချုပ်ကြီးသည် မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမှုကြီးတစ်ရပ် ဖြစ်သည့်အပြင် ဒီမိုကရေစီသဘောတရားများ၊ ပြည်ထောင်စုမူများကိုလည်း ကိုင်ဆွဲထား ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယင်းသဘောတရားနှင့် မူများပါဝင်ပြီး တိုင်းပြည်တည်သရွေ့ ထာဝစဉ်လိုအပ်နေ သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုနိုင်ခဲ့သည်။ အခြေခံအချက်မှာ တွေ့ ဆုံဆွေးနွေးခြင်း ရလဒ်ကြောင့်သာ မိမိတို့တိုင်းပြည် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စုနှင့်ပတ်သက်၍ ၁၉၄၆ ခုနှစ်၊ စက်တင် ဘာလ (၂၇)ရက်နေ့တွင် ကျင်းပခဲ့သော ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံတွင် အောက်ပါအတိုင်း လမ်းညွှန်မိန့် ကြားခဲ့သည်။

"ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘော တည်ထောင်မလား၊ လူမျိုးကြီး တမျိုးတည်းဘဲဆိုတဲ့ တိုင်းပြည်မျိုး (Unitary State) တည်ထောင်မလားဆိုတဲ့ မေးခွန်းကို ဖြေဆိုလိုတယ်။ ကျွန်တော့်အမြင်အရဆိုယင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်း ကမ်းသတ်မှတ်ပေးပြီးတော့ (Unitary State) လူမျိုးကြီးတမျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့မဖြစ် ဘူး။ ပြည်ထောင်စုသဘောမျိုးဘဲ ဖြစ်ရမှာဘဲ။ × × × "

(ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ စာမျက်နှာ–၁၀၉၊ ၁၁၀ မှ)

တစ်ဖန် ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မြေတည်းနေ တစ်ရေ တည်းသောက် စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးတို့သည် စည်းလုံးညီ ညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့၌ ပင်လုံမြို့ စော်ဘွားများ ညစာစားပွဲတွင် အောက်ပါအတိုင်း မြွက်ကြားခဲ့ပါသည်။

"တတိုင်းပြည်လုံး ကြီးပွားစေချင်ယင် လူအား၊ ငွေအား၊ ပစ္စည်းအားနှင့် စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာဘဲ။ ဗမာကတမျိုး၊ ကရင်ကတဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား၊ အကွဲကွဲ အပြားပြားလုပ်နေကြယင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ × × ×"

တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကို တန်းတူမှုဖြင့် ဖွဲ့စည်းရာ၌ ထားရှိအပ်သော ယနေ့အမျိုးသားရေးတာဝန်နှင့်ပတ်သက်၍ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၁၅)ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ညှိနှိုင်းဆွေးနွေးပွဲတွင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က . . .

"× × × ကျွန်မတို့လွတ်လပ်ရေးမရခင်က အမျိုးသားရေးတာဝန်ဟာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ရေး ဖြစ်ပါတယ်။ အဲဒီ အမျိုးသားရေးတာဝန်ကိုလည်း အားလုံး စည်းစည်းရုံးရုံး ဆောင်ရွက်နိုင်သဖြင့် အောင်မြင်ခဲ့တယ်။ ဒီနေ့ အမျိုးသားရေးဟာ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှရေးဖြစ်တယ်။"

"အဲဒီ အမျိုးသားရေးကို ဆောင်ရွက်နိုင်ဖို့အတွက် တစ်ခုနှင့်တစ်ခု ခေါင်းနဲ့ပန်းသဖွယ် ခွဲခြားလို့မရသလို ခွဲခြားမှုမပြုမှ ကျွန်မတို့မျှော်မှန်းတဲ့ တတိယ ပြည်ထောင်စုမြန်မာနိုင်ငံတော်ခေါ်ခေါ် ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ခေါ်ခေါ် တကယ်တန်း သာယာဝပြောတဲ့၊ တကယ်တန်း ငြိမ်းချမ်းသာယာတဲ့၊ တကယ်တန်း စည်းရုံးညီညွတ်တဲ့၊ တကယ်တန်း အစွန့်ရှည်တည်တံ့မယ့် တတိယ ပြည်ထောင်စုမြန်မာနိုင်ငံဟာ ဖြစ်ပေါ်လာလိမ့်မယ် × × ×"

ဟု ပြောကြားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အုတ်မြစ်ချတည်ဆောက်ပေးခဲ့သော ပင်လုံစိတ်ဓာတ် သို့မဟုတ် ပြည်ထောင်စုစိတ်ဓာတ် မည်မျှအတိုင်းအတာထိ ရှင်သန်ဖွံ့ဖြိုး ခိုင်မာနေပြီဆိုသည်ကို ဆန်းစစ်သုံးသပ်ကြည့်ရန် အမှန်တကယ်လိုအပ်နေပါသည်။ ယနေ့အချိန်အခါတွင် ပင်လုံစာချုပ်၏ရည်ရွယ်ချက်များ ဆိတ်သုဉ်းနေသလို တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားနေပြီး ဒီမိုကရေစီအခွင့်အရေးများလည်း ဆုံးရှုံးနေပါသည်။ အမျိုးသားသွေးစည်းညီညွတ်ရေး ဝေးကွာနေကာ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာလည်း ကွယ်ပျောက်လျက်ရှိပါသည်။

နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်သာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းမရှိဘဲ၊ မည်သည့် နိုင်ငံရေးပြဿနာများကိုမျှ ပြေလည်အောင် ဖြေရှင်းနိုင်မည် မဟုတ်ပေ။ ထိုနည်းတူ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲ တည်ငြိမ်အေးချမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မည်သို့မျှ တည်ဆောက်နိုင်မည် မဟုတ်ပေ။ နိုင်ငံတကာတွင်လည်း မည်သည့်ပဋိပက္ခများ၊ ပြဿနာများကိုမဆို တစ်ဘက်ဘက် အင်အားသုံး၍ မဖြေရှင်းကြဘဲ၊ တစ်ဘက်နှင့်တစ်ဘက် တွေ့ဆုံဆွေးနွေး၍ ငြိမ်းချမ်းစွာဖြေရှင်းနေကြသဖြင့် ပြေလည်ကြသည့် သာဓကများလည်း ရှိပါသည်။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် အမှန်တကယ် ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အထွေထွေအကျပ်အတည်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခက်အခဲများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် အဓိကတာဝန်ရှိသည်နှင့်အညီ တိုင်းပြည်နှင့် ပြည်သူလူထု၏ ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးစီးပွားများကို မျှော်ကိုး၍ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မလွဲမသွေ ပြန်လည်တည်ဆောက်ကြရန် အထူးလိုအပ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးမှသည် တိုင်းရင်းသားလူမျိုးများအားလုံး သွေးစည်းညီညွတ်သည့် အစွန့်ရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုနိုင်ငံတော်ကို တည်ထောင်နိုင်ရန်အတွက် ပကတိအခြေအနေများ၏ တောင်းဆိုချက်များနှင့်အညီ နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးပေးရန် အထူးလိုအပ်ပေသည်။

သို့ပါ၍ . . .

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)သည် စတင်အာဏာတည်ခြင်း မရှိသေးသောကြောင့် ပြန်လည်သုံးသပ်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ထုတ်ပြန်ထားသည့်ကြေညာချက်များနှင့်အညီ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေ

ထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား နိုင်ငံတော်၏လိုအပ်ချက်အရ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွှန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော မင်းကိုနိုင်၊ ကိုကိုကြီး စသည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ ၄၊ နှစ်ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွှတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

(ဆ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည် မှတ်ပုံတင်ခွင့်ပေး၍ လွှတ်လပ်စွာစည်းရုံး လှုပ်ရှားခွင့်များပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ လက်တွေ့ဆောင်ရွက်ပေးရန် ဤသမိုင်းဝင် ပြည်ထောင်စုနေ့ကြီးတွင် အလေးအနက် ခိုင်မာစွာ တောင်းဆိုကြောင်း ကြေညာလိုက်သည်။

၂၂–၁–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈)ရက်

အထူးကြေညာချက်အမှတ် – ၂ / ၀၂ / ၀၉

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၂၀၀၇ ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်၏ အပိုဒ်(၇)တွင် ပါရှိသည့် အချက်များအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ငြင်းခုံရေးသားနေကြမည့်အစား အဆုံးအဖြတ်ပေးနိုင်သည့် အဆိုပါပုဂ္ဂိုလ်ကြီးနှစ်ဦးတို့သည် ကြိုတင်၍ စည်းကမ်းသတ်မှတ်ချက်များမထားဘဲ ကိုယ်တိုင်ကိုယ်ကျ အမြန်ဆုံး တွေ့ဆုံဆွေးနွေးညှိနှိုင်းကြခြင်းသည်သာ တိုင်းပြည်အတွက် အထူးတလည် အကျိုးကျေးဇူးများ ပေါ်ပေါက်လာနိုင်ရန် အသင့်လျော်ဆုံးနည်းလမ်းဖြစ်ပါသည်။ သို့ကြောင့် မည်သည့်ပြဿနာများကိုမဆို တစ်ဦးနှင့်တစ်ဦး စာပေးစာယူပြုကြမည့်အစား မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန်သာ ဖြစ်ပါသည်။

၂။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ပြည်တွင်းပြဿနာများကိုလည်းကောင်း၊ နိုင်ငံအချင်းချင်းပြဿနာများကိုလည်းကောင်း၊ အပေးအယူပြုလုပ်ကြ၍ တွေ့ဆုံဆွေးနွေးကြခြင်းမှာ ကမ္ဘာ့ရွာ (Globalization) ခေတ်တွင် နိုင်ငံတကာကျင့်စဉ် ဖြစ်နေပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ကြိုတင်စည်းကမ်းသတ်မှတ်ချက်များမထားဘဲ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ အာဏာပိုင်တို့ကလည်း တွေ့ဆုံဆွေးနွေးရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ထားသည်ဟု ပြောကြားခြင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုပါသည်။ “အစဉ်အမြဲ တံခါးဖွင့်ထားသည်”ဟူသည်နှင့်အညီ တွေ့ဆုံဆွေးနွေးကြပြီး ပြဿနာများဖြေရှင်းကြရန် အထူးလိုအပ်ပါသည်။

၃။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တွေ့ဆုံဆွေးနွေးရေးကိစ္စနှင့် စပ်လျဉ်း၍ မြန်မာပြည်သူလူထုအတွက် အကျိုးပြုမည့် ရလဒ်ကောင်းများ ရဖို့ဆိုလျှင် ပြင်သာပြောင်းသာစွာဖြင့် တွေ့ဆုံဆွေးနွေးမည်ဟု ၂၀၀၂ ခုနှစ်၊ မေလ (၆)ရက်နေ့တွင် လူသိရှင်ကြား သဘောထားထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၄။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် – ၁/၂၀၀၇ ၏ အပိုဒ်(၇) တွင်ပါရှိသော ထိပ်တိုက်ရင်ဆိုင်ရေး (confrontation)၊ အလုံးစုံပျက်သုဉ်းရေး (utter devastation)၊ စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေး၊ အလုံးစုံပိတ်ဆို့ရေးတို့သည် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးပြုခြင်းမရှိပါ။ ထို့ကြောင့် ယင်းကိစ္စရပ်များ မဖြစ်ပေါ်ရအောင် နှစ်ဦးနှစ်ဘက် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သဘောတူညီချက်များကိုလည်း နှစ်ဦးနှစ်ဘက် အတူတကွ ကြေညာချက်ထုတ်ပြန်ကြရန် အသင့်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်မှတစ်ဆင့် အာဏာပိုင်တို့ထံ အသိပေးခဲ့ပြီး ဖြစ်ပါသည်။ သို့ပါသဖြင့် ယင်းကိစ္စရပ်များကို အဆုံးအဖြတ်ပေးနိုင်ကြမည့် ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့သည် လက်တွေ့ကျကျ မလွဲမသွေ တွေ့ဆုံဆွေးနွေးကြပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စိတ်စေတနာကောင်းမွန်စွာဖြင့် တိုက်တွန်းကြောင်း ထပ်မံ၍ အလေးအနက်ကြေညာလိုက်ပါသည်။

၅။ အခြားကိစ္စရပ်တစ်ခုမှာ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်ကို ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့တွင် တွေ့ဆုံရန် ငြင်းပယ်ခဲ့ခြင်း မဟုတ်ပါ။ မတွေ့နိုင်သေးခြင်းသာ ဖြစ်ပါသည်။ တွေ့ဆုံကြလျှင်လည်း တိုင်းပြည်နှင့် လူမျိုးအတွက် ရလဒ်ကောင်းများ ရဖို့သာ အဓိကဖြစ်ပါသည်။

၆။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေးအရာရှိ မစ္စတာအီဘရာဟင်ဂမ်ဘာရီနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်နေ့တွင် တွေ့ဆုံရာ၌ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိရန် ကြိုးပမ်းအားထုတ်သူများကို တရားစွဲဆိုရာ၌ အကျိုးဆောင်ရှေ့နေဖြင့် ခုခံချေပခွင့် မရခြင်း၊ တရားစစ်ဆေးသည့် ရုံးခန်းထဲသို့ ရှေ့နေများကို ဝင်ခွင့် မပြုခြင်း၊ နှစ်ရှည်လများ ပြစ်ဒဏ်များ ကျခံစေခြင်း၊ အယူခံမှုများကို ဥပဒေနှင့်အညီ ဆုံးဖြတ်မှု မရှိခြင်းတို့သည် တရားဥပဒေစိုးမိုးမှု မရှိခြင်းကို ပေါ်လွင်စေကြောင်း ပြောကြားခဲ့ပါသည်။ ဤသို့ပြောကြားခြင်းမှာ အာဏာပိုင်တို့၏ နိုင်ငံရေးဦးတည်ချက်တွင် ပါဝင်သော "တရားဥပဒေစိုးမိုးရေး"ကို အလေးအနက်ထားခြင်း ဖြစ်ပါသည်။

၇။ တဖန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေးအရာရှိနှင့် တွေ့ဆုံရာတွင် အခြားဆွေးနွေးသည့် အချက်မှာ မိမိတိုင်းပြည်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖြစ်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ အဖွဲ့ချုပ်၏ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့သည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး လုပ်ရသည့်အကြောင်းရင်းနှင့် မည်သို့မည်ပုံ လုပ်မှာလဲဆိုသည့် အချက်အလက်များကို မသိရသေး၍ မဆွေးနွေးနိုင်သေးကြောင်းတို့ ဖြစ်ပါသည်။

၈။ ထို့အပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒီမိုကရေစီအင်အားစုများသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးသို့ ဦးတည်၍ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များမထားဘဲ ဆွေးနွေးကြရန် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

၉။ အဆိုပါထုတ်ပြန်ချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။ သို့သော် ဤအချက်နှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သူမနာကိုယ်မနာလမ်းစဉ်ဖြင့် အလျော့အတင်းလုပ်၍ တွေ့ဆုံဆွေးနွေးကြရန် အမြဲတစေ ကြိုးပမ်းလျက်ရှိသော်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်အောင် ယနေ့တိုင် အကောင်အထည်ဖော်ပေးခြင်း မရှိသေးသည်ကို တွေ့ရှိရပါသည်။

၁၆-၂-၀၉ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၀)ရက်

အထူးကြေညာချက်အမှတ် – ၃ / ၀၂ / ၀၉

၁။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ အထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီသည် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်မှ ဖေဖော်ဝါရီလ (၃)ရက်နေ့အထိ မြန်မာနိုင်ငံသို့ (၇)ကြိမ်မြောက် လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ ဖေဖော်ဝါရီလ (၂)ရက် နံနက်ပိုင်းတွင် (၁း၁၅)နာရီခန့်ကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

၂။ ယင်းသို့တွေ့ဆုံရာတွင် . . .

(က) မြန်မာ့နိုင်ငံရေး တိုးတက်ပြောင်းလဲရေးအတွက် အရေးတကြီးလိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိရန်အလို့ငှာ နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် လိုအပ်ပါကြောင်း၊

(ခ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ မျက်နှာချင်းဆိုင်တွေ့ဆုံကာ နိုင်ငံ့ရေးရာပြဿနာများကို ဆွေးနွေးဖြေရှင်းသင့်ပါကြောင်း၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ် ဆိုသည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လက်မခံနိုင်ပါဟု ကြေညာထားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ကို ပြန်လည်သုံးသပ်နိုင်မည့် နည်းလမ်းများကိုလည်း အကြံပြု တင်ပြ တောင်းဆိုထားပြီးဖြစ်ပါကြောင်း၊

တို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆွေးနွေးခဲ့ပါသည်။

၃။ မစ္စတာအီဘရာဟင်ဂမ်ဘာရီကလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဆန္ဒရှိနေပါကြောင်း၊ သို့ရာတွင် ထင်သာမြင်သာရှိသော တိုးတက်မှုတစ်ခုခု ရရှိနိုင်မှသာ လာလိုသည်ဟုလည်း မစ္စတာဘန်ကီမွန်းကပြောကြားထားကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယခုတင်ပြတောင်းဆိုထားသည့် အချက်(၄)ချက်အနက် ဦးစားပေးချင်ဆုံးအချက်ကို သိလိုပါကြောင်း ပြန်လည်ဆွေးနွေးသည်။ သို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရေးကို နံပါတ်တစ်ဦးစားပေးအဖြစ် ပြောကြားခဲ့ပါသည်။

၄။ ဖော်ပြပါဖြစ်စဉ်များကို ထောက်ချင့်ကြည့်လျှင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား အဓိပ္ပာယ်လေးနက်သည့် တွေ့ဆုံဆွေးနွေးပွဲအတွက်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုတင်စည်းကမ်းသတ်မှတ်ချက် (preconditions) ထားချင်းမရှိသည်မှာ ထင်ရှားပါသည်။

၅။ မြန်မာ့နိုင်ငံရေးအကျပ်အတည်း ပြေလည်စေရေးအတွက် ကိုယ်တိုင်ကိုယ်ကျ စိတ်ဝင်စားစွာ တာဝန်ယူကြိုးပမ်းနေသောကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

က အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ မကြာမီ လာရောက်လည်ပတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း နှင့် ယင်းခရီးစဉ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုပါကြောင်းတို့ကို ကြေညာလိုက်သည်။

၁၆–၂–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၀)ရက်

အထူးကြေညာချက်အမှတ် – ၄ / ၀၂ / ၀၉

၁။ မြန်မာ့နိုင်ငံရေးအကျပ်အတည်း ပြေလည်ရေးနှင့် ဒီမိုကရေစီပြောင်းလဲတိုးတက် ဖြစ်ထွန်းစေရေးတို့အတွက် ကြားဝင်ကြိုးပမ်းပေးနေသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ အထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီသည် မြန်မာနိုင်ငံသို့ သတ္တမမြောက်ခရီးအဖြစ် လာရောက်လည်ပတ်ခဲ့သည်။ အပြန်ခရီးတွင် ဂျပန်နိုင်ငံသို့ဝင်ရောက်ကာ ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ့အရေးနှင့်ပတ်သက်၍ သဘောထားတစ်ရပ် ထုတ်ပြန်ခဲ့သည်ကို ကြားသိရပါသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရှင်းလင်းတင်ပြချက်များဖြစ်သော . . .
(က) နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရေး၊
(ခ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံကာ နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော ဆွေးနွေးပွဲများ အမြန်ဆုံးစတင်နိုင်ရေး၊
(ဂ) ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးကာ၊ ယင်းပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ကို ပြန်လည်သုံးသပ်ရေးကော်မတီ ဖွဲ့စည်းပြီး၊ ယင်းကော်မတီက ပြန်လည်သုံးသပ်ရေးလုပ်ငန်းကို (၆)လအတွင်း အပြီးဆောင်ရွက်ရေး၊
စသည့်အချက်များ ပေါ်ပေါက်လာခြင်း မရှိသေးပါ။

၃။ မစ္စတာအီဘရာဟင်ဂမ်ဘာရီနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့၏ ပူးတွဲကြေညာချက်တွင် နိုင်ငံတကာက ချီးကျူးလောက်သည့် ပုံသဏ္ဌာန်ဖြစ်အောင် ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ကျင်းပရန် မြန်မာအာဏာပိုင်တို့ကို တိုက်တွန်းခြင်းအပေါ် သဘောတူညီကြသည်ဟု ကြားသိရပါသည်။ ဤသည်မှာ မြန်မာ့နိုင်ငံရေး ပြောင်းလဲတိုးတက်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလေးအနက်တင်ပြချက်များနှင့်လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံအသီးသီး၏ ဆုံးဖြတ်ချက်များဖြစ်သော ၁၉၉၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရေးဟူသော အချက်နှင့်လည်းကောင်း ညီညွတ်ခြင်းမရှိပါသဖြင့် အထူးစိုးရိမ်မိပါသည်။

၄။ မည်သို့ပင်ဖြစ်စေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကမ္ဘာ့ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု မကြာခဏကြေညာခဲ့ပြီးဖြစ်ပါသည်။ ၎င်းပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း တွေ့ဆုံဆွေးနွေးမှုများအောင်မြင်ရေး အထောက်အကူဖြစ်စေရန် ကုလသမဂ္ဂ၏ လိုအပ်သော အခန်းကဏ္ဍများကိုလည်း ကြိုဆိုကြောင်း ပြောကြားခဲ့ပြီး ဖြစ်ပါသည်။

၁၆–၂–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ခင်ကျော်ဟန် (ရေနံချောင်း)

ဖဆပလအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄)ရက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အထူးကြေညာချက်အမှတ် – ၂/၀၂/၀၉ ၏ အပိုဒ် (၄)၊ စာကြောင်းရေ (၄) တွင် ပါရှိသော . . .

"အကျိုးပြုခြင်းမရှိပါ။ ထို့ကြောင့်" စကားရပ်အစား "အကျိုးပြုခြင်းမရှိပါဟု ဆိုသောကြောင့်"ဟူ၍ ဖတ်ရှုပါရန်။

၂၃–၂–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မတ်လ (၂၃)ရက်
၁၃၇၀ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်

ကြေညာချက်အမှတ် – ၄ / ၀၃ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၁၆–၃–၀၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေက ၁၉–၃–၀၉ နေ့၌ ပေးပို့ခဲ့သော စာပါအကြောင်းအရာ များကို သိသာရန် ထုတ်ပြန်လိုက်ပါသည်။

"(စ)" အကြောင်းအရာ ။ ။ <u>ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး တွေ့ဆုံခွင့် ရရှိရေး။</u>

ရည်ညွှန်းချက် ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်စွဲပါ စာအမှတ် – ၀၀၈ (စည်း) / ၀၁ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင် ရပ်တည်လျက်ရှိသော နိုင်ငံရေးပါတီတစ်ခုဖြစ်သောကြောင့် အဖွဲ့ချုပ်၏ မူဝါဒသဘောထားများ၊ စည်းမျဉ်းများ၊ ရည်ရွယ်ချက်များ၊ ရေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် အထူးလိုအပ်ပါသည်။

ဤကဲ့သို့ ချမှတ်နိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး တွေ့ဆုံ ညှိနှိုင်း ဆွေးနွေး၍ ဆုံးဖြတ်ကြရမည့်အချိန် ရောက်နေပြီ ဖြစ်ပါသည်။ ထို့ကြောင့် အထက်ရည်ညွှန်းချက်ပါစာဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအားလုံး တွေ့ဆုံခွင့် ရရှိရေး အတွက် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်း၊ စီစဉ်ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါ။

သို့ပါသဖြင့် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအားလုံး တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးခွင့် ရရှိရေး အတွက် အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးပါရန် ထပ်မံအကြောင်းကြားအပ်ပါသည်။

၁၆–၃–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ "(ဆုံး)"

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မတ်လ (၂၇)ရက်
၁၃၇၀ ခုနှစ်၊ တန်ခူးလဆန်း (၂)ရက်

(၆၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့
ကြေညာချက်အမှတ် – ၅ / ၀၃ / ၀၉

ယနေ့သည် (၆၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ဖြစ်ပေသည်။ ဤတော်လှန်ရေးကြီးသည် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ စစ်မှန်သော မျိုးချစ်ခေါင်းဆောင်များက ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် လက်နက်စွဲကိုင်၍ အံကြွတော်လှန် တိုက်ခိုက်မှုကြီး ဖြစ်ခဲ့ပေသည်။

ကိုလိုနီနယ်ချဲ့တို့သည် (၁၈၈၅) ခုနှစ်တွင် ကျွန်ုပ်တို့မြန်မာနိုင်ငံကို အပြီးတိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ ထို့ကြောင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကြီး ဆုံးရှုံးသွားခဲ့ရပေသည်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အုပ်ချုပ်လျက် အထင်ကရတည်ရှိခဲ့သော လွတ်လပ်သည့်နိုင်ငံတော်အဖြစ်မှ နယ်ချဲ့တို့၏လက်အောက်ခံ နိုင်ငံတစ်ခုအဖြစ်သို့ ကျရောက်ခဲ့ရပေသည်။ ထိုစဉ်ကပင် မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့တို့၏အုပ်ချုပ်မှုကို လက်ခံနိုင်ခဲ့ခြင်း လုံးဝမရှိခဲ့ပေ။ အခါအခွင့်သင့်တိုင်း နယ်ချဲ့တို့အား တော်လှန်တိုက်ခိုက်၍ ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးကြီး ပြန်လည်ရရှိရန် လက်ရုံးရည်၊ နှလုံးရည်၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှ နည်းအမျိုးမျိုးကိုကျင့်သုံးလျက် အစဉ်တစ်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။ သို့သော်လည်း . . .

(၁) နယ်ချဲ့တို့နှင့် လက်နက်အင်အား မယှဉ်နိုင်ခြင်း၊
(၂) စစ်ဆင်ရေး ဆင်နွှဲနိုင်ရန် လေ့ကျင့်မှု မရှိခြင်း၊
(၃) စစ်ရေးအရ ကွပ်ကဲမှု၊ ကြီးကြပ်မှုအတွက် တစ်ဦးတည်းသော ခေါင်းဆောင်မှု မရှိခြင်း၊
(၄) တစ်စုတည်း စည်းရုံးနိုင်မှု မရှိခြင်း၊
(၅) စည်းလုံးညီညွတ်သည့် စနစ်ကျသော တော်လှန်ရေးကြီးဖြစ်လာအောင် မဆောင်ရွက်နိုင်ခြင်း၊

တို့ကြောင့် လက်နက်ကိုင်တော်လှန်ရေးများမှာ အောင်မြင်ခြင်း မရှိခဲ့ပါ။

(၁၉၃၀) ပြည့်နှစ်တွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားထုကြီးသည် နယ်ချဲ့တို့၏ ဖိနှိပ် ချုပ်ချယ်မှု အမျိုးမျိုးမှ လွတ်မြောက်ရန် တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ သို့သော် စနစ်ကျသော စည်းရုံးရေးနှင့် ဆောင်ရွက်ချက်များ မဟုတ်သည့်အပြင် လက်နက်ချင်း မယှဉ်နိုင်ခြင်း၊ လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုမရှိခြင်း တို့ကြောင့် မှေးမှိန်ပျောက်ကွယ်ခဲ့ရသည်။

၎င်းပြင် ၁၉၃၈ ခုနှစ်တွင် "၁၃၀၀ ပြည့် အရေးတော်ပုံ"ကြီး ပေါ်ပေါက်ခဲ့သည်။ ၎င်းအရေးတော်ပုံသည် နယ်ချဲ့တို့အား လူထုနည်းဖြင့် စနစ်တကျတော်လှန်ခဲ့သော ကြိုးပမ်းဆောင်ရွက်မှု ဖြစ်ခဲ့သည်။ ထိုလူထုတိုက်ပွဲကြောင့် အလုပ်သမားအရေး၊ တောင်သူလယ်သမားအရေး၊ ကျောင်းသားအရေးတို့မှတစ်ဆင့် အမျိုးသားလွတ်မြောက်ရေး၊ လုံးဝလွတ်လပ်ရေး မှန်ဦးသို့ ပို့ဆောင်ဦးတည်စေခဲ့သည်။ မိမိတိုင်းပြည် လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် ငြိမ်းချမ်းသောလှုပ်ရှားမှုဖြင့် အောင်မြင်ခြင်းမရှိခဲ့သည့် သခင်ခန်းစာများကို ရယူ၍ သခင်အောင်ဆန်းနှင့်တကွ မျိုးချစ်သခင်လူငယ်များ၊ ကျောင်းသားလူငယ်များ ပါဝင်သော "တို့ဗမာအစည်းအရုံးကြီး"က လက်နက်ကိုင်တော်လှန်ရေးအား အသုံးပြုခြင်းဖြင့်သာ လွတ်လပ်ရေးကို ရရှိနိုင်မည်ဟု အဆုံးအဖြတ်ပေးခဲ့သည်။

သို့ကြောင့် စစ်ပညာသင်ယူရေး၊ လူအင်အားစုဆောင်းရေး၊ လက်နက်ခဲယမ်းမီးကျောက်ရယူရေး၊ နိုင်ငံရေးပါတီများစည်းလုံးညီညွတ်ရေးမှအစ ပြည်သူလူထုတစ်ရပ်လုံး သွေးစည်းညီညွတ်ရေးတို့သည် အထူးလိုအပ်ချက်များ ဖြစ်လာသည်။ အထူးသဖြင့် လက်နက်ခဲယမ်းမီးကျောက်ရရှိရန်နှင့် လူအင်အားစုဆောင်းပြီး စစ်ပညာသင်ယူရေး

အတွက် ကြိုးပမ်းဆောင်ရွက်ရန် "ဗမာ့ထွက်ရပ်ဂိုဏ်း"ကြီးကို (၁၉၃၉) ခုနှစ်၊ အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည်။ "ဗမာ့ထွက်ရပ်ဂိုဏ်း"၏ အတွင်းရေးမှူးအဖြစ် သခင်အောင်ဆန်းက ဆောင်ရွက်ခဲ့သည်။

ဤအဖွဲ့ကြီးသည် ဂျပန်စစ်တပ်ခေါင်းဆောင်အချို့နှင့် အဆက်အသွယ်ရရှိခဲ့သည်။ သို့ပါသဖြင့် သခင်အောင်ဆန်းဦးဆောင်သည့် "တို့ဗမာအစည်းအရုံး"ဝင် သခင်လူငယ်များ၊ ကျောင်းသားလူငယ်များ ပါဝင်သော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်စစ်တပ်ကသင်ကြားပေးသည့် စစ်ပညာကို ရယူခဲ့ကြရသည်။ သခင်အောင်ဆန်းနှင့် နယ်ချဲ့ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးခေါင်းဆောင်များသည် နယ်ချဲ့ကို လက်နက်ဖြင့် တော်လှန်တိုက်ခိုက်နိုင်ရန် ဂျပန်စစ်တပ်၏အကူအညီကို ရယူခဲ့ကြရသည်။ မိမိတိုင်းပြည် ပြန်လည်လွတ်မြောက်ရေးအတွက် နိုင်ငံခြားအဆက်အသွယ်နှင့် လက်နက်ခဲယမ်းမီးကျောက်ရရှိရန် လိုအပ်သဖြင့် ဂျပန်စစ်တပ်များနှင့် ပူးပေါင်းခဲ့ရခြင်းဖြစ်ပါသည်။

သို့နှင့် (၁၉၄၁) ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ပါသည်။ ဤသို့ စတင်ဖွဲ့စည်းခဲ့သည့်အချိန်ကပင် ဗိုလ်ချုပ်အောင်ဆန်းက . . .

> "× × × ရဲဘော်တို့ ငါတို့မှာ စစ်တိုက်ယင်း စားသောက်ကြရန် စားရေရိက္ခာ အစားအစာဆိုလို့ လုံးဝမရှိ၊ ဝတ်ဆင်ကြစရာ အဝတ်ဆိုလို့လဲ တထည်တပိုင်းမျှမရှိ၊ ဒါကြောင့်မို့လို့ ရဲဘော်တို့သည် စစ်ပွဲတလျှောက်မှာ အိပ်ကြရဖို့မြေကြီး၊ စားသောက်ကြစရာဆိုလို့ ကျောက်ခဲနဲ့သလဲပဲ ရှိကြမယ်။ ဒါပဲ ငါတတ်နိုင်တယ်။ ဒီဗမာ့လွတ်လပ်ရေးတပ်မတော်အတွင်း ဝင်ရောက်စစ်မှုထမ်းကြခြင်းဖြင့် ရာထူးစသည့် အခွင့်အရေး ရရှိကြလိမ့်မည်၊ သူဌေးသူကြွယ်ကြီးများ ဖြစ်ကြရလိမ့်မည်ဟု မမျှော်လင့်ကြပါနဲ့၊ အကြီးဆုံးလာဘ်ကတော့ သေမင်းပဲ။"

ဟု မိန့်ကြားခဲ့ပေသည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် ပင်မသည် စစ်ကြောင်းများဖွဲ့၍ မိမိတိုင်းပြည်ထဲသို့ ဝင်ရောက်ကြကာ နယ်ချဲ့တို့အား တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ပြည်တွင်းသို့ ပင်မတပ်မတော် မဝင်ရောက်မီကပင် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ရဲဘော်အချို့သည် ပြည်တွင်းရှိ နိုင်ငံရေးပါတီအသီးသီးက ဖွဲ့စည်းထားသည့် ကလပ်စည်းများနှင့် မြေအောက်တော်လှန်ရေးအတွက် ပြောက်ကျားများဖွဲ့၍ စစ်ပညာများသင်ကြားပေးကာ လူထုစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မိမိတိုင်းပြည်၏ မြို့တော် ရန်ကုန်မြို့ကို (၁၉၄၂) ခုနှစ်၊ မတ်လတွင်လည်းကောင်း၊ တစ်တိုင်းပြည်လုံးကို မေလကုန်ခန့်တွင်လည်းကောင်း အောင်မြင်စွာ တိုက်ခိုက်သိမ်းယူနိုင်ခဲ့ကြသည်။ ပြည်သူလူထုက ၎င်းတို့၏ဆန္ဒသဘောထားအရ မည်သူတစ်ဦးတစ်ယောက်၏ အတင်းအဓမ္မ တိုက်တွန်းခြင်းမရှိဘဲ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်မှုအင်အားကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။

သို့သော် တိုင်းပြည်လွတ်လပ်ရေးက ပြန်လည်မရရှိသေးပါ။ မိမိတိုင်းပြည်သည် နယ်ချဲ့အောက်မှ စစ်ဝါဒီဖက်ဆစ်များလက်အောက်သို့ တစ်ဖန်ကျရောက်ခဲ့ရပြန်သည်။ ရန်ကုန်မြို့တော်ကို သိမ်းပိုက်ပြီးပါက ဗမာပြည်လွတ်လပ်ရေးကြေညာပေးမည်ဟု ကတိပြုခဲ့သော်လည်း (၁၉၄၂) ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် ရန်ကုန်မြို့ကို သိမ်းပိုင်ပြီးသည့်အခါ လွတ်လပ်ရေးပေးရန် အချိန်စောသေးသည်ဟု အကြောင်းပြခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို (၁၉၄၂) ခုနှစ်၊ မေလတွင် သိမ်းပိုက်ပြီးခဲ့သော်လည်း တိုင်းပြည်လွတ်လပ်ရေးကို ကြေညာခြင်းမပြုခဲ့ပေ။

ဖက်ဆစ်များသည် ၎င်းတို့ပေးခဲ့သော ကတိကဝတ်များကို ဖောက်ဖျက်ရုံသာမက ရက်စက်ကြမ်းတမ်းမှု၊ မတရားမှု မြောက်မြားစွာတို့ကို လုပ်ဆောင်လာခဲ့ကြသည်။ ဆိုးရွားလာသော ဖက်ဆစ်စနစ်ကိုကျင့်သုံးကာ နိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သည်။ ဆန်စပါး၊ သယံဇာတများကို သွေးစုပ်ယူခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးအဖွဲ့ကလည်း မျိုးချစ်လူငယ်တို့ကို ဖမ်းဆီးချုပ်နှောင် သတ်ဖြတ်ခဲ့ကြသည်။ (၁၉၄၃) ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် စစ်မှန်သော လွတ်လပ်ရေးမဟုတ်ဘဲ အတုအယောင်လွတ်လပ်ရေးကိုသာ ဖက်ဆစ်တို့က ပေးခဲ့သည်။ ၎င်းတို့ကိုယ်တိုင်ပေးထားသည့် ကတိကဝတ်များကို သိက္ခာမဲ့စွာ လျစ်လျူရှုခဲ့သည်။ ရုပ်သေးအစိုးရတစ်ခုကို ဖွဲ့စည်းပေးခဲ့သည်။ ဤသည်များကို ပြည်သူလူထုက သဘောမတူ လက်မခံနိုင်ကြပါ။ ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့ပေသည်။

ဂျပန်ကပေးသော အတုအယောင် လွတ်လပ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက . . .

"× × × မြန်မာပြည်သူပြည်သားများသည် လွတ်လပ်ရေးအရသာကို မခံစားရသေးကြောင်း၊ ယခုရရှိထားသော လွတ်လပ်ရေးသည် စာရွက်ပေါ်၌ ရေးသားထားသော လွတ်လပ်ရေးမျှသာဖြစ်ကြောင်း၊ လွတ်လပ်ရေးအစစ်အမှန် ရရှိရေးအတွက် ရှေ့ဆက် စခန်းသွားရန်နှင့် စွန့်စားရန် လိုအပ်ကြောင်း × × ×"

ဟု (၁၉၄၄) ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် မိန့်ကြားခဲ့သည်။

သို့နှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ်ခေါင်းဆောင်ကြီးများသည် ဖက်ဆစ်တော်လှန်ရေးအတွက် အစီအစဉ်များရေးဆွဲခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးခေါင်းဆောင်၍ တပ်မတော်၊ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီ (နောင်တွင် ဆိုရှယ်လစ်ပါတီ) တို့သည် တစ်စိတ်တစ်ဝမ်းတည်း သွေးစည်းညီညွတ်စွာ ပူးပေါင်းကြပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို (၁၉၄၄) ခုနှစ်၊ ဩဂုတ်လ (၄)ရက်နှင့် (၇)ရက်အတွင်း ပဲခူးမြို့ရှိ စံပြတပ်ရင်းတွင် ဖွဲ့စည်းခဲ့ကြသည်။

မူရင်းကြေညာချက်၏ စာမျက်နှာ(၃) ဖြည့်စွက်ရန် . . .

ဤသည်မှာ တပ်မတော်အတွက် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင် လမ်းညွှန်မိန့်ခွန်းများ ဖြစ်ပေသည်။ သို့မှသာလျှင် တပ်မတော်သည် ပြည်သူလူထု၏ ထာဝစဉ်အားကိုးအားထားပြုရသော လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်ပေမည်။ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း တပ်မတော်နှင့်ပတ်သက်၍ ရိုးသားပွင့်လင်းစွာ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် ကြိုးပမ်းတဲ့ မြန်မာ့ခေါင်းဆောင်ကြီးများဟာ ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ်နဲ့ ထူထောင်ခဲ့တာ ဖြစ်ပါတယ်။ လွတ်လပ်ရေးရဖို့အတွက်လည်း ပြည်သူလူထုနဲ့ တပ်မတော်သားများအားလုံး လက်တွဲပြီးတော့ ကြိုးပမ်းခဲ့လို့ ရခဲ့တာဖြစ်ပါတယ်။ ခုချိန်မှာ ဒီမိုကရေစီရရှိရေးအတွက် ပြည်သူလူထုနဲ့ တပ်မတော်လက်တွဲပြီး လုပ်ဖို့ဟာ လိုပါတယ်။"

"× × × အခုအချိန်မှာဆိုလို့ရှိရင် တစ်ချို့သူတွေဟာ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင်လို့ အမျိုးမျိုးပြောကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားကို မလိုလားသယောင်ယောင်၊ တပ်မတော်ရဲ့အကျိုးစီးပွားကိုပဲ မလိုလားသယောင်ယောင် ပြောဆိုကြပါတယ်။ ဒါပေမယ့် ကျွန်မတို့ဟာ အစဉ်တစ်စိုက် မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိနဲ့ ရပ်တည်စေချင်တဲ့အဖွဲ့ ဖြစ်ပါတယ်။ × × ×"

"နိုင်ငံတစ်နိုင်ငံအတွင်းမှာ ပြည်သူလူထုနဲ့တပ်မတော်၊ တပ်မတော်နဲ့ပြည်သူလူထု တစ်သားတည်းရှိမှသာလျှင် ငြိမ်းချမ်းမှုလည်းရှိနိုင်မယ်၊ တိုးတက်မှုလည်း ရှိနိုင်မှာဖြစ်ပါတယ်။ တကယ်တော့လည်း တပ်မတော်ဆိုတာ အခြားနိုင်ငံက အဖွဲ့အစည်းမှ မဟုတ်တာပဲ။ ဒီနိုင်ငံထဲက အဖွဲ့အစည်းပဲ။ တခါတလေ တပ်မတော်နဲ့ ပြည်သူကို ခွဲခြားပြီး ပြောတာတွေဟာ ကျွန်မတို့ နားမလည်နိုင်ပါဘူး။ တပ်မတော်သားများဆိုတာ ပြည်သူလူထုထဲက ပေါက်ဖွားလာတာဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ တပ်မတော်ကို ခွဲခြားချင်တဲ့စိတ်ဓာတ်ဟာ အင်မတန်မှ ဆိုးဝါးတဲ့စိတ်ဓာတ်ဖြစ်ပါတယ်။ တပ်မတော်နဲ့ နိုင်ငံရေးသမားများကြားထဲမှာလည်း စိတ်ဝမ်းကွဲအောင်လုပ်တယ်ဆိုတာဟာ မလိုလားအပ်တဲ့ ကိစ္စဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးသမားများရှိမှသာလျှင် နိုင်ငံရေးဘက်က ပီပီပြင်ပြင်လုပ်နိုင်မှာပါ။ ဒါကြောင့်မို့လို့ နိုင်ငံရေးသမားများနဲ့ နိုင်ငံရဲ့အစိုးရကို ပီပီပြင်ပြင်လုပ်နိုင်မယ့် နိုင်ငံရေးသမားများနဲ့ နိုင်ငံရဲ့လုံခြုံရေးကို တာဝန်ယူရတဲ့ တပ်မတော်ကြားထဲမှာ နားလည်မှုအများကြီးရှိဖို့လိုပါတယ်။ ဒီလိုနားလည်မှုရှိဖို့ ကျွန်မတို့ အစဉ်တစ်စိုက်ကြိုးစားနေပါတယ်။ × × ×"

"မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရခဲ့တာဟာ အနှစ်(၅၀)ကျော်သွားပါပြီ။ အနှစ်(၅၀)ကျော်ခဲ့သော်လည်း တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။ အဲဒီအကြောင်းရင်းကတော့ ကျွန်မတို့နိုင်ငံအတွင်းမှာ စည်းလုံးညီညွတ်မှုမရှိလို့ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ စည်းလုံးညီညွတ်မှုရအောင်လို့ အားလုံးဝိုင်းပြီးတော့

ကြိုးစားကြရမှာပါ။ စည်းလုံးညီညွတ်မှုရရှိဖို့ဆိုတာ တစ်ဖက်သတ် ကြိုးစားလို့မဖြစ်ပါဘူး။ အဖက်ဖက်က အားလုံးလိုလားမှသာ စည်းလုံးညီညွတ်မှုရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံက ပြည်သူလူထု နဲ့ တပ်မတော်သားများအားလုံးဟာ စည်းလုံးညီညွတ်စွာနဲ့ ဒီမိုကရေစီပြည်ထောင်စုကြီးကို ထူထောင်ဖို့ ကြိုးပမ်းကြဖို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။"

(၁၂–၈–၁၉၉၉ နေ့တွင် ထုတ်ပြန်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်အမှတ်–၁၀၈(၈/၉၉)မှ)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ အထက်ပါ ပြောကြားချက်များသည် တပ်မတော်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အကြား ရင်ကြားစေ့ရေးနှင့် တွေ့ဆုံဆွေးနွေးရေး အတွက်လည်းကောင်း၊ တပ်မတော်နှင့် ပြည်သူ စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်သင့် မြတ်ရေးအတွက်လည်းကောင်း လမ်းခင်းပေးလိုက်ခြင်း ဖြစ်ပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသား ရင်ကြားစေ့ရေး၊ ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာကူးပြောင်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံ ဆွေးနွေးအဖြေရှာရေး အခြေခံလမ်းကြောင်းပေါ်တွင် ရပ်တည်၍ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားများကို ဦးထိပ်ပန်ဆင်ကာ အစဉ်ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

နိုင်ငံတကာတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည့် ပြဿနာများကို လက်နက်အင်အားဖြင့် မဖြေ ရှင်းကြဘဲ ယင်းပဋိပက္ခများတွင် ပါဝင်သူအားလုံး တွေ့ဆုံဆွေးနွေးခြင်းဖြင့် ညှိနှိုင်းဖြေရှင်းနေကြသည်ချည်း ဖြစ်သည်။ ထိုသို့ ဆွေးနွေးကြရာတွင် သက်ဆိုင်သူများအားလုံးသည် အယူအဆတစ်ခုကို အသေဆုပ်ကိုင်၍ တစ်ဘက်သတ် ရပ်တည်ခြင်းမပြုကြဘဲ ပြင်သာပြောင်းသာသောနည်းဖြင့် အလျော့အတင်းသဘောကိုဆောင်၍ လက်တွေ့ကျကျ အဖြေရှာကြရမည် ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လိုအပ်နေသော နှစ်ဦးနှစ်ဘက် အခြေခံသဘောတူညီချက် (Common Ground) ကို ရရှိရန် အခြေအနေဖန်တီးခြင်းလည်း ဖြစ်ပေ သည်။ တွေ့ဆုံဆွေးနွေးခြင်းဖြင့် သံသယကင်းရှင်းပြီး ယုံကြည်မှုများရရှိ၍ ဂုဏ်သိက္ခာရှိသောအနာဂတ်ကို တည် ဆောက်နိုင်မည်ဖြစ်သည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင် ဆန်းသည် . . .

(က) အရှေ့တောင်အာရှဒေသဆိုင်ရာ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ်၊ မောင့်ဘက်တန်နှင့် တွေ့ ဆုံဆွေးနွေးခြင်းဖြင့် (၁၉၄၅)ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့တွင် ကန္ဒီစာချုပ်ကို ချုပ်ဆိုနိုင်ကာ တပ် မတော်ဖွဲ့စည်းရေးကိစ္စအား ဖြေရှင်းနိုင်ခဲ့ခြင်း၊

(ခ) ဗြိတိသျှအစိုးရနှင့်တွေ့ဆုံဆွေးနွေးခြင်းဖြင့် (၁၉၄၇)ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် "အောင်ဆန်း– အက်တလီစာချုပ်" ပေါ်ပေါက်လာခြင်း၊

(ဂ) တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် (၁၉၄၇)ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ တွင် "ပင်လုံစာချုပ်"ကြီးကို ချုပ်ဆိုနိုင်ခဲ့ခြင်း၊

(ဃ) ကိုလိုနီအုပ်ချုပ်ရေးအောက်မှ လွတ်မြောက်ရန် နောက်ဆုံးအဆင့်အနေဖြင့် တွေ့ဆုံဆွေးနွေးကြပြီး (၁၉၄၈)ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ပေါ်ထွန်းလာခဲ့ခြင်း၊

စသည့် အောင်မြင်သောသာဓကများ ရှိခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ တိုင်းသူပြည်သားအချင်းချင်း ဖြူစင်သောစိတ် ထား၊ မျှတသောသဘောထားတို့ဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြပါလျှင် မည်သို့သော အခက်အခဲ အကျပ် အတည်းများနှင့် ပြဿနာများကိုမဆို မအောင်မြင်နိုင်စရာ အကြောင်းမရှိပါချေ။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် (၂၀၀၈)ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်နေ့တွင် အထူး ကြေညာချက်အမှတ်–၁၈/၀၉/၀၈ ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်ပါ အဓိကအချက်များမှာ . . .

(၁) အာဏာပိုင်တို့က ၎င်းတို့ကိုယ်တိုင်ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) နှင့်အညီ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံ

ရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူဖွဲ့စည်းပေးရန်၊

(၂) ယင်းပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီကို ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြင့် ဖွဲ့စည်းပေးရန်၊

တို့ဖြစ်သည်။

ဤအထူးကြေညာချက်တွင် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များ၌ သက်ဆိုင်သူများအားလုံး ပါဝင်ရေး (All inclusive) မူကို ရယူထားပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အစီအစဉ်များကို စိတ်ရင်းစေတနာမှန်ဖြင့် အကြံပြုလိုက်ခြင်းဖြစ်သည်။ အဆိုပါ အထူးကြေညာချက်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလေးအနက်စဉ်းစား၍ ဆုံးဖြတ်ပေးရန်ဖြစ်ကြောင်း ထပ်မံအဆိုပြုလိုက်ပါသည်။

သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီစနစ်သို့ကူးပြောင်းရေးတို့အတွက် တာဝန်ရှိသည်နှင့်အညီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အခြားသောတိုင်းရင်းသားကိုယ်စားလှယ်များနှင့် နိုင်ငံရေးအနှစ်သာရပြည့်ဝသည့် တွေ့ဆုံဆွေးနွေးရေးကို ဆောင်ရွက်ပေးရန်နှင့် နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးပေးသည့် ပြယုဂ်အဖြစ် . . .

(က) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား နိုင်ငံတော်၏လိုအပ်ချက်အရ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ခ) တိုင်းရင်းသားလူမျိုးစုများမပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ဂ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်း ခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော မင်းကိုနိုင်၊ ကိုကိုကြီး စသည့် (၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင်များ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ ငါးနှစ်ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

(စ) ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားကြရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်များပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ လက်တွေ့ဆောင်ရွက်ပေးရန် ပြည်သူလူထု၏ သွေးစည်းညီညွတ်မှုအင်အားဖြင့် အောင်မြင်ခဲ့သော ဤသမိုင်းဝင် ဖက်ဆစ်တော်လှန်ရေးနေ့ကြီးတွင် အလေးအနက် ခိုင်မာစွာ တောင်းဆိုကြောင်း ကြေညာလိုက်သည်။

၁၁–၃–၀၉ နေ့တွင် ကျင်းပသော ဇဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဇဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ် ဧပြီလ (၂၈–၂၉) ရက်နေ့များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များမှ ကိုယ်စားလှယ်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆွေးဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ အဖွဲ့ချုပ်မှ ထုတ်ပြန်ခဲ့သောအချက်များကို ပြန်လည်သုံးသပ်တင်ပြခြင်း။

စစ်မှန်သောပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန် ဒီမိုကရေစီမူများအပေါ်အခြေခံသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ လိုအပ်ပေသည်။ အခြေခံဥပဒေဟူသည် နိုင်ငံတော်အားမည်သည့်ပုံစံဖြင့်ဖွဲ့စည်းမည်၊ ပြည်သူကိုယ်စားပြု ပြည်သူ့ကိုယ်စားလှယ်များအား မည်ကဲ့သို့ရွေးကောက်တင်မြှောက်ပြီး ကဏ္ဍအလိုက်တာဝန်များ မည်ကဲ့သို့ခွဲဝေအပ်နှင်းမည်၊ မည်သည့်စနစ်၊ မည့်သည့်မူဝါဒများကို ခံယူကျင့်သုံးမည်၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို မည်သို့ဖော်ဆောင်ဖြည့်ဆည်းပေးမည်၊ ပြည်သူတို့၏ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များကို မည်သို့အာမခံမည်၊ ပြည်သူတို့၏တာဝန်များ မည်သို့သတ်မှတ်မည်၊ အစိုးရ၏လုပ်ပိုင်ခွင့်များကို မည်သို့ကန့်သတ်မည် ဟူသောအချက်များကို ပြည်သူနှင့်အစိုးရကြားချုပ်ဆိုသော ပဋိညာဉ်စာချုပ်ဖြစ်ပေသည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အစိုးရ၏အာဏာများနှင့် ပြည်သူလူထု၏ခံစားပိုင်ခွင့်များကို စုစည်းဖော်ပြထားသော အစိုးရနှင့်ပြည်သူလူထုအကြား ဆက်ဆံရေးပြေပြစ်ချောမောစေရန် ညှိနှိုင်းသတ်မှတ်ထားသော မူများဖြစ်ရပါမည်။ အခြေခံဥပဒေသည် အစိုးရကိုထိန်းချုပ်ပြီး နိုင်ငံသားများ၏အခွင့်အရေးများကို ကာကွယ်ပေးသည့် ကိရိယာဖြစ်ရပါမည်။ ထို့အပြင် အခြေခံဥပဒေသည် ပြည်သူတို့၏စရိုက်လက္ခဏာနှင့် လိုလားချက်ဆန္ဒများနှင့် ကိုက်ညီအောင် အစဉ်ရှင်သန်နေသောအရာ ဖြစ်ရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ဖျက်ဆီးမည့် မျိုးဥများ မပါရှိစေရပါ။

အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်စဉ်ကပင် မိမိတိုင်းပြည်၌ ဖြစ်ပျက်ခံစားခဲ့ကြရသည့်၊ ခံစားကြရဆဲဖြစ်သည့် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံများ တိုင်းပြည်၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် အခြေအနေများနှင့် ပြည်သူတို့၏လိုအပ်ချက်များကို အခြေခံကာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရည်ရွယ်ချက်များကို ချမှတ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏သဘောထားမှာ . . .

“အခြေခံဥပဒေသစ်သည် တိုင်းရင်းသားလူမျိုးအားလုံး သွေးစည်းညီညွတ်ရေး၊ တန်းတူရည်တူ အခွင့်အရေးခံစားရရှိရေး ၊အပြန်အလှန် ယိုင်းပင်းပံ့ပိုး ကူညီပူးပေါင်းရေး စိတ်ဓာတ်တို့ဖြင့် ဒီမိုကရေစီပြည်ထောင်စုကြီး အစွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးများအားလုံး၏ တသွေးတသံ၊ တစိတ်တဝမ်း လက်တွဲမဖြုတ်စတမ်း ပူးပေါင်းရပ်တည်နိုင်ရေးကို အာမခံနိုင်စေရမည်” တို့ ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်စဉ် ထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲကြေညာစာတမ်း၌လည်း တိုင်းပြည်၏အခြေခံကျဆုံးဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကို အခြေခံစေရမည်ဟု ထုတ်ပြန်ကြေညာခဲ့ပါသည်။

၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ အမျိုးသားညီလာခံတက်ရောက်စဉ်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံသင့်သည့်မူများတင်ပြရာတွင် ဥပဒေအရ တရားရုံးတော်တွင် တင်ပြတရားစွဲဆိုနိုင်ခွင့်ရှိရမည့် အခြေခံမူ(၃၅)ချက်နှင့် တရားစွဲဆိုပိုင်ခွင့်မရှိသော ရည်မှန်းချက်မူ(၉)ချက်တို့ကို အကြံပြုခဲ့ပါသည်။

ထို့အပြင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ညှိနှိုင်းဆွေးနွေးခဲ့သော ၁၅–၇–၈၉ နေ့တွင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က တတိယပြည်

ထောင်စုမြန်မာနိုင်ငံတော် (သို့) ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်အတွက် ဦးတည်ချက်ကို အောက်ပါအတိုင်း ဆွေးနွေးခဲ့ပါသည်။

"× × × ဒီပြဿနာတွေအားလုံး ဖြေရှင်းဖို့အတွက် ညီညွတ်တောင့်တင်းတဲ့ အစိုးရကို ဖွဲ့စည်းဖို့အနေနဲ့၊ ဒီအစိုးရ ဖွဲ့စည်းဖို့အနေနဲ့ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး လက်ခံနိုင်တဲ့ အခြေခံစည်းမျဉ်းဥပဒေ တခုရှိဖို့ဟာ ဒီနှစ်ခုကို ဦးတည်ဖို့လိုမယ်။"

အထက်ပါရည်မှန်းချက်များ မူဝါဒများနှင့်အညီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဆယ်စုနှစ် နှစ်ခုတိုင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ယနေ့ရောက်ရှိနေသော နိုင်ငံရေးအခြေအနေနှင့်အညီ စတင်အာဏာတည်ခြင်း မရှိသေးသော ပြည်ထောင်စုသမ္မတနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့် ပတ်သက်၍လည်း အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံပြည်သူလူထုတို့အကြား နှစ်ဦးနှစ်ဖက် သဘောတူညီစွာ ချုပ်ဆိုထားသော ပဋိညာဉ်တရပ်ဖြစ်ပေါ်လာရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီ ဖွဲ့စည်းရန် စိတ်ရင်းစေတနာမှန်ဖြင့် အဆိုပြုခဲ့ပါသည်။

အဆိုပြုခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထူးကြေညာချက်အမှတ် ၁၈/၉/၂၀၀၈ တွင် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များ၌ သက်ဆိုင်သူအားလုံးပါဝင်ရေး (all inclusive) မူကို ရယူထားပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အစီအစဉ်များကို လက်ရှိနိုင်ငံရေးလိုအပ်ချက်အရ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန် အကြံပြုခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈) ခုနှစ်ကို ထုတ်ပြန်စဉ်ကပင်လျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အမျိုးသားညီလာခံတက်ရောက်စဉ်ကပင် စာတမ်းအသီးသီး၌ အစဉ်တစိုက်ကန့်ကွက်ခဲ့သော အဓိကအချက်များကို အထူးကြေညာချက် ၄/၀၃/၀၈ ထုတ်ပြန်၍ ထပ်မံဖော်ပြခဲ့ပါသည်။ ယင်းတို့မှာ . . .

(၁) "နိုင်ငံတော်၏အခြေခံမူများ၌ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်ဟု ချမှတ်ထားခြင်း။"

အထက်ပါအချက်နှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏သဘောထားမှာ "နိုင်ငံရေးဆိုတာ အမျိုးသားရေး (National cause) ကို ဦးထိပ်ထားပြီး ဖော်ဆောင်ကြရတာဖြစ်လို့ အားလုံးဟာ အမျိုးသားနိုင်ငံရေးကိုပဲ ရှေးရှုကြရပါတယ်။ အားလုံးဆိုရာမှာ နိုင်ငံရေးအဖွဲ့အစည်းများ၊ တပ်မတော်အပါအဝင်ဖြစ်တဲ့ ဝန်ထမ်းအဖွဲ့အစည်း များနဲ့ တိုင်းရင်းသားပြည်သူအားလုံးဆိုရာမှာ နိုင်ငံရေးအဖွဲ့အစည်းများ၊ တပ်မတော်အပါအဝင်ဖြစ်တဲ့ ဝန်ထမ်းအဖွဲ့အစည်း များနဲ့ တိုင်းရင်းသားပြည်သူတရပ်လုံး ပါဝင်ကြပါတယ်။"ဟုလည်းကောင်း၊ "ပြည်သူတို့၏ဆန္ဒသည် နိုင်ငံရေးအချုပ်အချာအာဏာပိုင်ဖြစ်သည်"ဟုလည်းကောင်း၊ "တပ်မတော်ဟာ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးကို ဦးတည်ချက်ပန်းတိုင်အဖြစ် မမိုတ်မသုန်ခံယူပြီး နိုင်ငံတော်ရဲ့အမျိုးသားနိုင်ငံရေးကို ပြည်သူတို့ရဲ့ဆန္ဒနှင့်အညီ ရပ်တည်သွားသင့်ပါတယ်"ဟုလည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း အမျိုးသားညီလာခံသို့ တက်ရောက်စဉ်က စာတမ်းအသီးသီးတွင်ရေးသားဖော်ပြ၍ အစဉ်တစိုက်ကန့်ကွက်ခဲ့ပါသည်။ သို့သော် လက်ရှိနိုင်ငံ၏အခြေအနေအရ အမျိုးသားနိုင်ငံရေးတွင် တပ်မတော်သည် ပါဝင်မည်ဆိုသောကြောင့် ဤကိစ္စနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြသည့်အခါ ညှိနှိုင်းအဖြေရှာမည်ဖြစ်ပါသည်။

(၂) "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ အရည်အချင်းများတွင် စစ်ရေးအမြင်ရှိရမည်ဟူသော အချက်ကို ထည့်သွင်းထားခြင်း။"

ဤသည်မှာ သမ္မတရွေးချယ်ရေးအတွက် ကန့်သတ်ချက်ဘောင် ကျဉ်းမြောင်းသွားစေပါသည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ချမှတ်ထားသည့် လိုအပ်သောအရည်အချင်းပြည့်စုံပါလျှင် ကျား/မ မရွေး ရွေးချယ်ခံနိုင်ခွင့်ရှိကြရပါမည်။

(၃) **"ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းမည့် တပ်မတော်သား (၂၅) ရာခိုင်နှုန်းပါဝင်နေခြင်း။"**

အထက်ပါအချက်အလက်နှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏သဘောထားမှာ ပါတီစုံဒီမိုကရေစီ နိုင်ငံသစ်ကို တည်ဆောက်ကြရမည်ဖြစ်ရာ လွှတ်တော်များကိုဖွဲ့စည်းသည့်အချိန်အခါ၌ ပထမဦးစွာ ပြည်သူများက ၎င်းတို့ကိုယ်တိုင် ရွေးကောက်တင်မြှောက် တာဝန် (mandate) အပ်နှင်းလိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းသင့်သည်ဟု ခံယူသည်။ သို့သော် လက်ရှိအခြေအနေတွင် ကုလသမဂ္ဂ၏တောင်းဆိုချက်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်သူများအားလုံး (all inclusive) ပါဝင်ခွင့်ရှိရမည် ဟူသောအချက်နှင့်အညီ လွှတ်တော်အသီးသီး၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမည်စာရင်းတင်သွင်းမည့် တပ်မတော်သား(၂၅)ရာခိုင်နှုန်းကိစ္စကို တွေ့ဆုံဆွေးနွေး၍ နိုင်ငံရေးအဖြေရရှိရန် သက်ဆိုင်သူအားလုံးအပေါ်၌ တာဝန်ကျရောက်နေပါသည်။

(၄) **"လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု သတ်မှတ်ထားပြီး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် ခန့်အပ်ထားသော တပ်မတော်သားကိုယ်စားလှယ်များကိုမူ နုတ်ထွက်ရန်မလိုဟု သတ်မှတ်ထားခြင်း။"**

အထက်ပါအချက်နှင့်စပ်လျဉ်း၍ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရမည်ဆိုသည်မှာ တရားနည်းလမ်းမကျပါ။ ပါတီစုံဒီမိုကရေစီစနစ်တွင် အစိုးရအဖွဲ့သည် ပြည်သူ့ကိုယ်စားလှယ်များသာ ဖြစ်ကြရပါမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်ထားသော ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် စပ်လျဉ်း၍ ဒီမိုကရေစီကျင့်စဉ်နှင့် လိုက်လျောညီထွေဖြစ် စေရန်နှင့် နိုင်ငံ၏ လက်တွေ့လိုအပ်ချက်ကိုလည်း ထည့်သွင်းစဉ်းစားပြီး ညှိနှိုင်းအဖြေရှာရန် လိုအပ်ပေသည်။

ထို့ပြင် နိုင်ငံရေးပါတီတခု၏ အဖွဲ့ဝင်ဖြစ်လျှင် သမ္မတ၊ ဒု-သမ္မတ၊ ဝန်ကြီး၊ ဒု-ဝန်ကြီး စသော ပြည်ထောင်စု အစိုးရအဖွဲ့၌ ခန့်အပ်တာဝန်ပေးသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်းများ၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဆိုသည့် ပိတ်ပင်တားမြစ်ချက်သည် လုံးဝမလိုလားအပ်ပါ။ ဝန်ကြီး၊ ဒု-ဝန်ကြီးဟူသည့် နိုင်ငံ့တာဝန်များကို ဆောင်ရွက်ခွင့်ရရန် နိုင်ငံရေးအဖွဲ့အစည်းအဖြစ် ပြည်သူတို့၏ထောက်ခံဆန္ဒမဲကို ရယူဆောင်ရွက်ကြရပါမည်။ သို့ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့အစည်း၏ မူဝါဒလုပ်ငန်းစဉ်များအရ နိုင်ငံ့ရေးရာများကို ဖော်ဆောင်ရသည်ဖြစ်သောကြောင့် သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့အစည်းနှင့် ကင်းလွတ်မနေရပါ။

(၅) **"ပြည်ထောင်စုဝန်ကြီးများနှင့် ဒုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏အမည်စာရင်းကို နိုင်ငံတော်သမ္မတက ရယူခြင်း။"**

အထက်ပါအချက်နှင့်စပ်လျဉ်း၍ "ပြည်သူတို့သဘောဆန္ဒသည်သာ အစိုးရအာဏာ၏ အခြေခံဖြစ်ရမည်"ဟူသော မူနှင့်အညီ အစိုးရအဖွဲ့ဖွဲ့စည်းရာတွင် လူထုကရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်သာ ဖွဲ့စည်းရမည်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်၏လိုအပ်ချက်အရလည်းကောင်း၊ ကျွမ်းကျင်မှုဆိုင်ရာလိုအပ်ချက်အရလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများကို အစိုးရအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းလိုပါက ကာလ

အကန့်အသတ်ဖြင့်သာ ပြဋ္ဌာန်းထားသင့်ပါသည်။ သို့သော် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် အထက်ပါခန့်အပ်မှုကိစ္စကို အဖြေရှာရန်လိုအပ်ပါသည်။

(၆) “ရာထူးမှနုတ်ထွက်ရမည့် အထက်ပါ တပ်မတော်သား ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် ပတ်သက်လျှင် နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ခြင်း။”

ယင်းအချက်နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် ဖြေရှင်းရမည်သာဖြစ်ပါသည်။ မူအနေဖြင့်ဆိုလျှင် ဝန်ကြီး၊ ဒု–ဝန်ကြီးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သာ ဖြစ်ရမည်ဖြစ်ပါသည်။ သမ္မတက ၎င်းတို့အား နုတ်ထွက်စေလိုလျှင် မည်သူနှင့်မှ ညှိနှိုင်းဆောင်ရွက်ရန်မလိုပါ။

(၇) “အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့တွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ခြင်း။”

ယင်းနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏သဘောထားမှာ ပြည်ထောင်စုတိုင်းဒေသကြီး၊ ပြည် နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့တွင် ပြည်သူတို့က တိုက်ရိုက်ရွေးကောက်တင်မြှောက်လိုက်သောကိုယ်စားလှယ်များသာ ပါဝင်ရမည်ဖြစ်သည်။ သို့သော် အသွင်ကူးပြောင်းရေးကာလလိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပြီး တွေ့ဆုံဆွေးနွေး၍ အဖြေရှာမည်ဖြစ်ပါသည်။

(၈) “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို (၁၁)ဦးဖြင့်ဖွဲ့စည်းထားရာ ဒုတိယသမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး စုစုပေါင်း(၆)ဦးတို့ဖြင့် အများစုမဲ (Majority vote) တပါတည်းရယူထားခြင်း။”

ဤသည်မှာ နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သော လွှတ်တော်၏ ကြီးကြပ်ကွပ်ကဲမှုအောက်မှ ကင်းလွတ်၍ သီးခြားရပ်တည်နေသော အခြားနိုင်ငံတော်အဖွဲ့အစည်းများ၊ ယန္တရားမရှိစေရပါ။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးအပါအဝင် လိုအပ်သော ကောင်စီများ၊ ကော်မတီများကို ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်များကသာ ခန့်ထားရန်ဖြစ်ပါသည်။

(၉) “တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း။”

နှင့် စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏သဘောထားမှာ တပ်မတော်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၁၀) “တပ်မတော်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟု ထည့်သွင်းထားခြင်း။”

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သောကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် ဝန်ထမ်းအဖွဲ့ ဖွဲ့စည်းရေးကို ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြဋ္ဌာန်းချက်အရသာ ဆောင်ရွက်စေသင့်ပါသည်။

(၁၁) ''အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိခြင်း။''

နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကသာ စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်း၊ စစ်စည်းရုံးခြင်း နိုင်ငံတော်၏ တစိတ်တဒေသကိုလည်းကောင်း၊ နိုင်ငံတဝှမ်းလုံးကိုလည်းကောင်း အရေးပေါ်အခြေအနေကြေညာခြင်း စစ်အုပ်ချုပ်ရေးအာဏာကိုလွှဲအပ်ခြင်းတို့ကို ဆုံးဖြတ်ခွင့်နှင့် တာဝန်ပေးနိုင်ခွင့် ရှိရမည်။ ထို့ပြင် အရေးပေါ်အခြေအနေကို အကြောင်းပြုပြီး မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကမှ ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာလွှတ်တော်များ၊ ယင်းလွှတ်တော်များက ခန့်အပ်တာဝန်ပေးထားသော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဦးစီးအဖွဲ့များကို ရပ်ဆိုင်းထားခွင့် မရှိပါ။

(၁၂) ''ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည်ဟု မည်သို့မျှပြင်ဆင်ခွင့်မရနိုင်အောင် သတ်မှတ်ထားခြင်း။''

အတွေ့အကြုံအရ ၁၉၈၈ ခုနှစ် ဆန္ဒပြမှုများကြောင့် ထိုစဉ်က အခြေခံဥပဒေပါ အချို့သောပြဋ္ဌာန်းချက်များကို ပြည်သူ့ဆန္ဒခံယူ၍ ပြင်ဆင်ရန်ကြိုးပမ်းခဲ့သော်လည်း အခြေအနေအရ မပြင်နိုင်ဘဲ အခြေခံဥပဒေကိုကျော်လွန်ခဲ့ရသည့် သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်၌ ပြည်သူ့ဆန္ဒ ခံယူရေး/မခံယူရေး ကိစ္စတို့ကို ဆုံးဖြတ်နိုင်ခွင့်အာဏာပေးထားသင့်သည်။ အခြေခံဥပဒေပါပြဋ္ဌာန်းချက်တရပ်ကို ပြင်ဆင်ရန် ပေါ်ပေါက်လာသည့်ပြဿနာအပေါ် ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်မည် သို့မဟုတ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြီးမှ ဆုံးဖြတ်မည့်ကိစ္စကို ပြည်သူများကရွေးချယ်တင်မြှောက်လိုက်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော်က ဆန္ဒမဲဖြင့်ဆုံးဖြတ်ပိုင်ခွင့်ရှိသင့်ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ်(၁/၉၀)၊ အပိုဒ်(၂၀) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကရေးဆွဲခဲ့ရခြင်းမရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်သည် ယနေ့အထိ အာဏာမတည်သေးပါ။ အာဏာတည်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၉၄၇ ခုနှစ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၇၄ ခုနှစ်တို့တွင် အခြေခံဥပဒေကိုပြင်ဆင်ရန်ခွင့်ပြုထားပါသည်။ လက်ရှိအနေအထားအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ လွှတ်တော်၏အာဏာစက်ဖြင့် တရားနည်းလမ်းတကျ ဆောင်ရွက်နိုင်ရန်နှင့် ပေါ်ပေါက်လာမည့် အခြေခံဥပဒေအကျပ်အတည်းပြဿနာများကို ရှောင်လွှဲနိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သက်ဆိုင်သူများအားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီ ပြန်လည်ဖွဲ့စည်းပေးရန်လိုအပ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးစုများအပါအဝင် အများပြည်သူ ယုံကြည်လက်ခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာရေးအတွက် သက်ဆိုင်ရာသူအားလုံး လက်တွဲဖော်ဆောင်ပြီး အားလုံးလက်ခံနိုင်သော ဘုံသဘောတူညီချက်အတွက် အဖြေရှာရန်အထူးလိုအပ်နေပါသည်။ အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေက . . .

> ''× × × အဖြေတခုကိုရှာကြရာမှာ အဖြေမှန်ထွက်ပေါ်လာရေးဆိုတဲ့ ခိုင်မာတဲ့ဆန္ဒရှိပြီး အချင်းချင်း မိမိတို့အစိတ်အပိုင်းကို မထိခိုက်စေဘဲ သူတပါးရဲ့အစိတ်အပိုင်းကိုလည်း မထိခိုက်စေဘဲ တဦးနှင့်တဦးလည်း မထိခိုက်စေဘဲ မေတ္တာထားကြဖို့၊ နားလည်မှုရှိကြဖို့၊ လေးစားကြဖို့ လိုအပ်ပါတယ် × × ×''

ဟု တင်ပြဆွေးနွေးခဲ့ပြီးလည်းဖြစ်ပါသည်။ သို့ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စအားလုံးကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ အဖြေရှာနိုင်မည်ဟု ခိုင်မာစွာယုံကြည်ကြောင်း တင်ပြအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ် ဧပြီလ (၂၈– ၂၉) ရက်နေ့များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တင်သွင်းသည့် စည်းရုံးရေးလုပ်ငန်းအစီရင်ခံစာ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ထို့ကြောင့် အဖွဲ့ချုပ်စတင်ထူထောင်ချိန်မှပင် အဖွဲ့ချုပ်၏အဓိကရည်ရွယ်ချက်သည် စစ်မှန်သော ဒီမိုကရေစီစနစ်ထူထောင်ရေးပင် ဖြစ်သည်။ ထိုရည်မှန်းချက်သည် ပြည်သူလူထုတရပ်လုံး၏ တညီတညွတ်တည်း တောင်းဆိုချက်ဖြစ်ပြီး အဖွဲ့ချုပ်စည်းရုံးရေးလုပ်ငန်းစဉ်၏ မူလရည်မှန်းချက်လည်းဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ စည်းရုံးရေးအခြေအနေ။

အရေးတော်ပုံကြီးကို အင်အားသုံးဖြိုခွဲခြင်း ခံခဲ့ရပြီးနောက် ဒီမိုကရေစီတောင်းဆိုခဲ့သော ပြည်သူအပေါင်းသည် အဖွဲ့ချုပ်၏အလံတော်အောက်သို့ စုဝေးရောက်ရှိလာခဲ့ပါသည်။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ အဖွဲ့ချုပ်၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူလူထု၏ယုံကြည်ကိုးစားမှုကို ချက်ခြင်းရယူနိုင်ခဲ့ပြီး အဖွဲ့ချုပ်၏ စည်းရုံးရေးအင်အားကို မြင့်မားစွာ မြှင့်တင်ပေးနိုင်ခဲ့သည်။ သို့သော် အဖွဲ့ချုပ်၏ သက်တမ်း (၂)လကျော်အတွင်း အဖွဲ့ချုပ်၏ခေါင်းဆောင်များကြား၌ အကြပ်အတည်းတခုပေါ်ပေါက်ခဲ့ရာ ဒီမိုကရေစီနည်းလမ်းအရ ဖြေရှင်းနိုင်ခဲ့ပါသည်။ ထိုကာလနောက်ပိုင်းတွင် တိုင်း/ပြည်နယ် အားလုံးရှိ မြို့နယ်များအားလုံးနီးပါးတွင် အဖွဲ့ချုပ်၏စည်းရုံးရေးကော်မတီအဆင့်ဆင့်ကို ရပ်ကွက်/ကျေးရွာ အဆင့်များအထိ ဖော်ဆောင်နိုင်ခဲ့ပါသည်။ ထိုစဉ်က အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့၏ စည်းရုံးရေးခရီးစဉ်များမှာလည်း မကြုံဖူးအောင် အောင်မြင်မှုများရရှိခဲ့ပါသည်။ အထက်နှင့်အောက်ခြေအဖွဲ့အစည်းများကြား ဆက်ဆံရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများ စနစ်တကျထူထောင်နိုင်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်၊ ဧပြီလမှစ၍ တိုင်းအချို့ရှိ မြို့နယ်ညီလာခံများကို ဒီမိုကရေစီနည်းလမ်းများအရ စတင်ခေါ်ယူကျင်းပနိုင်ခဲ့ပါသည်။

တဖက်မှလည်း အဖွဲ့ချုပ်သည် အခြားနိုင်ငံရေးပါတီများနှင့်အတူ တိုင်းပြည်တွင်ကြုံတွေ့နေရသော အခက်အခဲများကိုဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးဖြေရှင်းရန် တောင်းဆိုခဲ့ပါသည်။ ထိုသို့တောင်းဆိုနေစဉ် ၁၉၈၉ ခုနှစ်၊ ဇွန်လမှစတင်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တစ်ဦးအပါအဝင် အဖွဲ့ချုပ်ဗဟိုခေါင်းဆောင်များအား စတင်ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ထို့နောက် အာဏာပိုင်များက အဖွဲ့ချုပ်အား ဖိနှိပ်ချေမှုန်းမှုများကိုတိုးမြှင့်ခဲ့ရာ ဇူလိုင်လ (၂၀) ရက်နေ့တွင် ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ဗဟိုလုပ်ငန်းကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့်အတူ အဖွဲ့ချုပ်အဖွဲ့ဝင်အများအပြား ထိန်းသိမ်းခြင်းခံခဲ့ရပါသည်။ သို့သော် ကျန်အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ခေါင်းဆောင်များက ဆက်လက်ဦးဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံလုံးကျွတ်အစည်းအဝေးကျင်းပကာ ၁၉၉၀ ပြည့်ရွေးကောက်ပွဲကို ဝင်ရန်ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ယင်းရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများကို စိစစ်ရွေးချယ်ရာ၌ အခြေခံရမည့်မူများအနက် "အဖွဲ့ချုပ်၏ နိုင်ငံရေးနှင့် စည်းရုံးရေး ဦးဆောင်မှုကို လိုက်နာမည့် ပုဂ္ဂိုလ်များပါဝင်ရန်" ဟူသော အချက်တစ်ချက်ပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဧပြီလဆန်းတွင် နိုင်ငံလုံးကျွတ် အောင်နိုင်ရေးအစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ပြီး ၁၉၉၀ ပြည့်နှစ် မေလ (၂၇)တွင် ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၉၂) နေရာအထိ အနိုင်ရရှိခဲ့ပါသည်။

ရွေးကောက်ပွဲပြီး စည်းရုံးရေးအခြေအနေ။

ပြည်သူလူထုက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ ၎င်းတို့ကိုယ်စား လုပ်ဆောင်ခွင့်ကို လွှဲအပ်ပေးပြီးဖြစ်သဖြင့် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၂၈–၂၉) ရက်နေ့များတွင် ကျင်းပသော ဂန္ဓီခန်းမ စည်းဝေးပွဲမှ ဉက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား လွှတ်ပေးရေး၊ ရွေးကောက်ပွဲတွင် အနိုင်ရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့အကြား တွေ့ဆုံဆွေးနွေးရေးနှင့် ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ခေါ်ယူကျင်းပပေးရေးတို့ကို တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် တောင်းဆိုခဲ့ကြပါသည်။ ၎င်း ဂန္ဓီခန်းမစည်းဝေးပွဲနောက်ပိုင်းတွင် ဖိနှိပ်မှုများ ထပ်မံပြုလုပ်ခဲ့ပြီး အဖွဲ့ချုပ်ခေါင်းဆောင်ပိုင်းအများစုအပါအဝင် အဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့အဆင့်ဆင့်မှ အဖွဲ့ချုပ်အဖွဲ့ဝင်များ အများအပြား ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ ခြေချုပ်ဖြင့်နေထိုင်ခဲ့ရခြင်း စသည်တို့ကို ခံခဲ့ရပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အပါအဝင် ပြည်နယ်/တိုင်းနှင့် မြို့နယ် စည်းရုံးရေးကော်မတီများ၏ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့တွင် တည်ရှိသည့် အင်အားအတိုင်းထားရှိရန်၊ ဖြည့်တင်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း စသည်တို့ကိုမပြုလုပ်ရန် ညွှန်ကြားချက်ကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဗဟိုမှ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လတွင် (၄)လခန့်ကွာပြီးနောက် နောက်ကြောင်းပြန်၍ထုတ်ပြန်ခဲ့ပါသည်။ အမှန်စင်စစ် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့များအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင်သစ်စုဆောင်းခြင်းတို့မှာ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။

မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲအချို့ကလည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ (၂၆–၄–၉၁) ညွှန်ကြားချက်အရ (၅)ဦးအောက် လျော့နည်းသော မြို့နယ်စည်းရုံးရေးအဖွဲ့များအား ပျက်ပြယ်ပြီးဖြစ်သည်ဟုဆိုကာ မြို့နယ်စည်းရုံးရေးအဖွဲ့ ဆိုင်းဘုတ်များကိုပင် ဖြုတ်ချပိုင်ခွင့်မရှိဘဲ ဖြုတ်ချခဲ့ကြပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ၁၉၈၉ ခုနှစ်၊ မတ်လ (၂၂)ရက်စွဲပါ ကြေညာချက်အမှတ်(၂၄၅)၊ အပိုဒ် (၃) တွင် . . .

"××× ယခုမှတ်ပုံတင်ထားသော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ဤကော်မရှင်က ကြီးကြပ်ဖွဲ့စည်းပေးသော အဖွဲ့အစည်းမဟုတ်ဘဲ မိမိတို့ဆန္ဒအလျောက် ပါတီဖွဲ့စည်းပုံများ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ အားရေးဆွဲပြီး၊ နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ×××"

ဟုလည်းကောင်း၊ အပိုဒ် (၄)တွင် . . .

"××× ထိုသို့မှတ်ပုံတင်စဉ်က တင်ပြသော သက်ဆိုင်ရာပါတီအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံစည်းမျဉ်းများ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များစာရင်းကိုမူ ကော်မရှင်က မှတ်တမ်းတင်ထားပါသည်။ ထို့အပြင် အလုပ်အမှုဆောင်အဖွဲ့နှင့် ဖွဲ့စည်းပုံစည်းမျဉ်းများ ပြုပြင်ပြောင်းလဲမှုရှိ၍ ကော်မရှင်သို့ထပ်မံတင်ပြလာသည့်အခါတွင်လည်း ကော်မရှင်က ဆက်လက်မှတ်တမ်းတင်ထားလျက်ရှိပါသည်။ ×××"

ဟုလည်းကောင်း အတိအလင်းဖော်ပြပါရှိသည်။ ဤကြေညာချက်သည် နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များစာရင်းကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း မပြုနိုင်ကြောင်း ပေါ်လွင်နေပါသည်။ ထို့ကြောင့် ကော်မရှင်၏ (၂၆–၄–၉၁) ညွှန်ကြားချက်သည် ယင်းကော်မရှင်၏ ကြေညာချက်အမှတ်(၂၄၅)ပါ အချက်များကို ချိုးဖောက်ခဲ့ခြင်းဖြစ်ပါသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့မှစ၍ အဖွဲ့ချုပ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကျင်းပသော အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ပါသည်။ တက်ရောက်ခဲ့ရသည့် အကြောင်းရင်းမှာ . . .

"ပင်လုံညီလာခံကဲ့သို့သော ပြည်ထောင်စုကြီး၏အနာဂတ်ခရီးလမ်းညွှန်ချက်များကိုချမှတ်နိုင်မည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီညွတ်မှုညီလာခံကြီးတရပ် ခေါ်ယူကျင်းပမည်"ဟူသော နိုင်ငံရေးရပ်တည်ချက်၊

– နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ်(၁/၉၀)၊ အပိုဒ် (၂၀) အရ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးသည် ပြည်သူ့ကိုယ်စားလှယ်များ၏တာဝန်ဖြစ်ကြောင်း ဖော်ပြချက်။
– အမျိုးသားကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၏ “ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် ဒီမိုကရေစီနည်းလမ်းနှင့်အညီပဲဖြစ်လိမ့်မည်” ဟူသော အကြိုညှိနှိုင်းဆွေးနွေးပွဲ၌ ပြောကြားချက်၊
– ပြည်သူက ရွေးကောက်တင်မြှောက်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ဘက်မှ ရပ်တည်ပြီး ဆွေးနွေးအကြံပြုနိုင်မည်ဟု ယုံကြည်ခဲ့ခြင်း၊

စသည်တို့ကြောင့် ဖြစ်ပါသည်။ အမျိုးသားညီလာခံသို့တက်ရောက်စဉ်ကာလအတွင်း တက်ရောက်သော ကိုယ်စားလှယ်များက အဖွဲ့ချုပ်၏စည်းရုံးရေးကော်မတီအဆင့်ဆင့်ထံ ညီလာခံအတွေ့အကြုံများ ပြန်လည်ရှင်းလင်းခွင့်ရခဲ့သော်လည်း အထက်ပါဖော်ပြပါညွှန်ကြားချက်ကြောင့် တိုးချဲ့စည်းရုံးရေး၊ ဖြည့်တင်းဖွဲ့စည်းရေး၊ ပြင်ဆင်ဖွဲ့စည်းရေး စသည်တို့ကို လုပ်ခွင့်မရခဲ့ပါ။ ထို့ကြောင့် ပြည်လုံးကျွတ်ညီလာခံကျင်းပရေး၊ ဗဟိုဦးစီးအဖွဲ့အင်အားဖြည့်တင်းရေး စသည်တို့ သို့မဟုတ် အဖွဲ့ချုပ်နှင့် အဆက်ဖြတ်ခံထားရခြင်း စသောအခက်အခဲများအပြင် လက်တွေ့အားဖြင့် တရားဝင်ဆောင်ရွက်ရန် အခက်အခဲ၊ အကြပ်အတည်းများစွာ ကြုံတွေ့ခဲ့ရပါသည်။

၁၉၉၅ ခု၊ ဇူလိုင်လ (၁၀) ရက်နေ့တွင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် နေအိမ်တွင် အကျဉ်းချထားရခြင်းမှ လွတ်လာပြီးနောက် အဖွဲ့ချုပ်စည်းရုံးရေးမှာ သိသိသာသာ နိုးကြားလာခဲ့ပါသည်။ နေအိမ်ခြံရှေ့ဟောပြောပွဲမှအစပျိုးခဲ့သော ပြည်သူလူထု၏တက်ကြွမှုမှာ တစတစ အရှိန်ရလာခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များ၊ မြို့နယ်စည်းရုံးရေးအဖွဲ့များက မြန်မာနိုင်ငံတွင် စစ်မှန်သောဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား ပေါ်ပေါက်သည့်တိုင်အောင် လုပ်ပိုင်ခွင့်များ လုံးဝလွှဲအပ်ကြောင်း လက်မှတ်ရေးထိုးပေးအပ်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၂၇–၂၈) ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင် ကျင်းပခဲ့သော အထူးညီလာခံတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပြည်နယ်/တိုင်း နှင့် မြို့နယ် စည်းရုံးရေးအဖွဲ့အသီးသီးမှ တက်ရောက်လာကြသော ကိုယ်စားလှယ်များက တက်ကြွစွာဆွေးနွေးကြပြီး အဖွဲ့ချုပ် စတင်ထူထောင်စဉ်မှစ၍ ချမှတ်ထားခဲ့သော မူဝါဒလမ်းစဉ်အရပ်ရပ်ကို ပြောင်းလဲလာသောအခြေအနေနှင့်အညီ မွမ်းမံနိုင်ခဲ့ပါသည်။ အခြေခံအဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

အာဏာပိုင်များသည် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့ အဖွဲ့ချုပ်ထူထောင်သည့် (၁၀)နှစ်မြောက်အခမ်းအနားတွင် ပြည်သူ့လွှတ်တော်တရပ်ပေါ်ပေါက်ရေးအတွက် စီစဉ်ခဲ့ရာ အရွေးချယ်ခံခဲ့ရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးနီးပါးနှင့် ပြည်နယ်/တိုင်း၊ မြို့နယ်စည်းရုံးရေးကော်မတီဝင်များအားလုံးတို့ကို ၎င်းတို့၏တပ်ရင်းများတွင် ထိန်းသိမ်းထားခဲ့ရာမှ အချို့မှာ ၂၀၀၁ ခုနှစ် (ဇွန်လ) အထိ ချုပ်နှောင်ခံခဲ့ရပါသည်။ အချို့မှာလည်း အကြောင်းကြောင်းအမျိုးမျိုးပြ တရားစွဲဆို ထောင်ဒဏ်အပြစ်ပေးခြင်း ခံခဲ့ကြရပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ်များကို တားမြစ်ပိတ်ပင်ခဲ့ရာ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အချို့ အပါအဝင် အဖွဲ့ချုပ်အဖွဲ့ဝင်များမှာ မော်တော်ယဉ်များပေါ်တွင် ရက်ကြာရှည်စွာ နေထိုင်ခဲ့ရသည့်ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ရပါသည်။ တဖန် ၂၀၀၀ ခုနှစ် စက်တင်ဘာလ (၂၁)ရက်နေ့မှစ၍ အထွေထွေအတွင်းရေးမှူးအား နေအိမ်တွင် ပြန်လည်ချုပ်နှောင်ခဲ့ကြပြန်ပါသည်။

ယုံကြည်မှုတည်ဆောက်ရေးကာလ။

၂၀၀၂ ခုနှစ်၊ မေလ (၆) ရက်နေ့တွင် အာဏာပိုင်များက အထွေထွေအတွင်းရေးမှူးအား ခြွင်းချက်မရှိ ပြန်လည်လွှတ်ပေးပြီးနောက် စာမျက်နှာသစ်တရပ်ဖွင့်လှစ်ကြောင်း ကြေညာခဲ့ပါသည်။ ထိုနေ့တွင်ပင် ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးအတွက် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ကမ္ဘာသိကြေညာခဲ့ပါသည်။ ထိုနောက်ပိုင်းကာလများတွင် အဖွဲ့ချုပ်၏စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ ယခင်ကလောက် ဖိနှိပ်မှုများမရှိတော့သည်ကို တွေ့ရပါသည်။ မြို့နယ်စည်းရုံးရေးအဖွဲ့များကို ပြန်လည်ဖွဲ့စည်း

လျက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားအသိပေးခွင့် ရရှိခဲ့ပါသည်။ ယခင်က အာဏာပိုင်တို့၏ ဖိအားပေးမှုအမျိုးမျိုးကြောင့် ဖြုတ်ချထားခဲ့ရသောကြောင့် အာဏာပိုင်တို့က အတင်းအကြပ် ဖြုတ်ချထားခဲ့သော အဖွဲ့ချုပ်ဆိုင်းဘုတ်များအနက် အချို့ကို ပြန်လည်တင်ခွင့်ရခဲ့ပါသည်။ ထိုကာလအတွင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများအကြား တရားဝင်ဆက်ဆံရေးများ တိုးချဲ့လာနိုင်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်၊ မေလမှ ၂၀၀၃ ခုနှစ်၊ မေလအတွင်း ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့၏ စည်းရုံးရေးခရီးစဉ်များအတွင်း ပြည်သူလူထု၏ ထောက်ခံအားပေးပါဝင်မှုမှာ တစတစ မြင့်တက်လာခဲ့ရာ အာဏာပိုင်များက ဆန့်ကျင်ဖိနှိပ်မှုများ ပြန်လည်စတင်လာကြပါသည်။ ၂၀၀၃ ခုနှစ်၊ မေလ ခရီးစဉ်၏အောင်မြင်မှုမှာ အမြင့်ဆုံးအတိုင်းအတာသို့ ရောက်ခဲ့ပြီးနောက် မေလ (၃၀) ရက်နေ့၌ ဒီပဲယင်းမြို့နယ်အတွင်း၌ အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရပါသည်။ တနိုင်ငံလုံးရှိ အဖွဲ့ချုပ်ရုံးများကို သော့ခတ်၊ ချိတ်ပိတ်ခြင်း ခံခဲ့ရပါသည်။ ဒု–ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ခရီးစဉ်အတွင်းလိုက်ပါသည့် အဖွဲ့ဝင်များကို အကျဉ်းထောင်များတွင်ချုပ်နှောင်ထားရုံမျှမက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးကို နေအိမ်တွင် အကျယ်ချုပ်ချထားခဲ့ပါသည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလုဖေ၊ ဦးလွန်းတင်နှင့် ဦးညွန့်ဝေတို့ ပြန်လည်လွတ်မြောက်လာကြသည့်အခါ ဦးသန်းထွန်းနေအိမ်တွင် ဆက်သွယ်ရေးရုံးဖွင့်လှစ်၍ အဖွဲ့ချုပ်၏စည်းရုံးရေးလုပ်ငန်းများကို ပြန်လည်စတင်နိုင်ခဲ့ပါသည်။

၂၀၀၄ ခုနှစ်၊ ဧပြီလ နောက်ပိုင်း ရုံးချုပ်တစ်ခုတည်း လှုပ်ရှားခွင့်ရှိသည့်ကာလ။

၂၀၀၄ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူးဦးလွင်တို့ ပြန်လည်လွတ်မြောက်လာကြပြီး အဖွဲ့ချုပ်၏ ရွှေဂုံတိုင်လမ်းရှိ ရုံးချုပ်ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထိုကာလ မတိုင်မီအတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၎င်းတို့ တဖက်သတ်ချမှတ်ထားသည့် နိုင်ငံရေးလမ်းပြမြေပုံအရ ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန်၊ ယခင်ကတက်ရောက်ခဲ့သည့် အဖွဲ့ချုပ်ကိုယ်စားလှယ်များထံ ဖိတ်စာများပေးပို့ခဲ့ပါသည်။ အမျိုးသားညီလာခံသို့ ပြန်လည်တက်ရောက်ရန် အာဏာပိုင်တို့နှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက်၊ ညီလာခံသို့တက်ရောက်ခါနီးအချိန် တရက်အလိုတွင်မှ အာဏာပိုင်တို့က သဘောတူညီမှုကို တဖက်သတ်ပယ်ဖျက်ခဲ့သည်။ ထို့ကြောင့် ၂၀၀၄ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် အဖွဲ့ချုပ်အနေဖြင့် တက်ရောက်လိမ့်မည်မဟုတ်ကြောင်း ကြေညာခဲ့ပါသည်။

ထိုအချိန်များမှစပြီး အဖွဲ့ချုပ်ရုံးအဆောက်အဦးအတွင်းတွင် ဗဟိုလူငယ်လုပ်ငန်းအဖွဲ့၊ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့၊ ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီတို့ပါ ပူးတွဲဖွင့်လှစ်၍ စီမံခန့်ခွဲရေးနှင့် ရုံးလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများကို အချိန်ပြည့် ပြန်လည်ထမ်းဆောင်နိုင်ခဲ့ပါသည်။ သို့သော် ပြည်နယ်/တိုင်းနှင့် မြို့နယ်စည်းရုံးရေးအဖွဲ့ရုံးများကို ခေတ္တဟုဆိုပြီး အာဏာပိုင်တို့မှ ချိတ်ပိတ်ထားခြင်းမှာ ယနေ့ထက်တိုင် ပြန်လည်ဖွင့်လှစ်ပေးခြင်းမရှိသောကြောင့် စည်းရုံးရေးကော်မတီအဆင့်ဆင့်တို့မှာ စည်းရုံးရေးကော်မတီဝင်များ၏နေအိမ်များတွင် ဆက်သွယ်ရေးလမ်းကြောင်းများဖွင့်လှစ်၍ စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြပါသည်။

ထို့နောက် အကျဉ်းသားမျိုးစုံ သောင်းပေါင်းများစွာ တသုတ်ပြီးတသုတ် လွတ်မြောက်လာခဲ့ကြရာ ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသားအနည်းငယ်သာ ပါဝင်ခဲ့ပါသည်။ အဖွဲ့ချုပ်မှ အကျဉ်းကျခံ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျန်အကျဉ်းကျခေါင်းဆောင်များ၊ စည်းရုံးရေးကော်မတီအဆင့်ဆင့်မှ ကော်မတီဝင်များ၊ လူငယ်အဖွဲ့ဝင်များထဲမှအချို့ ပြန်လည်လွတ်မြောက်လာခဲ့ရာတွင် အများစုမှာ မိမိတို့မူရင်းတာဝန်များကို ပြန်လည်ထမ်းဆောင်ကြသဖြင့် စည်းရုံးရေးစွမ်းအားမြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ ဈေးနှုန်းများ ရုတ်တရက်မြင့်တင်လိုက်ခြင်းမှစတင်၍ အခြေခံစားသောက်ကုန်ဈေးနှုန်းများကြီးမားလာပြီး သံဃာတော်များအရေးအခင်းပေါ်ပေါက်လာခဲ့ပါသည်။ ထိုအရေးအခင်းကြောင့် ရဟန်း ရှင် လူ ပြည်သူ ကျောင်းသားကျောင်းသူများနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်ထောင်ပေါင်းများစွာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်း၊ ပြစ်ဒဏ်များကျခံရခြင်း၊ အချို့မှာ ယနေ့အထိ အမှုရင်ဆိုင်နေရခြင်းများ ရှိနေသည်။ အဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်/တိုင်း စည်းရုံးရေးကော်မတီဝင်များ တွေ့ဆုံ

ဆွေးနွေးပွဲများကို ၂၀၀၅ ခုနှစ်၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် စက်တင်ဘာလများတွင် ကျင်းပနိုင်ခဲ့ပါသည်။ ထိုအစည်းအဝေးများတွင် အဖွဲ့ချုပ်၏ လက်တွေ့ကြုံတွေ့နေရသော လက်ငင်းပြဿနာများအား ဆွေးနွေးဖြေရှင်းနိုင်ခဲ့သည့်အပြင် အဖွဲ့ချုပ်၏ရှေ့လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အကြံပြုတင်ပြနိုင်ခဲ့ပါသည်။

အာဏာပိုင်များက ၂၀၀၈ ခုနှစ်၊ မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုကျင်းပရန် စီစဉ်သောအခါတွင် ထိုဆန္ဒခံယူပွဲတွင်အတည်ပြုမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို အဖွဲ့ချုပ်က လက်မခံနိုင်သောကြောင့် ပြည်သူများက ကန့်ကွက်ဆန္ဒမဲပေးရန် အောက်ခြေအထိ စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ သို့သော် အာဏာပိုင်များက ၎င်းတို့ပြဋ္ဌာန်းထားသော ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများနှင့် မညီသောနည်းလမ်းများဖြင့် ထောက်ခံမဲများကိုရယူခြင်းစသည်တို့ဖြင့် အခြေခံဥပဒေမူကြမ်းအား အတည်ပြုခဲ့ပါသည်။ ထိုဆန္ဒခံယူပွဲအကြိုကာလတွင် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများကြောင့် အချို့ အဆက်ပြတ်နေသောအဖွဲ့ချုပ်အောက်ခြေအဖွဲ့အစည်းများ ပြန်လည်ရှင်သန်လာသည်ကိုတွေ့မြင်ရပါသည်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာ (၂၃) ရက်နေ့တွင် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းတင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေ၊ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်မေဝင်းမြင့်၊ ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်း၊ ပဲခူးတိုင်းစည်းရုံးရေးကော်မတီ တွဲဘက်အတွင်းရေးမှူး ဦးအောင်စိုးမြင့်တို့ လွတ်မြောက်လာခဲ့ရာ ၎င်းတို့အားလုံးမှ အဖွဲ့ချုပ်၏မူလတာဝန်များကို ပြန်လည်ထမ်းဆောင်နေကြပြီဖြစ်ပါသည်။ ထို့ပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏လုပ်ငန်းတာဝန်များကို ဝိုင်းဝန်းကူညီပံ့ပိုးရန်အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ချက်ချ၍ ပုဂ္ဂိုလ်(၁၂)ဦးကို လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးခဲ့ပါသည်။ ဤသည်မှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တိုးချဲ့ခြင်း၊ ဗဟိုကော်မတီဖွဲ့စည်းခြင်းတို့ မဟုတ်ပါ။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လုပ်သင့်လုပ်ထိုက်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

စည်းရုံးရေးလုပ်ငန်းများလက်ရှိအခြေအနေ။

အဖွဲ့ချုပ်၏ အဓိကအင်အားစုတရပ်ဖြစ်သော လူငယ်များ၏ ဖွဲ့စည်းရေးလုပ်ငန်းများကို ယခင်က အထက်မြန်မာပြည်လူငယ်ဖွဲ့စည်းရေးတာဝန်ခံ၊ အောက်မြန်မာပြည်လူငယ်ဖွဲ့စည်းရေးတာဝန်ခံများဟု ခွဲခြားတာဝန်ပေးခဲ့ပါသည်။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလမှစ၍ လူငယ်ဖွဲ့စည်းရေးလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရန် လူငယ်အကြံပေးကော်မတီနှင့် လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့တို့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ယခုအခါ လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့သည် ပြည်နယ်နှင့်တိုင်းများသို့ကွင်းဆင်းကာ လူငယ်အထောက်အကူပြုအဖွဲ့အစည်းများ ဖွဲ့စည်းပေးလျက်ရှိပါသည်။ အာဏာပိုင်များက ဖိအားပေးတားမြစ်မှုများကြောင့် လုပ်ငန်းစဉ်များ ဖျက်သိမ်းခဲ့ရသည်များရှိနေသော်လည်း ပြည်နယ်နှင့်တိုင်းများတွင် အရှိန်အဟုန်မပျက်အောင် ဆက်လက်ဆောင်ရွက်နေကြပါသည်။ ထို့အပြင် အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် တောင်းဆိုသည့် လက်မှတ်ရေးထိုးလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့သည် ၂၀၀၆ ခုနှစ် နှင့် ၂၀၀၇ ခုနှစ်တွင် အင်္ဂါနေ့တိုင်း ဝတ်ပြုဆုတောင်းပွဲများပုံမှန်ပြုလုပ်ခဲ့ရာ အာဏာပိုင်များက ဟန့်တားနှောင့်ယှက်မှုများရှိခဲ့ပါသည်။ ထိုအကြပ်အတည်းများကြားမှ ဆက်လက်ဆောင်ရွက်ခဲ့ရာ သံဃာ့အရေးအခင်းပေါ်ပေါက်ပြီးနောက်တွင် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းလောင်းပွဲများကို အဖွဲ့ချုပ် (ဌာနချုပ်) ရုံးရှေ့တွင် အင်္ဂါနေ့တိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့ချုပ်၏ ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များအနက် ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့သည် အချိန်ပြည့်ရုံးဖွင့်ဆောင်ရွက်နိုင်ပါသည်။ မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့အနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများဖွင့်၍ နေ့စဉ်ပုံမှန်လှုပ်ရှားဆောင်ရွက်နိုင်ပါသည်။ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် မကွေးတိုင်း စည်းရုံးရေးကော်မတီများသည် အဖွဲ့ချုပ်ရုံးတွင် ပုံမှန်အစည်းအဝေးများ ကျင်းပနိုင်ကြပါသည်။ သို့သော် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရခိုင်ပြည်နယ် စည်းရုံးရေးအဖွဲ့များ၏ ပုံမှန်အစည်းအဝေးများမှာ အာဏာပိုင်များ၏ဖိနှိပ်မှုကြောင့် မကြာခဏဆိုသလို ဖျက်သိမ်းရပ်နားထားရတတ်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်စည်းရုံးရေးအဖွဲ့ ပုံမှန်အစည်းအဝေးကို

ရုံးချုပ်သို့ပြောင်းရွှေ့ဆောင်ရွက်ခဲ့ရသည်များ ရှိခဲ့ပါသည်။ ကျန် ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များ၏ ပုံမှန်အစည်းအဝေးများအကြောင်း သတင်းပေးပို့မှု လက်ခံရရှိခြင်းမရှိပါ။

ထူးခြားဖြစ်စဉ်များ။

နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (International Labor Organization ILO) ၏ ဆက်သွယ်ရေးရုံးကို ၂၀၀၂ ခုနှစ်မှစတင်၍ ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တရားဝင်ဆက်ဆံမှုများရခဲ့ပါသည်။ အဓိကဦးတည်ချက်ဖြစ်သော အဓမ္မလုပ်အားပေးမှုကိစ္စရပ်များအပြင် ကလေးသူငယ်စစ်သည်များကိစ္စ၊ လူကုန်ကူးခြင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က တာဝန်ယူဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုကိစ္စများအတွက် တက်ကြွစွာဆောင်ရွက်သူများအား အာဏာပိုင်များက သွယ်ဝိုက်သောနည်းမျိုးစုံဖြင့် ဖိနှိပ်ခဲ့ရာ အချို့မှာ ထောင်ဒဏ်နှစ်ရှည်ခံစားနေရပါသည်။

၂၀၀၂ ခုနှစ်မှစ၍ အဖွဲ့ချုပ်နှင့်ကမ္ဘာ့ကုလသမဂ္ဂတို့ပူးပေါင်းလျက် ခုခံအားကျဆင်းမှုရောဂါ (HIV/AIDS) နှင့်ပတ်သက်၍ အဆင့်တူ၊ အရွယ်တူ ပညာပေးရေးအစီအစဉ် (PEER EDUCATION) အရ အဖွဲ့ချုပ်အဖွဲ့ဝင်များကို သင်တန်းပေးလျက် ရောဂါသည်များအကြား ဝင်ရောက်စည်းရုံးပညာပေးဆောင်ရွက်ပေးခဲ့ရာ များစွာအောင်မြင်မှုရခဲ့ပါသည်။ ထိုလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ကြသူများအား အာဏာပိုင်များက ဖိအားပေးနှောင့်ယှက်ခဲ့သော်လည်း အောင်မြင်စွာဆောင်ရွက်နေဆဲဖြစ်ပါသည်။

၂၀၀၈ ခုနှစ် မေလ (၂-၃) ရက်နေ့များတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်း တောင်ပိုင်းနှင့် ဧရာဝတီတိုင်းအနှံ့အပြားတို့တွင် သိန်းချီသောပြည်သူများ အသက်ဆုံးရှုံးရခြင်း၊ သန်းချီသော ပြည်သူလူထု အတိဒုက္ခရောက်ရခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုကိစ္စဖြစ်လျှင်ဖြစ်ခြင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံများသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအကူအညီများ၊ ဖြစ်သည့်နည်းဖြင့် ဒုက္ခသည်များထံသို့ ရောက်အောင်ပေးကြပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ အဖွဲ့ချုပ်အနေဖြင့်လည်း နာဂစ်မုန်တိုင်းဒဏ်ကယ်ဆယ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ထိုကော်မတီသည် အဖွဲ့ချုပ်အဖွဲ့ဝင်ပြည်သူများထံမှ အလှူငွေနှင့်ပစ္စည်းလက်ခံခြင်း၊ ဒုက္ခသည်များထံရောက်အောင် ဝေငှလှူဒါန်းခြင်းတို့ကို ပြည်နယ်/တိုင်း စည်းရုံးရေးကော်မတီများ၊ မြို့နယ်စည်း၊ ရပ်ကျေးစည်းများ၏ ပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ထူးခြားသောအောင်မြင်မှုများရရှိခဲ့ပါသည်။

သုံးသပ်ချက်။

နှစ် (၂၀)ကျော်ကာလအတွင်း အဖွဲ့ချုပ်၏စည်းရုံးရေးလုပ်ငန်းများ အောင်မြင်မှု အတက်/အကျ အနေအထားကိုလေ့လာသုံးသပ်လျှင် ဤသို့တွေ့ရပါသည်။ အဖွဲ့ချုပ်သည် မြင်သာခိုင်မာသော ရည်မှန်းချက်တစုံတရာကို ဦးတည်နေသည့်အခါတွင် အခြေခံအဖွဲ့ချုပ် အဖွဲ့ဝင်များအပါအဝင် တနိုင်ငံလုံးမှပြည်သူများ၏ တက်ကြွနိုးကြားမှုသည် အမြင့်မားဆုံးနှင့် အကျယ်ပြန့်ဆုံးသို့ လျှင်မြန်စွာရောက်ရှိလာပြီး ကြုံတွေ့ရသည့်အခက်အခဲများကို ရဲဝံ့စွာရင်ဆိုင်နိုင်စွမ်းရှိကြသည်ကိုတွေ့ရပါသည်။ (ဥပမာ . . . ရွေးကောက်ပွဲအကြိုကာလ) ထိုနည်းတူစွာပင် မိမိတို့ချစ်ခင်ယုံကြည်ကိုးစားသော ခေါင်းဆောင်များက ကိုယ်တိုင်လာရောက်ထိတွေ့စည်းရုံးသောအခါများတွင်လည်း အပင်ပန်းအဆင်းရဲခံလျက် တက်ကြွစွာပါဝင်ကြသည်ကို ဒေါ်အောင်ဆန်းစုကြည်၏ မရေမတွက်နိုင်သော စည်းရုံးရေးခရီးစဉ်များက သက်သေခံလျက်ရှိပါသည်။

တစ်ဖန် အခြေခံစည်းရုံးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်မှုမှာလည်း အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် အာဏာပိုင်တို့အကြား ဆက်ဆံမှုအပေါ်တွင် အဓိကမှီတည်နေသည်ကို မငြင်းနိုင်ပါ။ ခေါင်းဆောင်ပိုင်းဆက်ဆံရေး ပြေပြစ်နေလျှင် အောက်ခြေမှစည်းရုံးရေးအဖွဲ့ဝင်များအပေါ် ဖိနှိပ်မှုမှာ လျော့ကျလာလျက် ဆက်ဆံမှုမပြေလည်ပါက နှိပ်ကွပ်ကန့်သတ်ချက်များတိုး၍ပြုလုပ်လာသည်ကို တွေ့ရပါသည်။ (ဥပမာအားဖြင့် . . . ယုံကြည်မှုတည်ဆောက်ရေးကာလ) သို့သော်လည်း အဖွဲ့ချုပ်က ပြေပြေပြစ်ပြစ် လိုက်လိုက်လျောလျောရှိလျှင် အာဏာပိုင်တို့က လွတ်လပ်

စွာစည်းရုံးခွင့်၊ လှုပ်ရှားခွင့်ပြုလိမ့်မည်ဟု မဆိုနိုင်ပါ။ ဥပမာအားဖြင့် အဖွဲ့ချုပ်သည် အမျိုးသားညီလာခံတက်နေသော (၃)နှစ်တာကာလတွင် အခြေခံစည်းရုံးရေးကော်မတီဝင်များအား ပြုပြင်ဖွဲ့စည်းခြင်း၊ အင်အားတိုးမြှင့်ခြင်း စသည်တို့ကို ပြုလုပ်ခွင့်မရခဲ့ပါ။ တဖန် အစပိုင်းတွင် ၎င်းတို့ကခွင့်ပြု၍ သို့မဟုတ် အရေးမယူ၍ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာခဲ့၍ လှုပ်ရှားမှုအရှိန်အဟုန် မြင့်တက်လာလျှင်လည်း ချက်ခြင်းဆိုသလို တဖက်သတ်အင်အားသုံး၍ ဖြိုခွင်းရန်ဝန်မလေးသည်ကို တွေ့ရပါသည်။ အချို့ကိစ္စများတွင်လည်း နိုင်ငံတကာမှ တောင်းဆိုမှုများအပါအဝင် အခြေအနေအရပ်ရပ်ကြောင့် ခွင့်ပြုထားသယောင်ရှိနေသော်လည်း အမှန်တွင် နောက်ကွယ်မှ ဖိအားပေးအရေးယူမှုများကိုလည်း တွေ့မြင်နေရပါသည်။ ဥပမာ . . . နာဂစ်လေဘေးအကူအညီပေးရေးကိစ္စ၊ ILO ကိစ္စများ HIV/ AIDS ကိစ္စများ။

ထို့ကြောင့် အဖွဲ့ချုပ်၏အနာဂတ်စည်းရုံးရေးလုပ်ငန်းစဉ်များအတွက် အစီအစဉ်ချမှတ်ရာတွင် မြင်သာခိုင်မာသော ဦးတည်ချက်ပန်းတိုင်ရှိရေး၊ မိမိတို့ခေါင်းဆောင်များ လွတ်လပ်စွာဆောင်ရွက်ခွင့်ရရှိရေး၊ အခြေခံစည်းရုံးရေးအဖွဲ့များ လှုပ်ရှားနိုင်သည့်ခွင့် တခုရရှိရေး စသည်တို့အားထည့်သွင်းစဉ်းစားရန်လိုကြောင်း သုံးသပ်မိပါသည်။

နိဂုံးချုပ်။

အဖွဲ့ချုပ် စတင်ဖွဲ့စည်းတည်ထောင်သည်မှ ယနေ့အထိ အဖွဲ့ဝင်ထု၏ ရပ်တည်ချက်ခိုင်မာမှု အခက်အခဲအကြပ်အတည်းများနှင့် ဖိနှိပ်မှုအမျိုးမျိုးကြားမှ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြံ့ကြံ့ခိုင်ရပ်တည်မှုတို့ကို အဖွဲ့ချုပ်က လေးစားဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ အဖွဲ့ချုပ်ကလည်း မိမိတို့ချမှတ်ထားသော မူဝါဒသဘောထားများနှင့် ရွေးကောက်ပွဲတွင် ပြည်သူလူထုအား ပေးထားသောကတိကဝတ်များကို လေးစားလိုက်နာပြီး စနစ်တကျ စည်းရုံးလှုပ်ရှားလျက်ရှိပါသည်။

ထို့အပြင် အဖွဲ့ချုပ်စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းရှိမှုတို့ကို အလေးထား၍ ကျစ်လစ်ခိုင်မာသော နိုင်ငံရေးအဖွဲ့အစည်းတရပ်ဖြစ်ရေး၊ မည်သည့်အခြေအနေတွင်မဆို အဖွဲ့ချုပ်လုပ်ငန်းများကို ပြည်သူတို့၏ဆန္ဒသဘောထားများနှင့်အညီ အကောင်အထည်ဖော်သွားရေး၊ ဒီမိုကရေစီလှုပ်ရှားမှုအောင်မြင်ရေးတို့အတွက် အဖွဲ့ချုပ်၏နိုင်ငံရေးဦးဆောင်မှု ဆက်လက်ရှင်သန် ထက်မြက်ရေးတို့ကို စီမံဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ အဖွဲ့ချုပ်၏ရှေ့ခရီးအတွက် အထက်ပါအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြကာ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု အဖွဲ့ချုပ်က အလေးအနက်ယုံကြည်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈–၂၉) ရက်နေ့များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တင်သွင်းသည့် နိုင်ငံရေးအစီရင်ခံစာ

၁။ နိဒါန်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလတလျှောက် ပြည်သူတို့၏ အကျိုးအတွက် နိုင်ငံအား ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ်သို့ရောက်ရှိစေရန် ကြိုးပမ်းခဲ့ကြသော လုပ်ဖော်ကိုင်ဖက်အပေါင်းတို့အား ဂုဏ်ပြုရင်း ယနေ့တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာကြသော အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ စည်းရုံးရေးမှူးများအား လေးစားစွာကြိုဆိုနှုတ်ခွန်းဆက်အပ်ပါသည်။

ယခုကဲ့သို့ နှစ်ဦးချိန်ခါသမယတွင် မိသားစု မိတ်သင်္ဂဟတို့နှင့် အနားမယူနိုင်ဘဲ ရတက်မအေးစရာ နိုင်ငံ၏ အရေးအတွက် စုပေါင်းဆွေးနွေးအဖြေရှာရန် ရောက်ရှိလာကြခြင်းကိုလည်း နှစ်ထောင်းအားရဖြစ်မိပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေမှာ ဒီမိုကရေစီဆိတ်သုဉ်းခဲ့စဉ်မှစ၍ ဆက်တိုက်ဆိုသလို ဆုတ်ယုတ်ကျဆင်းလာခဲ့ရာ ယခုအခါတွင် သာမန်ပြည်သူများအနေနှင့် မကြုံစဖူး အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ယင်းအခက်အခဲများကို လွန်မြောက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် အဖွဲ့ချုပ်တွင်လည်း တာဝန်ရှိသည့်အတိုင်း လက်ရှိနိုင်ငံရေးအခြေအနေကို သုံးသပ်ရင်း ရှေ့အတွက် လုပ်ငန်းစဉ်များကို ချမှတ်ရန်လိုအပ်နေပါသည်။

သို့ဖြစ်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေနှင့် အဖွဲ့ချုပ်၏ လက်ရှိရပ်တည်ချက်ဖြစ်သော . . .

(က) အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊

(ခ) ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေး၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊

(ဃ) တွေ့ဆုံဆွေးနွေးရေး၊

တို့ကို အခြေခံကာ တင်ပြဆွေးနွေးသွားမည်ဖြစ်ပါသည်။ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များကလည်း ပြည်သူတို့၏ ဆန္ဒနှင့်အကျိုးစီးပွားကို ထင်ဟပ်လျက် ပွင့်လင်းစွာဆွေးနွေးဝေဖန် အကြံပြုကြမည်ဟု ယုံကြည်ပါသည်။

၂။ (က) နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး။

ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအရေအတွက်မှာ တစ်စတစ်စ တိုးတက်များပြားလာခဲ့ရာ၊ စုစုပေါင်း (၂၁၀၀)ကျော်နေပြီဖြစ်ပါသည်။ ဤဖြစ်ရပ်က နိုင်ငံနှင့်အဝှမ်း လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှုအခြေအနေ ယိုယွင်းသည်ထက်ယိုယွင်းလာခြင်းကို ပြဆိုနေပေသည်။ ယင်းသို့ အခြေအနေပိုမိုဆိုးဝါးလာသည့်အတွက် မခံမရပ်နိုင်မှုများလည်း တိုးပွားလာရာ ဖမ်းဆီးနှိပ်ကွပ်မှုများကလည်း ပိုမိုများပြားလာပါသည်။ ဤသို့ဖြင့် အဆိုးသံသရာလည်ပတ်နေပေသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အထူးစုံစမ်းစစ်ဆေးသူ (Mr. Tomas Ojea Quintana) က (၁၁–၃–၀၉) နေ့တွင် တင်သွင်းသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေအစီရင်ခံစာတွင် . . .

"မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးမှာ စိမ်ခေါ်နေဆဲတွင်ရှိနေပြီး၊ လျင်မြန်စွာနှင့် ထိရောက်စွာ ကိုင်တွယ်ရန် လိုအပ်နေပေသည်။"

ဟု ထောက်ပြခဲ့ပါသည်။ ဆက်လက်၍လည်း အာဏာပိုင်များအနေဖြင့် ပြုပြင်သင့်သည့်အချက်များကို ထည့်သွင်းတိုက်တွန်းသွားပါသည်။

အာဏာပိုင်တို့က မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ကူပြောင်းရေးအတွက် လမ်းစဉ်ချမှတ်ဆောင်ရွက်နေသည်ဟု ပြောဆိုနေစဉ် တစ်ဘက်တွင်လည်း မိမိနှင့်သဘောထားကွဲလွဲသူများအပေါ် ဖမ်းဆီးအရေးယူ၍ နှစ်ရှည်ထောင်ဒဏ်များချမှတ်ခြင်း၊ ဝေးလံသည့်ဒေသများသို့ပို့ကာချုပ်နှောင်ခြင်းများ ပြုလုပ်နေသည်မှာ ဒီမိုကရေစီလမ်းကြောင်းနှင့်လည်းကောင်း၊ တရားဥပဒေစိုးမိုးမှုနှင့်လည်းကောင်း ဖီလာကျလျက်ရှိပါသည်။

အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင်ဖမ်းဆီးထိန်းသိမ်းထားခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ လက်အောက်ခံအဖွဲ့အစည်းတခုဖြစ်သော ကြောင်းကျိုးမဲ့ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းအဖွဲ့ (UN Working Group on Arbitrary Detention) က . . .

"ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ ပုဒ်မ (၉)၊ (၁၀) နှင့် (၁၉) တို့ကို ကျူးလွန်ရာရောက်သည့်အတွက် ကျိုးကြောင်းဆီလျော်မှု မရှိရုံသာမက ပြည်တွင်းဥပဒေတို့ကိုပါ ဖောက်ဖျက်ရာကျကြောင်း"

ကြေညာခဲ့ပါသည်။ ဤလုပ်ငန်းအဖွဲ့တွင် Chile, Pakistan, Russian Federation, Senegai ESifh Spain နိုင်ငံတို့ ပါဝင်ကြပါသည်။ ထို့အပြင် ၂၀၀၉ ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့၌ တရုတ်ပြည်သူ့သမတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့တွင် နိုင်ငံတော်ဝန်ကြီးချုပ်အား တွေ့ဆုံဆွေးနွေးရာ၌ တရုတ်ပြည်သူ့သမတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ကလည်း (၁) နိုင်ငံတော်တည်ငြိမ်ရေး၊ (၂) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ (၃) အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ရိုးသားစွာမျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးလိုအပ်ချက်အဖြစ် ပြောကြားခဲ့ပါသည်။

သို့ဖြစ်၍ အဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်ကြသည့် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များ၊ ဆရာတော်သံဃာတော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မင်းကိုနိုင်၊ ကိုကိုကြီး စသည့် ကျောင်း သားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ရုံးများ ပြန်လည်ဖွင့်လှစ်ရေး၊ ဖျက်သိမ်းခံထားကြရသည့် နိုင်ငံရေးပါတီများ ပြန်လည်မှတ်ပုံတင်ခွင့်ပြုရေး၊ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပြုရေးတို့မှာ ဒီမိုကရေစီလမ်းကြောင်းတွင် ဖန်တီးပေးရမည့် နိုင်ငံရေးအခင်းအကျင်းဖြစ်ပါသည်။ သို့သော် လက်တွေ့တွင် တရားဝင်ပါတီပင်မဖြစ်ခဲ့ဖူးသည့် အုပ်စုများ၊ လူမှုရေးအဖွဲ့ဆိုသည်များက ပြောင်ပြောင်တင်းတင်း မဲဆွယ်စည်းရုံးနေနိုင်သည်မှာ နားလည်ပေးရခက်သည့်ကိစ္စ ဖြစ်ပါသည်။

၂။ (ခ) ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေး။

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်သည်ဆိုသည့်အချက်ကို ထိုစဉ်က ရွေးကောက်ပွဲကိုကြီးမှူးကျင်းပပေးခဲ့သည့် အာဏာပိုင်တို့ကိုယ်တိုင်က အသိအမှတ်ပြုခဲ့ပါသည်။ ရွေးကောက်ပွဲ၏ အကျိုးဆက်ရလာဒ်အနေဖြင့် လွှတ်တော်ခေါ်ယူ၍ အာဏာလွှဲပြောင်းပေးပြီး ဒီမိုကရေစီနိုင်ငံထူထောင်ရန်မှာ ပုံမှန်ဖြစ်လာရမည့်ကိစ္စဟု မဲဆန္ဒရှင်များအပါအဝင် အများက မှတ်ထင်ယုံကြည်ခဲ့သည့်ကိစ္စဖြစ်ပါသည်။ သို့ရာတွင် မျှော်လင့်သလိုဖြစ်မလာခဲ့သည်မှာလည်း အားလုံးအသိပင်ဖြစ်ပါသည်။

အမှန်ဆိုရလျှင် (၁၉၉၀) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) နှင့်အညီ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များဖြင့်လွှတ်တော်ဖွဲ့စည်းပေးရေးမှာ နဝတ (နအဖ) ၏ ၂၇–၇–၉၀ နေ့တွင်ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် (၁/၉၀)၊ အပိုဒ် (၁၂) အရ ပေါ်လွင်လျက်ရှိပါသည်။ အဆိုပါ (၁/၉၀) ကြေညာချက်တွင် . . .

"လွှတ်တော်ဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်" ဟု အတိအလင်းဖော်ပြခဲ့ပါသည်။ ထို့ကြောင့် လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရန်အတွက် အာဏာပိုင်အဖွဲ့အစည်းတွင် နိုင်ငံတကာစံနှုန်းများအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း၊ ကျင့်ဝတ်သိက္ခာအရလည်းကောင်း၊ တာဝန်ရှိမြဲရှိနေပါသည်။

ထိုနည်းတူစွာ (၁၉၉၀) ပြည့် ရွေးကောက်ပွဲရလာဒ်ကို ကုလသမဂ္ဂအထွေထွေညီလာခံကလည်း နှစ်ပေါင်းများစွာ အကြိမ်ကြိမ်အသိအမှတ်ပြုထားသည်ကို မေ့ပစ်၍ မရစကောင်းပါ။ အကောင်အထည်ဖော်ရန် ပျက်ကွက်ပါက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတနိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် သိက္ခာမဲ့ပြီး လူမျိုးနှင့်ချီ၍ မျက်နှာပျက်စရာဖြစ်မည်မလွဲပါ။

တစ်ဖက်တွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားတွေးခေါ်နိုင်သည့် အဖွဲ့အစည်းဖြစ်သကဲ့သို့ လက်တွေ့ကျကျ လုပ်ဆောင်ရန်လည်း ဝန်လေးမည်မဟုတ်ပါ။ ရွေးကောက်ပွဲ၏ ရလာဒ်ဖြစ်သော ပြည်သူ့လွှတ်တော်၏အခန်းကဏ္ဍမှာ မည်မျှအထိတိုက်စားခံခဲ့ရသည်ကို နားလည်သဘောပေါက်ထားပါသည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာကအံ့သြရလောက်အောင် တည်တည်ငြိမ်ငြိမ် တက်တက်ကြွကြွနှင့် ပြည်သူလူထု၏ဆန္ဒအမှန်ကို ဖော်ထုတ်နိုင်ခဲ့သည့် (၁၉၉၀) ရွေးကောက်ပွဲ၏ရလာဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တနည်းနည်းဖြင့် အသိအမှတ်ပြုရမည်သာဖြစ်သည်။ ဒီမိုကရေစီလမ်းကြောင်းအတိုင်း သက်ဆိုင်သူများအားလုံး သဘောထားညီညွတ်စွာဖြင့် နိုင်ငံရေးအရ ရှေ့ဆက်လျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်က ပြည်သူအပ်နှင်းခဲ့သည့် လုပ်ပိုင်ခွင့်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးသွားခဲ့သည်ဆိုလျှင် ရွေးကောက်ပွဲနှင့်ပတ်သက်ခဲ့ကြသည့် တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအဖို့ ဂုဏ်ငယ်စရာမရှိပါ။

၂။ (ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်ရေး။

နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားများ၏ ဘဝရပ်တည်ရှင်သန်ရေးအခြေအနေကို အဆုံးအဖြတ်ပေးနိုင်ပါသည်။ ယင်းအခြေခံဥပဒေသည် ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီပါက ရွေးကောက်ပွဲကျင်းပပေးသည့်တိုင် ပြည်သူလူထုသည် အခြေခံအခွင့်အရေးများနှင့်ပြည့်စုံပြီး သာယာချမ်းမြေ့သည့်ဘဝကို ပိုင်ဆိုင်နိုင်ရန် အခွင့်အလမ်းရှိမည်မဟုတ်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၅-၇-၈၉) နေ့ သတင်းစာရှင်းလင်းပွဲတွင် . . .

> "× × × ကျွန်တော် ဘာပြင်းစရာရှိလဲဗျာ။ ကျွန်တော်လွှဲပေးရမှာပေါ့။ ဖွဲ့လေ၊ ဖွဲ့လို့ရရင် လွှဲရုံပေါ့။ ဘယ် (Constitution) ကို ယူမလဲ၊ နိုင်ငံတခုရှိရင် အစိုးရတခုရှိရမယ်။ သူ့မှာ (Constitution) ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမယ်။ ဘယ်ဟာကို (recognize) လုပ်မလဲ၊ (amendment) လုပ်မလား။ ဘာညာ ဒါတွေက ပါတီတွေစဉ်းစားကြရမယ့် ကိစ္စဗျ။"

ဟု ပြောကြားခဲ့ပါသည်။

တဖန် ယနေ့အထိ တည်ဆဲဖြစ်နေသည့် နဝတ (နအဖ) ၏ (၁/၉၀) ကြေညာချက်အပိုဒ် (၂၀)တွင် . . .

> "× × × ယနေ့အခြေအနေတွင် ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန်တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်"

ဟု ရှင်းလင်းစွာဖော်ပြခဲ့ပေသည်။ သို့ရာတွင် နဝတ (နအဖ) က ကြီးမှူးဖွဲ့စည်းကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် လွှတ်တော်ကိုယ်စားလှယ်များသည် အစုအဖွဲ့တခုအဖြစ်သာပါဝင်ခွင့်ရခဲ့ပြီး ဆုံးခန်းတိုင်အောင်လည်း တက်ရောက်နိုင်ခြင်းမရှိခဲ့ပါ။ ထို့ပြင် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီတွင်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှပင် မပါဝင်ခဲ့ပါ။

ယင်းအခြေခံဥပဒေမူကြမ်းကို အတည်ပြုရန်အတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရာတွင် ပြည်သူ့ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေတို့ကို ဆန့်ကျင်ချိုးဖောက်ခဲ့သည့်လုပ်ရပ်များအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက်ခဲ့ပါသည်။

အထက်ပါအခြေအနေများကို ဖြတ်သန်းလာခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီသည့်အပိုဒ်များပါဝင်နေသည်ကို အလွယ်တကူတွေ့မြင်နေရပါသည်။

သို့ဖြစ်၍ တိုင်းပြည်၏အနာဂတ်အတွက် သေရေးရှင်ရေးတမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကစီစံနှုန်းနှင့်မကိုက်ညီသည့်အချက်များကို ယင်းဥပဒေအာဏာတည်ခြင်းမရှိသေးမီ ပြန်လည်သုံးသပ်ပြင်ဆင်ရေးမှာ အမှန်တကယ်လိုအပ်ပါသည်။ ဤနေရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၃) ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ ညှိနှိုင်းအစည်းအဝေးတွင် . . .

> "× × × ပါတီစုံရွေးကောက်ပွဲပြီးရင် ဘာလုပ်ကြမလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဖို့ပဲဖြစ်တယ်။ ဒီကိစ္စကိုယ့်အနေနဲ့ (၅–၇–၈၉) နေ့က ပြောတဲ့အထဲမှာ ပါပါတယ်။ န၀တ က မရေးဘူးဆိုတာ ပြောပြီးပြီပဲ။ တရားခံလည်း အဖြစ်မခံနိုင်ဘူး"
>
> "× × × အခြေခံဥပဒေကို အရွေးခံရတဲ့ပါတီအဖွဲ့အစည်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စ"

ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကသာ ရေးဆွဲရမည်၊ ရေးဆွဲခွင့်ရှိသည်တို့ကို လူသိရှင်ကြား ပြောဆိုခဲ့ပြီးဖြစ်ပါသည်။

၂။ (ဃ) တွေ့ဆုံဆွေးနွေးရေး။

အငြင်းပွားဖွယ်ကိစ္စများကို ဖြေရှင်းရာတွင် သက်ဆိုင်သူများအကြား တွေ့ဆုံဖြေရှင်းခြင်းကို တကမ္ဘာလုံးအတိုင်းအတာဖြင့် 'စံ'အဖြစ် လက်ခံထားပြီး ကျင့်သုံးလျက်ရှိနေကြပါသည်။ နိုင်ငံများအကြား အငြင်ပွားမှုတွင် သာသူ နာသူ ရှိနိုင်သော်လည်း နိုင်ငံအတွင်း အချင်းချင်းအငြင်ပွားရာတွင်မူ နိုင်ငံအတွက် အမြဲနစ်နာစရာသာဖြစ်ပါသည်။ နိုင်ငံနစ်နာလျှင် အားလုံးနစ်နာခြင်းပင်ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တွေ့ဆုံဆွေးနွေး၍ဖြေရှင်းမှုကို တစ်စိုက်မတ်မတ် ကိုင်စွဲလာခဲ့ခြင်းဖြစ်ပါသည်။

အဖွဲ့ချုပ်၏ (၁၇–၂–၀၉) အထူးကြေညာချက်အမှတ် (၂/၀၂/၀၉) တွင် "ကြိုတင်စည်းကမ်းသတ်မှတ်ချက်များမထားဘဲ ကိုယ်တိုင်ကိုယ်ကျ အမြန်ဆုံးတွေ့ဆုံဆွေးနွေးခြင်းသည်သာ တိုင်းပြည်အတွက် အထူးတလည်အကျိုးကျေးဇူးများ ပေါ်ပေါက်လာနိုင်ရန် အသင့်လျော်ဆုံးနည်းလမ်းဖြစ်ပါသည်"ဟု ပြောကြားခြင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုပါသည်ဟုလည်းကောင်း ဖော်ပြခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် (Mr. Ibrahim Cambari) က (၂၀–၂–၀၉) နေ့စွဲဖြင့် လုံခြုံရေးကောင်စီသို့ အစီရင်ခံရာတွင် . . .

> "ဤကိစ္စနှင့်ပတ်သက်၍ အထွေထွေအတွင်းရေးမှူးချုပ်၏ ဖေဖော်ဝါရီလ (၅) ရက် ကြေညာချက်တွင် နှစ်ဖက်စလုံးတို့အား ကြိုတင်စည်းကမ်းချက်များနှင့် ကြန့်ကြာနှောင့်နှေးခြင်းမရှိဘဲ တွေ့ဆုံဆွေးနွေးမှု ပြန်လည်ပြုလုပ်ကြရန် တိုက်တွန်းခဲ့ကြောင်း"

ဟု ဖော်ပြပါရှိခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရေးမှ ရှေ့အနာဂတ်အတွက် နှစ်ဘက်သဘောတူဆောင်ရွက်နိုင်မည့် အခွင့်အလမ်းအများအပြား ပေါ်ပေါက်လာနိုင်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည်တည်ငြိမ်ရေးအတွက် တိုင်းရင်းသားများ၏ အခွင့်အရေး၊ နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေး၊ အခြေခံဥပဒေပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို တစ်နည်းနည်းဖြင့် အကောင်အထည်ဖော်ရေး၊ နောင်လာမည့် ရွေးကောက်ပွဲများအရေး စသည့်အကြောင်းအရာတို့သည် ဤတွေ့ဆုံဆွေးနွေးခြင်း ခေါင်းစဉ်အောက်တွင် အကျုံးဝင်လာကြမည်ဖြစ်ပါသည်။

ဤသို့တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် တပ်မတော်အပါအဝင် သက်ဆိုင်သူများအားလုံး အကျိုးမဲ့ခြင်းမရှိဘဲ၊ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာ မည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံ၏ပြဿနာအဝဝကို ပြေလည်စေရေးမှာ စားပွဲဝိုင်းမှပင် စတင်ရမည်ဟု ယုံကြည်သည့်အတိုင်း အဆုံးအဖြတ်ပေးနိုင်မည့် သက်ဆိုင်သူများပါဝင်သော အဓိပ္ပာယ်ပြည့်ဝသည့်ဆွေးနွေးပွဲ ကျင်းပရေးမှာ အဖွဲ့ချုပ်မူဝါဒများ၏ကျောရိုးအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ယင်းအခြေခံကိုကိုင်စွဲလျက် အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အဆုံးအဖြတ်ပေးနိုင်မည့် သက်ဆိုင်သူများပါဝင်သော ကြိုတင်စည်းကမ်းသတ်မှတ်မထားသည့် တွေ့ဆုံဆွေးနွေးပွဲကို အပြန်အလှန်ယုံကြည်လေးစားမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအခြေခံ၍ အမြန်ဆုံး ကျင်းပရန်၊

(၂) အထက်ပါဆွေးနွေးပွဲမှပေါ်ထွက်လာမည့် သဘောတူညီချက်အပေါ်မူတည်၍ အာဏာပိုင်တို့က ၎င်းတို့ကိုယ်တိုင်ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ(၃)နှင့်အညီ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန်၊

(၃) ယင်းပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီကို ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြင့် ဖွဲ့စည်းပေးရန်၊

(၄) ယင်းသို့ အတည်ပြုပြီးသော သဘောတူညီချက်မှ ပေါ်ထွက်လာမည့် ရှေ့အနာဂတ်လမ်းကြောင်းအတိုင်း သက်ဆိုင်သူများအားလုံးသည် ပြည်သူလူထုနှင့် လက်တွဲလျှောက်လှမ်းကြရန်။

(၃) (၂၀၁၀) ရွေးကောက်ပွဲအပေါ် သဘောထား။

ပြဿနာများပြေလည်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏လုပ်ငန်းစဉ်မှာ အထက်တွင်ဖော်ပြခဲ့သည့် အပိုဒ် ၂။ (ဃ) ပါ အဆင့် (၄)ဆင့်ပင်ဖြစ်ပါသည်။ ဤသို့ ဖြေရှင်းခြင်းဖြင့်သာလျှင် ရေရှည်တည်တန့်မည့် နိုင်ငံ၏ တည်ငြိမ်မှုဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ရာတွင် ဆွေးနွေးပြေလည်မှု၏ ရလဒ်တစ်ခုမဟုတ်ဘဲ အာဏာပိုင်များက မိမိအစီအစဉ်ဖြင့် မိမိ (၂၀၁၀) ရွေးကောက်ပွဲကို ကျင်းပသွားခဲ့သော် အဖွဲ့ချုပ်အနေဖြင့် မည်သို့ရပ်တည်သွားမည်ကို ပြည်တွင်းပြည်ပအားလုံးကပင် သိရှိလိုနေကြပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထုထံပါးမှလည်းကောင်း၊ ဒီမိုကရေစီတိုက်ပွဲမှလည်းကောင်း၊ မည်သည့်အခါမျှ စွန့်ခွာသွားမည်မဟုတ်ပါ။ ရွေးကောက်ပွဲသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါသည်။

သို့ဖြစ်၍ အထက်ပါအတိုင်း (၂၀၁၀) ရွေးကောက်ပွဲကို ကျင်းပမည်ဆိုပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် . . .

(၁) အဖွဲ့ချုပ်ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးလျှင်၊

(၂) ၂၀၀၈ ခုနှစ် အခြေခံဥပဒေမှ ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီသည့်အချက်များကို ဖယ်ရှားပေးလျှင်၊

(၃) အားလုံးလွှမ်းခြုံပါဝင်နိုင်သည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် နိုင်ငံတကာ၏ စောင့်ကြပ်လေ့လာမှုကို ခွင့်ပြုလျက် ကျင်းပပေးလျှင်၊

အဆိုပါရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်သည်။

နိဂုံး။

ယခုကဲ့သို့ နိုင်ငံအတွက် အဆုံးအဖြတ်ပေးရမည့် လမ်းဆုံ၊ လမ်းခွသို့ ရောက်ရှိနေချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့အကျိုးအတွက် ပြတ်သားသော ဆုံးဖြတ်ချက်ကို ချမှတ်ရမည်သာဖြစ်သည်။

အခြေအနေမှန်သမျှသည် အစဉ်ပြောင်းလဲလျက်ရှိရာ ပြောင်းလဲမှုကိုရင်ဆိုင်နိုင်ရန် မိမိဘက်ကလည်း ပြင်ဆင်ထားရန်လိုအပ်ပါသည်။ ပြင်ဆင်သည်ဆိုရာတွင်လည်း မိမိဖြစ်ချင်သည်များထဲမှ ဖြစ်သင့်သည်များကိုလည်းကောင်း၊ တစ်ဖန်ဖြစ်သင့်သည်များထဲမှ ဖြစ်နိုင်သည်များကိုလည်းကောင်း အသေအချာရွေးထုတ်ကာ ပြင်ဆင်ကြရပါမည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ရှေ့အဖို့လျာထားသည့် နိုင်ငံရေးလမ်းစဉ်အကျဉ်းချုပ်ကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်များ အကြေအလည်ဆွေးနွေးနိုင်ရန် ရှင်းလင်းစွာတင်ပြထားပါသည်။ ကိုယ်စားလှယ်တော်များကလည်း အလေးထားဆွေးနွေးကြမည်ဟု ယုံကြည်ပါကြောင်း ထပ်လောင်းတင်ပြအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ် ဧပြီလ (၂၉) ရက်
၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် (၆) ရက်

"ရွှေဂုံတိုင် ကြေညာစာတမ်း"

ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြည်သူလူထုအပေါင်း မျှော်မှန်းထားသည့်အတိုင်း ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်သွားရေး ကြိုးပမ်းရာတွင် လက်ငင်း ကြုံတွေ့နေရသော နိုင်ငံရေးအကြပ်အတည်းများအားလုံးကို ဖြေရှင်းနိုင်ရေး ရည်ရွယ်လျက် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့ဝင်များ၊ ယနေ့ထက်တိုင် အဖွဲ့ချုပ်နှင့်အတူတကွ ရပ်တည်နေကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးလုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များ၊ လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ၂၀၀၉ ခုနှစ် ဧပြီလ (၂၈/၂၉) ရက်နေ့များတွင် နိုင်ငံရေး၊ စည်းရုံးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်တင်ပြခြင်း၊ အခြေအနေအရပ်ရပ်ကို တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ဆွေးနွေးရာတွင် ပြဿနာအားလုံး ပြေလည်သွားစေမည့် အကောင်းဆုံးနည်းလမ်းဖြစ်သော တွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်လာစေရေးအတွက် အခြေအနေကောင်းများဖန်တီးပေးနိုင်မည့် အစီအစဉ်များကို အများသဘောတူညီကြသည့်အလျောက် ပြည်သူလူထုအား အသိပေးနိုင်ရန် ဤရွှေဂုံတိုင်ကြေငြာစာတမ်းကို ထုတ်ပြန်ကြေညာလိုက်သည်။

အဖွဲ့ချုပ်သည် နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို ရှေ့ရှုလျက် လက်ငင်းကြုံတွေ့နေရသော နိုင်ငံရေးအကျပ်အတည်းများဖြစ်သည့် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး အခွင့်အရေးတန်းတူညီမျှမှုကို အခြေခံသည့် စစ်မှန်သောပြည်ထောင်စုကြီး တည်ဆောက်ရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရေးတို့သည် လက်ငင်းဖြေရှင်းရမည့် အဓိကပြဿနာများဖြစ်သည်ဟု ယူဆသည်။

ယင်းကိစ္စရပ်များအပေါ် အဖွဲ့ချုပ်၏ ရပ်တည်ချက်များမှာ . . .

(က) ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရေး၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊

ဒီမိုကရေစီနိုင်ငံတော်တစ်ရပ် တည်ဆောက်ရန် ဒီမိုကရေစီမူများအပေါ် အခြေခံသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အာဏာတည်ခြင်းမရှိသေးသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)တွင် ဒီမိုကရေစီအခြေခံမူဝါဒများနှင့် မကိုက်ညီသည့်အချက်များ ပါဝင်နေသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ အပါအဝင် ပြည်သူအပေါင်း လက်ခံယုံကြည်နိုင်လောက်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်လာစေရန် အထူးလိုအပ်သည်။

(ဂ) စည်းရုံးရေး။

တိုင်းရင်းသားလူမျိုးများ တစ်စုတစ်ဝေးတည်း နေထိုင်လျက်ရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးအားလုံး၊ အခွင့်အရေးတန်းတူညီမျှမှု၊ တစ်ဦးအပေါ်တစ်ဦး ဖြူစင်သောစေတနာထားနိုင်မှုတို့ကို အခြေခံ

သော ညီညွတ်မှုကို တည်ဆောက်ရမည်။ ယင်းညီညွတ်မှုရေခံမြေခံကောင်းတွင်သာ စစ်မှန်သောဒီမိုကရေစီ ရှင်သန် ဖွံ့ဖြိုးနိုင်ပေမည်။ ထို့ပြင် နိုင်ငံရေးပါတီများအားလုံး လွတ်လပ်စွာ စည်းရုံးလှုပ်ရှား ဆောင်ရွက်ခွင့် ရှိရမည်။ သို့ဖြစ်ရာ ၂၀၀၃ ခုနှစ် မေလ (၃၁)ရက်နေ့မှစတင်ကာ ယာယီဟုဆိုပြီး ချိတ်ပိတ်ထားခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့ရုံးများ၊ မြို့နယ်စည်းရုံးရေးအဖွဲ့ရုံးများနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများကို အမြန်ဆုံးဖွင့်ပေးရန် လိုအပ်သည်။

(ဃ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေး။

ယနေ့ကာလတွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ(၃) နှင့်အညီ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ စီစဉ်ဆောင်ရွက်ရန် အထူးလိုအပ်နေသည်။ သို့မှသာ ဒီမိုကရေစီ၏အစဉ်အလာကောင်းများကို ထိန်းသိမ်းရာရောက်ပေမည်။ သို့မဟုတ်ပါက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မိမိပြဋ္ဌာန်းထားသောဥပဒေကို မိမိကိုယ်တိုင် ချိုးဖောက်ရာရောက်ရှိနေပေလိမ့်မည်။

(င) တွေ့ဆုံဆွေးနွေးရေး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို ၁၉၈၈ ခုနှစ်မှစ၍ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံရေးလိုအပ်ချက်အရ ပြောင်းလွယ်ပြင်လွယ် သဘောထားဖြင့် ဆောင်ရွက်နိုင်စွမ်းရှိသည်ဆိုသော အချက်ကို အောက်ပါအတိုင်း ပွင့်ပွင့်လင်းလင်း ပြောကြားထားခဲ့ပြီးဖြစ်သည်။

> "မြန်မာပြည်သူလူထုအတွက် အကျိုးပြုမယ့်ရလဒ်ကောင်းရဖို့ဆိုရင် ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်သာ ပြောင်းသာစွာနဲ့ တွေ့ဆုံဆွေးနွေးမယ်လို့ မကြာခဏပြောခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုတွေ့ဆုံဆွေးနွေးတာဟာ အဖွဲ့ချုပ်ကောင်းစားဘို့ဦးတည်ဆွေးနွေးမှုမျိုး မဖြစ်သင့်သလို အာဏာပိုင်များကောင်းစားဘို့ ဦးတည်ဆွေးနွေးတာမျိုးလည်း မဖြစ်သင့်ပါဘူး။ မြန်မာပြည်သူလူထု ကောင်းစားရေးအတွက်ပဲ ဦးတည်ရလိမ့်မယ်"

သို့ဖြစ်ရာ လက်ငင်း ကြုံတွေ့နေရသော ပြဿနာအားလုံးကို ဖြေရှင်းနိုင်မည့် တွေ့ဆုံဆွေးနွေးပွဲများ မဖြစ်မနေ ကျင်းပရေး စီစဉ်ဆောင်ရွက်ပါရန် အဖွဲ့ချုပ်က ရိုးသားဖြူစင်သော စိတ်ကောင်းစေတနာဖြင့် ထပ်မံတိုက်တွန်းလိုက်သည်။ အဖွဲ့ချုပ်က မျှော်မှန်းထားသော ဆွေးနွေးပွဲအစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကြိုတင်စည်းကမ်း ကန့်သတ်ထားခြင်းမရှိသော တွေ့ဆုံဆွေးနွေးပွဲကို အဆုံးအဖြတ်ပေးနိုင်မည့် ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ကာ အပြန်အလှန်လေးစားမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုကို အခြေခံထားသည့် တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပရန်၊

(၂) ဆွေးနွေးပွဲများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများအားလုံး တန်းတူညီမျှ အခွင့်အရေးများ ရရှိစေရေး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ လွတ်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ နောင်လာမည့် ရွေးကောက်ပွဲများအရေး၊ လက်ရှိပြည်သူလူထု၏ ဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရေး စသည်တို့ ပါဝင်စေရန်၊

(၃) ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့်ရလဒ်များကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ဖွဲ့စည်းမည့် ပြည်သူ့လွှတ်တော်တွင် အတည်ပြုချက်ရယူခြင်းဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရာရောက်အောင် စီစဉ်ရန်၊

(၄) လွှတ်တော်က အတည်ပြုပြီးသော သဘောတူဆုံးဖြတ်ချက်များအရ ထွက်ပေါ်လာမည့် အနာဂတ် နိုင်ငံရေးလမ်းကြောင်းအတိုင်း သက်ဆိုင်သူများအားလုံးက ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် တစ်ညီတစ်ညွတ်တည်း ဆက်လက်ဖော်ဆောင်သွားရန်တို့ ဖြစ်သည်။

(စ) နောင်ပေါ်ပေါက်လာနိုင်မည့် ရွေးကောက်ပွဲဆိုင်ရာ သဘောထား။

အဖွဲ့ချုပ်သည် ဖော်ပြပါ အခြေခံကျလှသော ပြဿနာများကို တွေ့ဆုံဆွေးနွေး ဖြေရှင်းခြင်းဖြင့်သာ ရေရှည်တည်တံ့မည့် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဟု ယုံကြည်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးမှုကောင်စီအနေဖြင့် တွေ့ဆုံဆွေးနွေးဖြေရှင်း ပြေလည်ရေးဆီသို့ မျက်နှာမမူဘဲလျက် နောင်လာမည့်ရွေးကောက်ပွဲကို တစ်ဖက်သတ် မိမိအစီအစဉ်ဖြင့် ကျင်းပခဲ့လျှင် အဖွဲ့ချုပ်ကမည်သို့ရပ်တည်သွားမည်နည်း ဆိုသည်ကို ပြည်သူလူထုအား အသိပေးရမည်ဖြစ်သည်။

ဒီမိုကရေစီခရီးတွင် ရွေးကောက်ပွဲဟူသည် ဖြတ်သန်းရမည့် မှတ်တိုင်တခုဖြစ်သည်ဟု အဖွဲ့ချုပ်က လက်ခံထားသည်။ အဖွဲ့ချုပ်သည် ဒီမိုကရေစီတိုက်ပွဲကို စွန့်ခွာမည်မဟုတ်။ အဖွဲ့ချုပ်သည် မည်သည့်အခြေအနေတွင်မဆို ပြည်သူလူထုနှင့် တသားတည်းရှိနေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက နောင်ပေါ်ပေါက်လာနိုင်မည့် ရွေးကောက်ပွဲကို မိမိအစီအစဉ်ဖြင့် တဖက်သတ်ကျင်းပမည်ဆိုပါက . . .

(၁) အဖွဲ့ချုပ်ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးလျှင်၊

(၂) ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသည့် အချက်များကို ပြင်ဆင်ပေးလျှင်၊

(၃) အားလုံးလွှမ်းခြုံ ပါဝင်နိုင်မည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် နိုင်ငံတကာက စောင့်ကြပ်လေ့လာမှုကို ခွင့်ပြုလျက် ကျင်းပမည်ဆိုလျှင်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထုတရပ်လုံး၏ အကျိုးစီးပွားကို သယ်ဆောင်နိုင်ရေး ရည်မျှော်၍ ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသောဥပဒေတို့ကို လေ့လာပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် အလေးထားစဉ်းစား၍ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ကြောင်း ဤရွှေဂုံတိုင်ကြေညာစာတမ်းကို အလေးအနက် ထုတ်ပြန် ကြေညာလိုက်သည်။

၂၉-၄-၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၉) ရက်
၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၆) ရက်

ရန်ကုန်မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမတွင်
၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈/၂၉) ရက်နေ့များ၌ ပြုလုပ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များနှင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးလုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များ၊
လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီပါတီကိုယ်စားလှယ်များ၏
တွေ့ဆုံဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များ။

၁။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကတင်ပြသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာ၊ စည်းရုံးရေးအစီရင်ခံစာနှင့် နိုင်ငံရေးအစီရင်ခံစာများကို ဆွေးနွေးသုံးသပ်ကြပြီးနောက် အတည်ပြုကြောင်း သဘောတူဆုံးဖြတ်သည်။

၂။ အဖွဲ့ချုပ်၏ လက်ရှိရပ်တည်ချက် (၄) ရပ်ကို အခြေခံ၍ တင်ပြထားသော နိုင်ငံရေးရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး ဆက်လက်ကြိုးပမ်းရန် သဘောတူဆုံးဖြတ်သည်။

၃။ တိုင်းပြည်အကျိုးကို ရှေ့ရှုလျက် အဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်များ၏ ကြိုတင်စည်းကမ်းသတ်မှတ်ချက် မထားရှိသော တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံးဖြစ်မြောက်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားရန် သဘောတူဆုံးဖြတ်သည်။

၄။ အဖွဲ့ချုပ်၏ နိုင်ငံရေးရည်ရွယ်ချက်ကို ပြည်သူလူထုက တစ်ခဲနက်ထောက်ခံမှုရရှိရေးအတွက် စည်းရုံးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် သဘောတူဆုံးဖြတ်သည်။

၅။ နောင်လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးကိစ္စကို နိုင်ငံရေးအစီရင်ခံစာတွင် ဖော်ပြထားသော ရပ်တည်ချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်သည်။

၂၉-၄-၀၉ နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၆)ရက်
၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း (၁၃)ရက်

ကြေညာချက်အမှတ် – ၆ / ၀၅ / ၀၉

၁။ မြန်မာနိုင်ငံ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အချို့တွင် ၂၀၀၈ ခုနှစ် မေလ (၂)ရက်၊ (၃)ရက်နေ့က မကြုံစဖူးသော အလွန်ပြင်းထန်သည့် နာဂစ်မုန်တိုင်းကြီး ကျရောက်ခဲ့သဖြင့် တိုင်းပြည်တွင် ပြည်သူ တသိန်းကျော် သေဆုံးခဲ့ရပြီး၊ (၂)သန်းခွဲကျော် အိုးမဲ့အိမ်မဲ့ ဖြစ်သည့်အပြင် ကျွဲ နွား တိရစ္ဆာန်နှင့် လယ်ယာများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

၂။ မုန်တိုင်းဒဏ်သင့်ခံရသောပြည်သူများ ကယ်ဆယ်ရေး၊ ဘဝပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှအစိုးရများ၊ ကမ္ဘာ့ကြက်ခြေနီအပါအဝင် စေတနာရှင်အဖွဲ့အစည်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ NGO များ၊ ပြည်တွင်းပြည်ပမှစေတနာရှင်များ၊ ဂုဏ်ရှင်များက ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသော ငွေကြေးနှင့် အထောက်အပံ့ပစ္စည်းများ ကူညီခဲ့ကြပါသည်။ သို့စေကာမူ အလွန့်အလွန် ပြင်းထန်သော မုန်တိုင်းဒဏ်ခံ ပြည်သူများဘဝ နာလန်ထူရေးအတွက် ယနေ့တိုင် လုံလောက်ခြင်းမရှိသေးပါ။ မုန်တိုင်းဒဏ်သင့်ခဲ့သည်မှာ ယနေ့ တနှစ်တိတိ ကြာခဲ့ပြီဖြစ်သော်လည်း မုန်တိုင်းဘေးသင့်ခံဒေသမှ ပြည်သူများမှာ စားဝတ်နေရေး မလုံလောက်မှု၊ ကလေးများပညာသင်ကြားပေးရေး အထွေထွေအကျပ်အတည်း မပြေလည်သေးမှုတို့ဖြင့် ချို့ချို့ငဲ့ငဲ့ ဖြစ်နေဆဲ ဖြစ်ပါသည်။ စေတနာရှင်များ၏ အထောက်အပံ့များ အများအပြားလိုအပ်နေဆဲဖြစ်ကြောင်း ဖော်ပြနေပါသည်။

၃။ ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နာဂစ်လေဘေးဒဏ်ခံရ ပြည်သူများကူညီစောင့်ရှောက်ရေးလုပ်ငန်းတွင် အများနှင့်အတူ အလေးထား ဆောင်ရွက်ခဲ့သည့်အတိုင်း၊ နာဂစ်နှစ်ပတ်လည်နေ့တွင် ကြေညာချက် ထုတ်ပြန်၍ လေဘေးအကူအညီများ ဆက်လက်ရရှိရေး နှိုးဆော်လိုက်ပါသည်။

၄။ မြန်မာနိုင်ငံတွင် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုဒဏ်အပါအဝင် အခြားသော လူမှုရေးနစ်နာမှုများ ရှိနေသည်ကို အဖွဲ့ချုပ်အနေဖြင့် သတိမူမိပေသည်။ ထို့အပြင် ခေတ်နှင့်အညီ ဖော်ဆောင်ရန်လိုအပ်သည့် အခြေခံအဆောက်အဦများနှင့် စက်မှုလုပ်ငန်းကြီးများ ထူထောင်မှုကြောင့် ဒေသအလိုက် မြေမဲ့ယာမဲ့ လုပ်ငှတ်လက်မဲ့ ဖြစ်ကြသူ ပြည်သူများ (Uprooted people)၊ နေရင်းဒေသမှ စွန့်ခွာ၍ အသက်မွေးမှုရှာဖွေရသူများ (Displaced people)၊ မြို့ပြဖြစ်ထွန်းမှုများကြောင့် ရွှေ့ပြောင်းခံပြည်သူများ (Migrated people) တို့၏ လူမှုရေးနာကျင်မှုများကို အစဉ်တစိုက် လေ့လာသိရှိရသည့်အလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စာနာမိပေသည်။

၅။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယင်းလူမှုရေးနာကျင်မှုများ လျော့ပါးလာစေရေးအတွက် အကူအညီပေးနေသော INGO-NGO များနှင့် ဒေသတွင်းဆိုင်ရာ အာဆီယံအဖွဲ့ကြီး၏ ကမကထဖြင့် ထွက်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ လုပ်ငန်းများအား ကြိုဆိုပါကြောင်း၊ ယင်းအကူအညီပေးသော အဖွဲ့အစည်းများ၏ နက်ရှိုင်းကျယ်ပြန့်သော ထိရောက်သည့် လူမှုလုံခြုံရေးအစီအမံများ တိုးတက်ဖြစ်ထွန်းစေရေးကို ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အများပြည်သူအကျိုးစီးပွားကို ရှေးရှု၍ လိုက်လှဲဝမ်းမြောက်စွာ ထောက်ခံပါကြောင်းနှင့် နာဂစ်မုန်တိုင်းဘေးဒဏ်ခံရသည့် တစ်နှစ်ပြည့်မြောက်သော ဝမ်းနည်းကြေကွဲဖွယ်ရာနေ့တွင် ဤသဘာဝဘေးဆိုးဒဏ်ကြောင့် အသက်ဆုံးပါးခဲ့သူများအား အထူးကြေကွဲရပါကြောင်း ကြေညာလိုက်သည်။

၆။ ထပ်မံ၍ အားလုံးကောင်းရာသုဂတိလားကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၆–၅–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ခင်ကျော်ဟန် (ရေနံချောင်း)

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ် မေလ (၁၂) ရက်
၁၃၇၁ ခုနှစ် ကဆုန်လပြည့်ကျော် (၄) ရက်

ကြေညာချက်အမှတ် – ၇ / ၀၅ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် အထက်မြန်မာပြည်သို့ စည်းရုံးရေးခရီးထွက်စဉ် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ကျီရွာအနီး၌ ၂၀၀၃ ခုနှစ် မေလ (၃၀)ရက်နေ့ညတွင် ဒေါ်အောင်ဆန်းစုကြည်၏စည်းရုံးရေးခရီးစဉ်ယာဉ်တန်းကို အကြမ်းဖက်တိုက်ခိုက်ခံခဲ့ကြရသည်။

ထို့နောက် အာဏာပိုင်တို့က အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ကြရသော ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကို နေအိမ်တွင် အကျယ်ချုပ်ထိန်းသိမ်းထားသည်မှာ ယနေ့တိုင်ဖြစ်သည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေက ဥပဒေနှင့်အညီ ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် သက်ဆိုင်ရာ အာဏာပိုင်တို့ထံ အယူခံတင်သွင်းခဲ့ရာ၊ ကြားနာစစ်ဆေးခြင်း တစ်စုံတစ်ရာမပြုလုပ်ဘဲ ၂၀၀၉ ခုနှစ်၊ ဧပြီလ (၃၀)ရက်စွဲဖြင့် အယူခံကိုပယ်လိုက်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။ ထိုသို့ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင်ထိန်းသိမ်းကြောင်း တားဆီးမိန့်ချစဉ်က . . .

(က) သံရုံးများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများနှင့်ဆက်နွှယ်သူများနှင့် မဆက်သွယ်ရန်၊

(ခ) နေအိမ်မှ ပြင်ပသို့ ထွက်ခွာခွင့် လုံးဝမပြုလုပ်ရန်နှင့် အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်း မပြုရန်၊

တို့ ဖြစ်ပါသည်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ကျန်းမာရေးအတွက် ဆေးကုသခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်း အလျဉ်းမရှိပါ။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင် အကျယ်ချုပ်ထိန်းသိမ်းထားသည့် ဥပဒေ၏ ပုဒ်မ ၉ (စ) အရ ဒေါ်အောင်ဆန်းစုကြည်၏ကျန်မှုလအခွင့်အရေးများကို အပြည့်အဝပေးရမည်ဖြစ်ပါသည်။ ယခုအခါ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေ မကောင်းကြောင်း ကြားသိရပါသည်။

သို့ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေအား အထူးစိုးရိမ်ပူပန်လျက်ရှိကြောင်း ကြေညာလိုက်သည်။

၁၁–၅–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၁၄) ရက်
၁၃၇၁ ခုနှစ် ကဆုန်လပြည့်ကျော် (၆) ရက်

ကြေညာချက်အမှတ် – ၈ / ၀၅ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်တစ်ဦး ဖြစ်ပါသည်။ ထို့အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မူလကနဦး စတင်ကြိုးပမ်းခဲ့သူဖြစ်ပြီး တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရေးကို အစဉ်တစ်စိုက် ကြိုးပမ်းနေသူ ဖြစ်ပါသည်။ နိုင်ငံရေးအရ အပေးအယူပြုလုပ်ပြီး ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသူလည်း ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ခွင့်ရရန်နှင့် တွေ့ဆုံဆွေးနွေးရေးမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတည်ဆောက်ရန်တို့ကို တိုက်တွန်းနှိုးဆော်လျက် ရှိပါသည်။

သို့ပါလျက် အာဏာပိုင်တို့က နေအိမ်တွင် ထိန်းသိမ်းထားခြင်းမှ အပြီးအပြတ် လွတ်ရက်စေ့ခါနီးနေသော ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ရခြင်းမရှိပါဘဲ "နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ" ပုဒ်မ(၂၂) အရ တရားစွဲဆိုပြီး အင်းစိန်ထောင်အနီးရှိ လုံးချင်းအိမ်တစ်အိမ်တွင် ထားရှိသည်ဟု ကြားသိရပါသည်။ ယင်းအမှုကိုလည်း ၂၀၀၉ ခုနှစ်၊ မေလ (၁၈)ရက်နေ့တွင် စတင်စစ်ဆေးမည် ဖြစ်ပါသည်။ ယခုကဲ့သို့ တရားစွဲဆိုခြင်းမှာ မလုပ်သင့်မလုပ်ထိုက်သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

၁၄–၅–၀၉ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၂၀)ရက်
၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂)ရက်

ကြေညာချက်အမှတ် – ၉ / ၀၅ / ၀၉

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်–၅၄ နေအိမ်တွင် ထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၉ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် လွတ်ရက်စေ့မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို "နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ" ပုဒ်မ–၂၂ အရ ထပ်မံတရားစွဲဆိုကာ အင်းစိန်အကျဉ်းထောင်ဝင်း၊ အထူးသီးသန့်တရားရုံး၌ ၂၀၀၉ ခုနှစ်၊ မေလ (၁၈)ရက်နေ့တွင် စတင်စစ်ဆေးခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်တို့၏ အကျိုးဆောင်ရှေ့နေများက အမှုကို တရားဥပဒေနှင့်အညီ ပြစ်မှုကျူးလွန်ရာနယ်မြေအတွင်း လူသိရှင်ကြား တရားခွင်၌ ကြားနာခွင့်ပြုပါရန် အဆိုပါတရားရုံးသို့ ထိုနေ့တွင် လျှောက်ထားခဲ့ရာ တရားရုံးမှ ပယ်ချခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ်–၅/၂၀၀၀ ဖြစ်သော "၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ"၏ တရားစီရင်ရေးဆိုင်ရာမူတစ်ခုအဖြစ် ပုဒ်မ–၂ (င) တွင် . . .

"ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း"

ဟု တိကျစွာ ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားရုံးချုပ်က တရားရုံးများအနေဖြင့် အမှုကို စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းများ ပြုလုပ်ကြရာ၌ လိုက်နာကျင့်သုံးရန်အတွက် ပုံနှိပ်ထုတ်ဝေထားသော "ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ" ပုဒ်မ–၁၇၇ တွင် . . .

"ပြစ်မှုတိုင်းကို သာမန်အားဖြင့် ပြစ်မှုကျူးလွန်ရာနယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေး စီရင်စေရမည်။"

ဟု လည်းကောင်း၊ ပုဒ်မ–၃၅၂ တွင် . . .

"ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် စစ်ဆေးစီရင်ရန် ကိစ္စများအလို့ငှာ မည်သည့်ရာဇဝတ်တရားရုံးမဆို ရုံးထိုင်သည့်နေရာကို နေရာဆန့်သလောက် လူအများ သွားလာဝင်ထွက်နိုင်သော လူသိရှင်ကြား တရားခွင်ဖြစ်ကြောင်း မှတ်ယူရမည်။"

ဟု လည်းကောင်း၊ ရှင်းလင်းစွာ ပြဋ္ဌာန်းထားပါသည်။

တစ်ဖန် ၁၉၄၀ ရန်ကုန်၊ စာ ၁၂၂ အစိုးရနှင့် ဦးခေမိန်ပါ–၂ တွင် . . .

"အကျဉ်းစခန်းအတွင်း၌ ရုံးထိုင်စစ်ဆေးလျှင် အများပြည်သူတို့ လာရောက်နားထောင်နိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်မှာ တရားသူကြီး၏ တာဝန်ဖြစ်သည်။ အကျဉ်းစခန်းမှူး၏ တာဝန်မဟုတ်။ အကယ်၍ လုံခြုံမှုမရှိနိုင်ဟု အကျဉ်းစခန်းဦးစီးမှူးက အယူရှိလျှင် အကျဉ်းစခန်းအတွင်း၌ ရုံးထိုင်စစ်ဆေးခြင်းကို လက်မခံရန်သာ ဖြစ်သည်။"

ဟု လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ရွှေ (ခ) မောင်ရှေပါ–၂၊ ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး၊ တရားရုံးချုပ်၊ စာမျက်နှာ–၆၁၆ တွင် . . .

"တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်။"

ဟု လည်းကောင်း၊ တရားရုံးများက လိုက်နာကြရန်လည်း စီရင်ထုံးပြုထားပါသည်။

သို့ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ အပေါ် တရားစွဲဆိုထားသော အမှုအား စစ်ဆေးစီရင်ခြင်းမှာ အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများ နှင့် ညီညွတ်ခြင်းမရှိပါ၍ လုံးဝကန့်ကွက်ကြောင်းနှင့် အများပြည်သူရှေ့မှောက်တွင် တရားမျှတမှန်ကန်စွာ စီရင်ဆုံး ဖြတ်ရန်တို့ကို တောင်းဆိုကြောင်း လေးနက်စွာ ကြေညာလိုက်သည်။

၁၉/၂၀-၅-၀၉ နေ့များတွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၂၁)ရက်
၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃)ရက်

ကြေညာချက်အမှတ် – ၁၀ / ၀၅ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားစွဲဆိုထားသော အမှုကို အင်းစိန်အကျဉ်းထောင်ဝင်း၊ အထူးသီးသန့်တရားရုံး၌ ဆက်လက်စစ်ဆေးရာ ၂၀၀၉ ခုနှစ် မေလ (၂၀)ရက်နေ့တွင် တရားလိုပြသက်သေ နှစ်ဦးကို စစ်ဆေးခဲ့ပါသည်။ ဤအမှုကို တရားဥပဒေနှင့်အညီ ပြစ်မှုကျူးလွန်ရာ နယ်မြေအတွင်း လူသိ ရှင်ကြား တရားခွင်၌ ကြားနာစစ်ဆေးခွင့် မရရှိသေးပါ။ အမှုကိုလည်း နေ့စဉ် ရက်ဆက် တွန်းပြီး စစ်ဆေးနေပါသည်။

အမှုကို စစ်ဆေးကြားနာနေစဉ် နေ့လည် (၁း၁၅)နာရီခန့်တွင် ရန်ကုန်မြို့ရှိ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်များကို တရားခွင်သို့ ဝင်ရောက် ကြည့်ရှု လေ့လာခွင့် (၁)နာရီခန့်ကြာ ပေးပါသည်။ ယင်းပုဂ္ဂိုလ်ကြီးတို့အား ဒေါ်အောင်ဆန်းစုကြည်က တစ်ဦးချင်း လိုက်လံနှုတ်ဆက်နိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်တို့ထံ ခွင့်တောင်းရာ ခွင့်ပြုချက်မရသဖြင့် အဝေးမှသာ နှုတ်ဆက် လိုက်ရသည်ကို နားလည်မှု ပေးကြပါရန် ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံခဲ့ပါသည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာ၌ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သံတမန်များက သွားရောက်တွေ့ဆုံခဲ့ကြကြောင်း ကြားသိရပါသည်။

၂၀–၅–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၂၅)ရက်
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း (၂)ရက်

ကြေညာချက်အမှတ် – ၁၁ / ၀၅ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ စင်္ကာပူသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သံတမန်များက အင်းစိန်အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာ၌ ၂၀၀၉ ခုနှစ်၊ မေလ (၂၀)ရက်နေ့တွင် သွားရောက်တွေ့ဆုံခဲ့ကြပါသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည်က သံတမန်များအား အမျိုးသားပြန်လည်သင့်မြတ်ရေးကို သက်ဆိုင်သူများအားလုံးက လိုလားကြပါလျှင် ရနိုင်သည့်အခွင့်အလမ်း အများအပြားရှိနေသေးကြောင်း၊ အာဏာပိုင်တို့နှင့် တွေ့ဆုံရန် နည်းလမ်းတစ်ခုအဖြစ် မိမိနေအိမ်အတွင်းသို့ ဝင်ရောက်မှုကို အသုံးပြုရန် မရည်ရွယ်ခဲ့ပါကြောင်း၊ ဤ ကံမကောင်း အကြောင်းမလှသော ဖြစ်ရပ်များမှ ရလဒ်ကောင်းတစ်စုံတစ်ရာ ပေါ်ထွက်လာစေရန် နောက်မကျသေးကြောင်းတို့ကို ပြောကြားခဲ့ပါသည်။

ဤသည်မှာ ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားများအတွက် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေသူဖြစ်ကြောင်း ထင်ရှားစေပါသည်။ သို့သော်လည်း တရားရုံးက ၂၀၀၉ ခုနှစ်၊ မေလ (၂၂)ရက်နေ့တွင် စွဲဆိုထားသည့် ပုဒ်မအတိုင်း စွဲချက်တင်လိုက်ပါသည်။

၂၂–၅–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၂၆)ရက်
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း (၃)ရက်

ကြေညာချက်အမှတ် – ၁၂ / ၀၅ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် စွဲဆိုထားသောအမှုနှင့် စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်၊ မေလ (၂၅)ရက်နေ့တွင် ပြန်ခေါ်သက်သေ (၅)ဦးအနက် (၄)ဦးကိုစစ်ဆေးပြီး (၁)ဦးကို ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက ပယ်လိုက်ပါသည်။ တရားလိုပြသက်သေများထဲမှ အမှုစစ်ရဲအရာရှိတစ်ဦးကို ဆက်လက်စစ်ဆေးပြီးနောက် ကျန်တရားလိုပြသက်သေ (၈)ဦးကို တရားလိုဘက်မှ ပယ်လိုက်ပါသည်။

ဤအမှုကို လွှတ်လပ်ပြီး တရားမျှတခြင်းမရှိဘဲ အမြန်ဆုံး အမိန့်ချမှတ်နိုင်ရန် နေ့စဉ်ရက်ဆက် စစ်ဆေးနေပါသည်။ ထို့အပြင် ယင်းအမှုနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသော လုံခြုံရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် လုံခြုံရေးချိုးဖောက်သူကိုလည်း အရေးယူ တရားစွဲဆိုထားခြင်း တစ်စုံတစ်ရာ မရှိသေးကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ မိမိတို့ မြန်မာနိုင်ငံတွင် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အစဉ်တစ်စိုက် ကြိုးပမ်းနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် ထပ်မံ တောင်းဆိုလိုက်သည်။

၂၅–၅–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြု အဖွဲ့တို့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၂၇)ရက်
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း (၄)ရက်

(၁၉)နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ကြေညာစာတမ်း
ကြေညာချက်အမှတ် – ၁၃ / ၀၅ / ၀၉

မိမိတို့ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်၌ သမိုင်းတွင် မကြုံစဖူး ထူးကဲသော ဒီမိုကရေစီရရှိရေး အုံကြွလှုပ်ရှားမှုကြီး ပေါ်ပေါက်ခဲ့သည်။ ရဟန်းရှင်လူ ကျောင်းသား ပြည်သူတို့သည် အသက်သွေးချွေး စည်းစိမ် ဥစ္စာများစွာကို စွန့်လွှတ်ရင်းနှီး ပေးဆပ်ခဲ့ကြရသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မိမိတို့၏ နောက်ဆုံးတာဝန်အဖြစ်လည်း ကြေညာခဲ့သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့တွင် တိုင်းပြည်သို့ မေတ္တာရပ်ခံချက်၌ နိုင်ငံတော်အာဏာကို ကြာရှည်စွာ ရယူလိုသော ဆန္ဒမရှိကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ဝန်ခံထားရှိပြီးဖြစ်တဲ့ ကတိသစ္စာကို မည်သို့သော အကြောင်းကြောင့်မျှ ပယ်ဖျက်ဖောက်ဖျက်မှာ မဟုတ်ကြောင်းတို့ကို လူသိရှင်ကြား ပြောကြားခဲ့သည်။

ထို့နောက် အာဏာပိုင်တို့သည် ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ ထိုရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲဆန္ဒနယ် (၈၂)ရာခိုင်နှုန်းခန့် အနိုင်ရရှိခဲ့သည်။ ဤရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ကြောင်းကိုလည်း အာဏာပိုင်တို့ကိုယ်တိုင် ဝန်ခံခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကလည်း မြန်မာနိုင်ငံပြန်တမ်းတွင် "ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်"အဖြစ် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်သည်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်ရွေ့မည်မျှဖြင့် ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးရမည်ဟု ပြဋ္ဌာန်းထားခြင်း အလျင်းမရှိသကဲ့သို့ ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးရမည့် အချိန်ကာလကိုလည်း သတ်မှတ်ထားခြင်း လုံးဝမရှိပါ။ ထို့ကြောင့် ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးရန် အာဏာပိုင်တို့တွင် လုံးဝ တာဝန်ရှိသည်။

သို့ပါလျက် အာဏာပိုင်တို့သည် မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ(၃)တွင် ပါရှိသော "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"ဟူသည်ကို ချိုးဖောက်ခဲ့သည်။ တရားဥပဒေစိုးမိုးရေးဟူသည်နှင့် ကျင့်ဝတ်သိက္ခာတို့ကို လေးစားလိုက်နာရမည်ဖြစ်သော်လည်း မဲဆန္ဒရှင်ပြည်သူလူထု၏ လွတ်လပ်သောစိတ်ဆန္ဒအရ အဆုံးအဖြတ်ကို လျစ်လျူရှုခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ပြည့်နှစ်၊ မေလ (၁၀)ရက်နေ့တွင် တိုင်းမှူး၊ တပ်မမှူးများနှင့်တွေ့ဆုံရာ၌ အခြေခံဥပဒေသစ်ကို ရေးချင်ရင်လည်း ရေးနိုင်ကြောင်း၊ အဟောင်းပြင်၍ သုံးမည်ဆိုပါကလည်း သုံးနိုင်ကြောင်းတို့ကို ပြောကြားခဲ့ပါသည်။ တစ်ဖန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့ အစည်းအဝေး၌ ပါတီစုံရွေးကောက်ပွဲပြီးရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဖို့ပဲဖြစ်ကြောင်း၊ န–ဝ–တ က မရေးဘူးဆိုတာပြောခဲ့ပြီးဖြစ်ကြောင်း၊ တရားခံလည်း အဖြစ်မခံနိုင်ကြောင်း၊ အခြေခံဥပဒေကို အရွေးခံရတဲ့ ပါတီအဖွဲ့အစည်းတွေကလွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စဖြစ်ကြောင်းတို့ကို တိုင်းပြည်သို့ အတိအလင်း ပြောကြားခဲ့ပါသည်။

တစ်ဖန် ၁၉၉၀ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် ကြေညာချက်အမှတ်(၁/၉၀)ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက် အပိုဒ်(၁၂)တွင် လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်ဟုလည်းကောင်း၊ ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်ဟုလည်းကောင်း၊ ရှင်းလင်းစွာ ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထို့ကြောင့် တိုင်းပြည်အာဏာကိုသိမ်းယူခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထက်ပါပြောကြားချက်များအရလည်းကောင်း၊ ယနေ့တိုင် တရားဝင်လျက်ရှိနေသော ကြေညာချက်(၁/၉၀)၊ အပိုဒ်(၂၀)တို့အရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကသာ ရေးဆွဲကြရန် လုံးဝတာဝန်ရှိပါသည်။

သို့သော်လည်း အာဏာပိုင်တို့သည် မိမိတို့ကိုယ်တိုင် ထုတ်ပြန်ထားသည့် ကြေညာချက်များ၊ ပြည်သူလူထုအားပေးအပ်ထားသည့် ကတိကဝတ်များကို မျက်ကွယ်ပြု၍ အာဏာပိုင်တို့စိတ်ကြိုက် ရွေးချယ်ထားသည့် ပုဂ္ဂိုလ်အများစုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကျင်းပပြီး ချမှတ်ခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံ၌ အမျိုးသားညီလာခံကိုယ်စားလှယ် (၇၀၂)ဦးအနက် ပြည်သူလူထုက လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၀၇)ဦးသာ ယင်းညီလာခံသို့ တက်ရောက်ခွင့်ရရှိခဲ့သည်။ ပြည်သူလူထုအား ကိုယ်စားပြု၍ (၁၅.၂)ရာခိုင်နှုန်းခန့်သာ ပါဝင်ခွင့်ရခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပသော အမျိုးသားညီလာခံ၌လည်း အမျိုးသားညီလာခံကိုယ်စားလှယ် (၁၀၈၆)ဦးအနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးသာ တက်ရောက်ခွင့်ရရှိခဲ့သည်။ ပြည်သူလူထုအား ကိုယ်စားပြု၍ (၁)ရာခိုင်နှုန်းခန့်သာ ပါဝင်ခွင့်ရရှိခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အမျိုးသားညီလာခံသို့ ပြန်လည်တက်ရောက်ရန် အာဏာပိုင်တို့နှင့် သဘောတူညီမှု ရရှိခဲ့ပြီးနောက် အမျိုးသားညီလာခံသို့ တက်ရောက်ရန် တစ်ရက်အလိုတွင်မှ အာဏာပိုင်တို့က သဘောတူညီမှုကို တစ်ဖက်သတ် ပယ်ဖျက်ခဲ့သည်။

ထို့အပြင် ပြည်သူလူထုက လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ မပါသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အာဏာပိုင်တို့စိတ်တိုင်းကျ တစ်ဘက်သတ်ရေးဆွဲခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း နာဂစ်မုန်တိုင်းကြီးဒဏ်ကြောင့် ပြည်သူလူထု၏ အသက် အိုးအိမ် စည်းစိမ်များ ကြီးမားစွာ သေကျေ ပျက်စီး ဆုံးရှုံး နေရချိန်တွင် ပြည်သူလူထု၏ သောကပရိဒေဝကို အလေးမထားဘဲ အာဏာနိုင်ငံရေးကိုသာ အရေးထားပြီး မိမိတို့လိုချင်သော ရလဒ် ဖြစ်ပေါ်အောင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။ ပြည်သူလူထု၏ စစ်မှန်သောဆန္ဒကို ဖော်ထုတ်ခွင့် မရခဲ့ပါ။ အာဏာပိုင်တို့က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေတို့ကို ချိုးဖောက်၍ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အလွဲပြောဆိုခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ မလျော်ဩဇာသုံးခြင်း စသည့် နည်းလမ်းများအား အထင်အရှား ပြုလုပ်ခဲ့သည်မှာ ပြည်သူလူထု ကိုယ်တွေ့ဖြစ်ပါသည်။

အာဏာပိုင်တို့အနေဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ(၃)ကို ချိုးဖောက်ပြီး ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်အား လျစ်လျူရှုခဲ့သောကြောင့် နောင်လာမည့်ရွေးကောက်ပွဲကို မည်သို့သော အသွင်သစ်၊ ပုံသဏ္ဌာန်သစ်ဖြင့် ကျင်းပစေကာမူ ယခုလိုအဖြစ်မျိုး နောက်တစ်ကြိမ် မတွေ့ကြုံနိုင်ဘူးလား၊ မဲဆန္ဒရှင်ပြည်သူလူထုကို တိုင်းသိပြည်သိ ပေးထားသော ကတိကဝတ်များ၊ ကြေညာချက်များကို မထီမဲ့မြင်ပြုခဲ့သော ဤအာဏာပိုင်အဖွဲ့က ထပ်ပေးမည့် ကတိကဝတ်များမှာလည်း တည်ကြည်ပါမည်လား၊ မိမိတို့၏ လွတ်လပ်သော စိတ်ဆန္ဒအရ မဟုတ်ဘဲ မိမိတို့၏ ပိုင်ခွင့်ကို အတင်းအဓမ္မ လုယက်ဖျက်ဆီးခြင်း ခံခဲ့ရသော ၂၀၀၈ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲ အတွေ့အကြုံကြောင့်လည်း လွတ်လပ်ပြီး တရားမျှတမှုရော ရှိပါမည်လား၊ ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးခြင်း မပြုခဲ့သည့် ဤအဖွဲ့ကပင် နောင်ရွေးကောက်ပွဲအသစ် ကျင်းပမည်ဆိုလျှင် ပြည်သူ့လွှတ်တော် ခေါ်ယူ ဖွဲ့စည်း ပေးပါမည်လား၊ စသည့် မေးခွန်းပေါင်းများစွာကို ပြည်သူလူထုကြားတွင် သံသယပွားလျက် ရှိပါသည်။

တစ်ဖန် မိမိတို့ မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်မည်ဟု ကြွေးကြော်နေသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော အချို့အချက်များသည် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် လုံးဝဆန့်ကျင်နေ

သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်သည် ဒီမိုကရေစီကို ပြည်သူလူထုက လိုလားကြောင်း ပြသလိုက်ခြင်းဖြစ်သည် ဟူသော ကုလသမဂ္ဂ အထွေထွေညီလာခံ အသီးသီး၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရန် အာဏာပိုင်တို့တွင် လုံးဝ တာဝန်ရှိပေသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ အသီးသီးကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် အစည်းအဝေးများကလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ကို ပြည်သူလူထုဆန္ဒနှင့်အညီ အကောင်အထည်ဖော်ပေးရန် အကြိမ်ကြိမ် အခါခါ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ မိမိတို့တိုင်းပြည်တွင် လက်ငင်းအမှန်တကယ် ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အထွေထွေအကျပ်အတည်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခက်အခဲများကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းကြပါလျှင် အဖြေတစ်ခု ရရှိလာနိုင်မည် ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်က မပယ်ဖျက်သေးသမျှ တရားဝင် အတည်ဖြစ်လျက်ရှိနေသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ကြေညာချက်(၁/၉၀) တို့နှင့်အညီ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီကို ဖွဲ့စည်းပေးရေး စသည့် မည်သည့်နိုင်ငံရေးပြဿနာများကိုမဆို တိုင်းပြည်နှင့်လူမျိုးအတွက် အဓိကထား၍ သူမနာ ကိုယ်မနာ လမ်းစဉ်ဖြင့် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝစွာ ဆွေးနွေးကြပါလျှင် မှန်ကန်မျှတသောအဖြေကို ရရှိကြမည်ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါတီအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း တိုင်းပြည်၏ ယနေ့လက်ငင်းလိုအပ်ချက်နှင့် လျော်ညီစွာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အနာဂတ်နိုင်ငံရေးတည်ငြိမ်မှုနှင့် တိုင်းရင်းသားများ အပါအဝင် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ရည်မျှော်၍ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် အဖြေရှာနိုင်ရန် ရွှေဂုံတိုင်ကြေညာစာတမ်းကို (၂၉-၄-၀၉) နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းကြေညာချက်တွင် . . .

(၁) ကြိုတင်စည်းကမ်း ကန့်သတ်ထားခြင်းမရှိသော တွေ့ဆုံဆွေးနွေးပွဲကို အဆုံးအဖြတ်ပေးနိုင်မည့် ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ကာ အပြန်အလှန်လေးစားမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုကို အခြေခံထားသည့် တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပရန်၊

(၂) ဆွေးနွေးပွဲများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများအားလုံး တန်းတူညီမျှ အခွင့်အရေးများ ရရှိစေရေး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ နောင်လာမည့် ရွေးကောက်ပွဲများအရေး၊ လက်ရှိပြည်သူလူထု၏ ဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရေး စသည်တို့ ပါဝင်စေရန်၊

(၃) ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့်ရလဒ်များကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ဖွဲ့စည်းမည့် ပြည်သူ့လွှတ်တော်တွင် အတည်ပြုချက်ရယူခြင်းဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရာရောက်အောင် စီစဉ်ရန်၊

(၄) လွှတ်တော်က အတည်ပြုပြီးသော သဘောတူဆုံးဖြတ်ချက်များအရ ထွက်ပေါ်လာမည့် အနာဂတ်နိုင်ငံရေးလမ်းကြောင်းအတိုင်း သက်ဆိုင်သူများအားလုံးက ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် တစ်ညီတစ်ညွတ်တည်း ဆက်လက်ဖော်ဆောင်သွားရန်၊

တို့ ဖြစ်ပါသည်။

ထို့အပြင် နောင် ပေါ်ပေါက်လာနိုင်မည့် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ . . .

(၁) အဖွဲ့ချုပ်ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးလျှင်၊

(၂) ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသည့် အချက်များကို ပြင်ဆင်ပေးလျှင်၊

(၃) အားလုံးလွှမ်းခြုံ ပါဝင်နိုင်မည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် နိုင်ငံတကာက စောင့်ကြပ်လေ့လာမှုကို ခွင့်ပြုလျက် ကျင်းပမည်ဆိုလျှင်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထုတရပ်လုံး၏အကျိုးစီးပွားကို သယ်ဆောင်နိုင်ရေးရည်မျှော်၍ ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသောဥပဒေတို့ကို လေ့လာပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် အလေးထား စဉ်းစားဆုံးဖြတ်၍ ပြည်သူလူထုကြီးအား အချိန်နှင့်တစ်ပြေးညီ အသိပေး ကြေညာမည် ဖြစ်ပါသည်။ ဤသို့ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံနှင့် ပြည်သူအပေါ် ထားရှိသည့် စိတ်ရင်းစေတနာကို သဘောပေါက် နားလည်နိုင်ကြသည်ဖြစ်ရာ အဖွဲ့ချုပ်အနေဖြင့် . . .

(၁) နိုင်ငံအကျိုးကို လိုလားလုပ်ဆောင်နေကြသည့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့သည် အဖွဲ့ချုပ်နှင့်အတူ လက်တွဲ၍ ပြဿနာများကို သဘောထားကြီးစွာဖြင့် အမြန်ဆွေးနွေး ဖြေရှင်းကြပါရန်လည်းကောင်း၊

(၂) ပြည်သူတစ်ရပ်လုံး အနေဖြင့်လည်း ရွှေဂုံတိုင်ကြေညာစာတမ်းတွင် တင်ပြထားသည့်အတိုင်း အဆိုပါ ဆွေးနွေးဖြေရှင်းသည့် နည်းလမ်းအပေါ် စိတ်ဝင်တစား ဝိုင်းဝန်းအားပေး ထောက်ခံကြပါရန်လည်းကောင်း၊

(၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များတို့ကလည်း မိမိတို့အား ကိုယ်စားပြုကာ ရွှေဂုံတိုင်ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးခဲ့ကြသည့် ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့၏ ဆုံးဖြတ်ချက်များအပေါ် အလေးအနက်ခံယူကာ အဖွဲ့ချုပ်၏ ညီညွတ်ရေးနှင့် စည်းရုံးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လည်းကောင်း၊

ဤ ၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲ၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် အထူးတိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်ရေးတို့အတွက် တာဝန်ရှိသည်နှင့်အညီ နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးရေး ပေါ်ပေါက်လာရန် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် လွတ်လပ်ပြီး အနှောင်အဖွဲ့များကင်းရှင်း၍ စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့စွာဖြင့် ပူးပေါင်းပါဝင်နိုင်မည့် နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးပေးရန် အထူးလိုအပ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မူလကနဦး စတင်ကြိုးပမ်းခဲ့သူဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးကို အစဉ်တစ်စိုက် ကြိုးပမ်းနေသူ ဖြစ်ပါသည်။ နိုင်ငံရေးအရ အပေးအယူ ပြုလုပ်ပြီး ပြုပြင်ပြောင်းလဲနိုင်စွမ်း ရှိသူလည်းဖြစ်သောကြောင့် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မလွဲမသွေ ပါဝင်ရမည်ဖြစ်ပါသည်။

သို့ပါ၍ . . .

(က) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်တွင် ထိန်းသိမ်းခြင်းခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် ယနေ့ တရားစွဲဆိုခြင်းခံနေရသော အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ခ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(ဂ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ စသည့် နိုင်ငံရေးအကျဉ်းသား အားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ အမြန်ဆုံး လွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော မင်းကိုနိုင်၊ ကိုကိုကြီး စသည့် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ (၆)

နှစ်ခန့် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည် ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့် ပေးရန်၊

(စ) ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားကြရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်များ ပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မနှေးအမြန် ဆောင်ရွက်ပေးရန် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လေးနက်စွာ ကြေညာလိုက်သည်။

၁၁/၁၃-၅-၀၉ နေ့များတွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၂၇)ရက်
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း (၄)ရက်

ကြေညာချက်အမှတ် – ၁၄ / ၀၅ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုထားသော အမှုနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ (၂၅၆) အရ တရားရုံးသို့ ရေးသားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

“(စ)” ၁။ အထက်အမည်ပါအမှုတွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ–၂၂ ဖြင့်လည်းကောင်း၊ ထိုသို့ ဖောက်ဖျက်ကျူးလွန်ခြင်းကို အားပေးကူညီခဲ့သော ဒေါ်ခင်ခင်ဝင်း (ဘ) ဦးတင်အုန်း၊ မဝင်းမမ (ဘ) ဦးဉာဏ်လင်းနှင့် Mr John William Yettaw တို့ (၃)ဦးတို့အား ယင်းဥပဒေပုဒ်မ–၂၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၁၀၉ အရလည်းကောင်း အမှုဖွင့်အရေးယူပေးပါရန် သတင်းတပ်ဖွဲ့မှ ဒုရဲမှူးကြီး ဇော်မင်းအောင်က ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ (၁၁–၅–၂၀၀၉) တွင် တိုင်ကြားခဲ့သော အမှု ဖြစ်ပါသည်။

၂။ Mr John William Yettaw သည် ကျွန်မ၏နေအိမ်ခြံဝင်းအတွင်းသို့ ရောက်ရှိခဲ့သောကိစ္စနှင့်စပ်လျဉ်း၍ ပထမအကြိမ်ဖြစ်သော (၃၀–၁၁–၂၀၀၈)ရက်နေ့ ရောက်ရှိခဲ့ခြင်းကို ကျွန်မနှင့်အတူနေသူ ဒေါ်ခင်ခင်ဝင်းထံမှတဆင့် ကြားသိရပါသည်။

(၄–၁၂–၂၀၀၈)ရက်နေ့တွင် ဆေးစစ်ရန် ရောက်ရှိလာသူ ဒေါက်တာတင်မျိုးဝင်းမှတဆင့် ယင်းအဖြစ်အပျက်ကို အာဏာပိုင်များထံ သတင်းပေးပို့ခဲ့ပါသည်။ အာဏာပိုင်များက အဆိုပါကိစ္စအတွက် ကျွန်မတို့ထံသို့ စုံစမ်းမေးမြန်းခြင်း မလုပ်ခဲ့ကြပါ။ အရေးယူဆောင်ရွက်သည်ဟုလည်း ကြားသိရခြင်း မရှိပါ။ ဤကဲ့သို့ ခြံဝင်းအတွင်း လူဝင်ရောက်ခဲ့သည့်ကိစ္စများတွင် အာဏာပိုင်များထံ ချက်ချင်းသတင်းပို့ရမည်ဟု သတိပေးဖူးခြင်းလည်း မရှိပါ။

ဒုတိယအကြိမ် Mr John William Yettaw ရောက်ရှိခဲ့ခြင်းကို (၄–၅–၂၀၀၉)ရက်နေ့ နံနက်ပိုင်းတွင်မှ တွေ့ရှိရပါသည်။ ကျွန်မက ပြန်ထွက်သွားရန် ပြောကြားခဲ့ပါသည်။ ၎င်းက မိုးလင်းနေပြီဖြစ်၍ ထွက်သွားလျှင် ဖမ်းဆီးခံရနိုင်ကြောင်း ညရောက်လျှင် ပြန်ပါမည်ဟု ပြောပါသည်။ သို့သော် ညရောက်သောအခါ ကျန်းမာရေးအခြေအနေအရ တစ်ညအိပ်ခွင့်ပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။

၃။ ယခုအချိန်တွင် များစွာသော ကျွန်မ၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များသည် ဥပဒေ၏ ကာကွယ်မှုနှင့် သက်ညှာမှုတို့ကို မခံစားရဘဲ နှစ်ရှည်ထောင်ဒဏ်များ ကျခံနေရပါသည်။ ထို့ကြောင့် ကျွန်မအနေဖြင့် မည်သူ့ကိုမျှ အဖမ်းအဆီး အချုပ်အနှောင်ခံရစေရန် တွန်းမပို့နိုင်ဟူသော နိုင်ငံရေးခံယူချက်အရ ခိုလှုံခွင့်တောင်းသည်ကို ခေတ္တခိုလှုံခွင့် ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

၄။ ကျူးကျော်ဝင်ရောက်သူ မည်သူမည်ဝါဖြစ်သည် ၎င်း၏ရည်ရွယ်ချက်များ မည်သို့မည်ပုံဖြစ်သည်မှာ ကျွန်မအတွက် အရေးမပါ ပါ။ ကျွန်မ၏နိုင်ငံရေးခံယူချက်အရသာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ကျူးကျော်ဝင်ရောက်မှုကိစ္စနှင့်စပ်လျဉ်း၍ လစဉ်ဆေးစစ်ရန် (၇–၅–၂၀၀၉)နေ့တွင် ဒေါက်တာတင်မျိုးဝင်းလာသောအခါ ၎င်းမှတစ်ဆင့် သက်ဆိုင်ရာသို့ အကြောင်းကြားရန် ရည်ရွယ်ခဲ့ပါသည်။ သို့သော် (၇–၅–၂၀၀၉)နေ့တွင် ရဲတပ်ဖွဲ့ဝင်များသာ ရောက်လာပြီး ဒေါက်တာတင်မျိုးဝင်း ဝင်ခွင့် မရခဲ့ပါ။

၅။ ကျွန်မသည် နိုဝင်ဘာလ (၃၀)ရက်နေ့အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ လုပ်ဆောင်ခဲ့ရာတွင် ကြီးသည့်အမှုငယ်စေရန်နှင့် ငယ်သည့်အမှု ပပျောက်စေရန်နှင့် ခြံအတွင်းသို့ ဝင်ရောက်ခဲ့သူအားလည်းကောင်း၊ ခြံ

လုံခြုံရေးကို ယူထားရသော တပ်သားများအားလည်းကောင်း မလိုအပ်ဘဲ မထိခိုက်စေလိုသောဆန္ဒဖြင့် ပြုလုပ်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာက ကန့်ကွက်ခြင်း၊ ဝေဖန်ခြင်း၊ တစ်စုံတစ်ရာ မပြုလုပ်ခဲ့သောကြောင့် ၎င်းတို့သည် ကျွန်မ၏လုပ်ရပ်ကို လက်ခံသဘောတူသည်ဟု ထင်မြင်ရပါသည်။

တရားလိုပြသက်သေတစ်ဦးအား ပြန်ခေါ်စစ်မေးရာတွင် ကျွန်မ၏နေအိမ်ခြံဝင်းလုံခြုံရေးအတွက် အာဏာပိုင်နှင့် ကျွန်မတို့ ပူးတွဲတာဝန်ရှိသည်ဟု ထွက်ဆိုခဲ့ပါသည်။ ယင်းထွက်ဆိုချက်မှာ လုံးဝမမှန်ကန်ပါ။

၆။ ကျွန်မအပေါ်စွဲဆိုထားသည့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ–၂၂ အရ တားဆီးမိန့်၊ ကန့်သတ်မိန့်များကို ချိုးဖောက်သည်ဟု စွပ်စွဲထားပါသည်။

(က) ယခုရုံးရှေ့ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များ၊ သက်သေခံ ဆက်လက်တားဆီးမိန့်များအရ စည်းကမ်းချက်များကို ကျွန်မက ဖောက်ဖျက်ခြင်း မရှိကြောင်း ထင်ရှားပေါ်ပေါက်နေပါသည်။

(ခ) ကန့်သတ်မိန့်မှာ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပါ မူလအခွင့်အရေးကို ကန့်သတ်မှု (သို့) ရုပ်သိမ်းမှုဖြစ်ကြောင်း တရားလိုဘက်က ထွက်ဆိုခဲ့ကြပါသည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေသည် ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းသည့်နေ့မှစ၍ အာဏာတည်ခြင်းမရှိ၊ ပြိုကျပျက်ဆီးသွားပြီ ဖြစ်ပါသည်။ အာဏာတည်ခြင်းမရှိသည့် ဥပဒေ၏ပုဒ်မများအရ ကန့်သတ်မိန့်မှာလည်း တရားဝင်မှု မရှိပါ။

၇။ ယခုအမှုဖြစ်ပွားရသည့် အရင်းခံအကြောင်းအရင်းမှာ လုံခြုံမှုရေး လစ်ဟင်းမှု သို့မဟုတ် လုံခြုံရေး ဖောက်ဖျက်မှု ဖြစ်သော်လည်း ယခုအချိန်ထိ လုံခြုံရေးဆိုင်ရာ တာဝန်ရှိမှုနှင့် စပ်လျဉ်းပြီး အရေးယူခြင်း မရှိဘဲ၊ ကျွန်မကိုသာ အရေးယူ တရားစွဲခြင်းမှာလည်း ဘက်လိုက်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၈။ ကျွန်မသည် တရားလိုဘက် စွပ်စွဲသည့် ပြစ်မှုကို ကျူးလွန်ခြင်း မရှိကြောင်း ကျွန်မ၏ တင်ပြချက်ကို တင်သွင်းပါသည်။ “(ဆုံး)”

၂၆–၅–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြု အဖွဲ့တို့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၂၈)ရက်
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း (၅)ရက်

ကြေညာချက်အမှတ် – ၁၅ / ၀၅ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားစွဲဆိုထားသော အမှုနှင့် စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်အား မစစ်ဆေးမီ ၎င်း၏ရှေ့နေများနှင့် ညှိနှိုင်းဆွေးနွေးရန် လုံလောက်သောအချိန်ကို သက်ဆိုင်ရာတို့က မပေးခဲ့ပါ။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများက တရားရုံးသို့ (၂၆–၅–၂၀၀၉)နေ့တွင် ဦးတင်ဦး၊ ဦးဝင်းတင်၊ ဦးကြည်ဝင်းနှင့် ဒေါ်ခင်မိုးမိုးတို့ကို မိမိတို့၏သက်သေများအဖြစ် စာရင်းတင်သွင်းခဲ့ပါသည်။ (၂၇–၅–၂၀၀၉)နေ့တွင် တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၇ (၁) အရဆိုပြီး ဦးတင်ဦး၊ ဦးဝင်းတင်နှင့် ဒေါ်ခင်မိုးမိုးတို့ (၃)ဦးကို ပယ်ချလိုက်ပါသည်။ တရားရုံးက တရားစွဲဆိုသူ တရားလိုအတွက် တရားလိုပြသက်သေ (၁၅)ဦး စစ်ဆေးခွင့်ပေးခဲ့ပြီး စွပ်စွဲခံရသူအတွက် သက်သေ (၁)ဦးကိုသာ စစ်ဆေးခွင့်ပြုခြင်းသည် လုံးဝ တရားမျှတမှု မရှိပါ။ ဤသည်မှာ ခုခံချေပခွင့် အပြည့်အဝ မရခြင်း ဖြစ်ပါသည်။

အမှုကိစ္စတစ်ရပ်တွင် စွပ်စွဲခံရသူက အမှုကို ခုခံနိုင်ရန်အတွက် မိမိတို့၏ရှေ့နေနှင့် ညှိနှိုင်းဆွေးနွေးရန် လုံလောက်သောအချိန် ပေးရပါသည်။ စွပ်စွဲခံရသူဘက်က ပြသသော သက်သေများကိုလည်း စစ်ဆေးခွင့် ပြုရပါသည်။ နှစ်ဘက်လျှောက်လဲချက်ကို ကြားနာရပါသည်။ သို့မှသာ ခုခံချေပခွင့်ပေးသည်ဟု ဆိုနိုင်ပါသည်။

သို့ပါ၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၁၁ (၁) တွင် ပါရှိသော အမှုကို ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့်ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ထိုသူအား ပေးပြီးဖြစ်စေရမည် ဟူသောအချက်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ်–၅/၂၀၀၀ ဖြစ်သည့် "၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ"၏ တရားစီရင်ရေးဆိုင်ရာမူအဖြစ် ပုဒ်မ ၂ (စ) တွင်ပါရှိသော **အမှုတွင် ခုခံချေပခွင့် ပေးခြင်း** ဟူသော အချက်တို့ကို ချိုးဖောက်ကြောင်း တွေ့ရှိရပါသည်။

၂၇–၅–၀၉ နေ့တွင် ကျင်းပသေ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ မေလ (၂၉)ရက်
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း (၆)ရက်

ကြေညာချက်အမှတ် – ၁၆ / ၀၅ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားစွဲဆိုထားသောအမှုနှင့် စပ်လျဉ်း၍ တရားရုံးက ၂၀၀၉ ခုနှစ်၊ မေလ (၂၈)ရက်နေ့တွင် စွပ်စွဲခံရသူ ဒေါ်အောင်ဆန်းစုကြည်အတွက် သက်သေအဖြစ် ရေဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း တစ်ဦးတည်းကိုသာ စစ်ဆေးခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်တို့အမှုအား တရားရုံးက အမိန့်ချမှတ်နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက် အပြီးသတ်လျှောက်လဲချက်ကို ၂၀၀၉ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် ကြားနာမည် ဖြစ်ပါသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်သည် ခြေထောက်ကြွက်တက်သောဝေဒနာကို နေ့စဉ်ရက်ဆက် ပြင်းထန်စွာ ခံစားနေရသောကြောင့် ညများတွင် အိပ်၍မရကြောင်း ကြားသိရပါသည်။

သို့ပါ၍ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအတွက် ထိရောက်သော ဆေးကုသမှု အရေးတကြီး အထူးလိုအပ်နေကြောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးကို လွန်စွာ စိုးရိမ်ပူပန်နေကြောင်း ကြေညာလိုက်သည်။

၂၈–၅–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇွန်လ (၁၈)ရက်
၁၃၇၁ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၁)ရက်

ကြေညာချက်အမှတ် – ၁၇ / ၀၆ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားစွဲဆိုထားသောအမှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်တို့အား သက်သေပြခွင့်ရရန် အကျိုးဆောင်ရှေ့နေများက ရန်ကုန်မြို့ တရားရုံးချုပ်သို့ ၂၀၀၉ ခုနှစ်၊ ဇွန်လ (၁၁)ရက်နေ့တွင် ပြင်ဆင်မှုလျှောက်လွှာ တင်သွင်းခဲ့ပါသည်။

ယင်းပြင်ဆင်မှုလျှောက်လွှာကို လက်ခံသင့် မသင့် တရားရုံးချုပ်က ၂၀၀၉ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့ နံနက်တွင်ကြားနာပြီး၊ နေ့လည်တွင် ယင်းပြင်ဆင်မှုလျှောက်လွှာကို လက်ခံခဲ့ပါသည်။

တရားရုံးချုပ်က ထပ်မံချိန်းဆိုမည့် နောက်ရုံးချိန်း၌ နှစ်ဦးနှစ်ဖက် (ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများနှင့် တရားလိုဘက်မှဥပဒေဝန်ထမ်းများ) လျှောက်လဲချက်ပေးပြီးမှ ဦးတင်ဦးနှင့် ဦးဝင်းတင်တို့ကို သက်သေပြခွင့်ပြုမည် မပြုမည်ကို အမိန့်ချမှတ်မည်ဖြစ်ပါသည်။

၁၈–၆–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၉)ရက်
၁၃၇၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၃)ရက်

ကြေညာချက်အမှတ် – ၁၈ / ၀၇ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှဖေနှင့် ဦးညွန့်ဝေတို့သည် တရားဝင်မှတ်ပုံတင်ထားသည့် အခြားနိုင်ငံရေးပါတီများနှင့်အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့ ညနေ (၄း၃၀)နာရီကျော်တွင် နေပြည်တော်၌ တွေ့ဆုံခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် မစ္စတာဘန်ကီမွန်းက ဒီမိုကရေစီကူးပြောင်းရေးအတွက် ဗိုလ်ချုပ်မှူးကြီးနှင့် (၂)နာရီကျော် တွေ့ခွင့်ရခဲ့ကြောင်း၊ နိုင်ငံရေးပါတီများမှာ သဘောထားအယူအဆ မတူကြသော်လည်း နိုင်ငံရေးပါတီအားလုံး တစ်သံတည်း ဖြစ်ဖို့လိုကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွင် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်စေချင်ကြောင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲကိစ္စတို့ကိုပြောပြီး၊ အချိန်မလုံလောက်၍ နိုင်ငံရေးပါတီများအနေဖြင့် တစ်ဖွဲ့လျှင် (၂)မိနစ်စီ ဆွေးနွေးကြပါဟု ပြောခဲ့ပါသည်။

ထိုအခါ အဖွဲ့ချုပ်ကိုယ်စားလှယ်များက အချိန်ဇယားဆိုသည်မှာ လူကလုပ်တာဖြစ်ကြောင်း၊ (၂)မိနစ်သာ ဆွေးနွေးခွင့်ရခြင်းဖြင့် အချိန်မလုံလောက်၍ လူကြီးမင်းအစီအစဉ်ကို လက်မခံနိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။ မစ္စတာဂမ်ဘာရီက ပြောစရာရှိသည်များကို စာနဲ့ရေး၍ပြောကြရန် မစ္စတာဘန်ကီမွန်းကို ပန်ကြားပြီးဖြစ်ကြောင်းနှင့် မစ္စတာဘန်ကီမွန်းကလည်း သဘောတူပြီးဖြစ်ကြောင်းတို့ကို ပြောခဲ့ပါသည်။

ထို့နောက် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို လိုက်ခဲ့ပါဟု ၎င်း၏ဟိုတယ်ဧည့်ခန်းသို့ ခေါ်သွားသဖြင့် မစ္စတာဘန်ကီမွန်းနှင့် (၁၀)မိနစ်ခန့် ထပ်မံတွေ့ခွင့်ရခဲ့ပါသည်။ မစ္စတာဘန်ကီမွန်းက ရွေးကောက်ပွဲအရေးကြီးကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်၊ အားလုံးပါဝင်နိုင်အောင် လုပ်ပေးမည်ဟုကတိပြုထားကြောင်းတို့ကို ထပ်မံပြောပြပါသည်။

အဖွဲ့ချုပ်မှကိုယ်စားလှယ်များက ယင်းကိစ္စများဖြစ်မြောက်ရန်အတွက် (၁) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွတ်ပေးရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး၊ (၃) ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို တစ်နည်းနည်းဖြင့် ဖြေရှင်းပေးရေး၊ (၄) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဟူသည့် အချက်လေးချက်တို့မှာ အရေးကြီးကြောင်း၊ ရွှေဂုံတိုင်ကြေညာစာတမ်းဖြင့် ကမ်းလှမ်းထားသော်လည်း အာဏာပိုင်တို့ဘက်မှ တစ်စုံတစ်ရာတုန့်ပြန်ခြင်းမရှိကြောင်းတို့ကို တိုတိုနှင့်လိုရင်း အကျိုးအကြောင်းရှင်းပြ၍ စုစုပေါင်း(၁၀)မိနစ်ခန့်အချိန်အတွင်းတက်သုတ်ရိုက်ဆွေးနွေးခဲ့ရပါသည်။ ယင်းတင်ပြဆွေးနွေးချက်များကို ကုလသမဂ္ဂကအလေးအနက်ထား၍ဆောင်ရွက်ပေးရန်နှင့် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုလည်းတွေ့ရန် တိုက်တွန်းပြောဆိုခဲ့ပါသည်။

သို့ပါ၍ အထက်ပါအတိုင်းတွေ့ဆုံကြရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၂၀၁၀ ရွေးကောက်ပွဲကို အဓိကဦးတည်၍ပြောကြားခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်းတွေ့ခွင့်မရခဲ့ကြောင်းနှင့် နိုင်ငံအတွက်သေရေးရှင်ရေးတမျှ အရေးကြီးပြီး၊ ကုလသမဂ္ဂက နှစ်ရှည်လများကြိုးပမ်းနေရသော ကြီးမားကျယ်ပြန့်သည့် မြန်မာ့နိုင်ငံရေးကိစ္စကို (၁၀)မိနစ်အချိန်အတွင်း အဖွဲ့ချုပ်၏ကိုယ်စားလှယ်များက အသေးစိတ်ပြန်လည်ဆွေးနွေးနိုင်ခွင့်မရရှိခဲ့ကြောင်းတို့ကို ကြေညာလိုက်သည်။

၇/၈-၇-၀၉ နေ့များတွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်များအရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၉)ရက်
၁၃၇၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁)ရက်

ကြေညာချက်အမှတ် – ၁၈ / ၀၇ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှဖေနှင့် ဦးညွန့်ဝေတို့သည် တရားဝင်မှတ်ပုံတင်ထားသည့် အခြားနိုင်ငံရေးပါတီများနှင့်အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့ ညနေ(၄း၃၀)နာရီကျော်တွင် နေပြည်တော်၌ တွေ့ဆုံခဲ့ကြပါသည်။

ထိုသို့ တွေ့ဆုံရာတွင် မစ္စတာဘန်ကီမွန်းက ဒီမိုကရေစီကူးပြောင်းရေးအတွက် ဗိုလ်ချုပ်မှူးကြီးနှင့် (၂)နာရီကျော် တွေ့ခွင့်ရခဲ့ကြောင်း၊ နိုင်ငံရေးပါတီများမှာ သဘောထားအယူအဆ မတူကြသော်လည်း နိုင်ငံရေးပါတီအားလုံး တစ်သံတည်း ဖြစ်ဖို့လိုကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွင် အားလုံးပါဝင်ပူးပေါင်း ဆောင်ရွက်စေချင်ကြောင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲကိစ္စတို့ကို ပြောပြီး၊ အချိန်မလုံလောက်၍ နိုင်ငံရေးပါတီများအနေဖြင့် တစ်ဖွဲ့လျှင် (၂)မိနစ်စီ ဆွေးနွေးကြပါဟု ပြောခဲ့ပါသည်။

ထိုအခါ အဖွဲ့ချုပ်ကိုယ်စားလှယ်များက အချိန်ဇယားဆိုသည်မှာ လူကလုပ်တာဖြစ်ကြောင်း၊ (၂)မိနစ်သာ ဆွေးနွေးခွင့်ရခြင်းဖြင့် အချိန်မလုံလောက်၍ လူကြီးမင်းအစီအစဉ်ကို လက်မခံနိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။ မစ္စတာဂမ်ဘာရီက ပြောစရာရှိသည်များကို စာနဲ့ရေး၍ပြောကြရန် မစ္စတာဘန်ကီမွန်းကို ပန်ကြားပြီးဖြစ်ကြောင်းနှင့် မစ္စတာဘန်ကီမွန်းကလည်း သဘောတူပြီးဖြစ်ကြောင်းတို့ကို ပြောခဲ့ပါသည်။

ထို့နောက် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို လိုက်ခဲ့ပါဟု ၎င်း၏ဟိုတယ်ဧည့်ခန်းသို့ ခေါ်သွားသဖြင့် မစ္စတာဘန်ကီမွန်းနှင့် (၁၀)မိနစ်ခန့် ထပ်မံတွေ့ခွင့်ရခဲ့ပါသည်။ မစ္စတာဘန်ကီမွန်းက ရွေးကောက်ပွဲ အရေးကြီးကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်၊ အားလုံးပါဝင်နိုင်အောင် လုပ်ပေးမည်ဟု ကတိပြုထားကြောင်းတို့ကို ထပ်မံပြောပြပါသည်။

အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ယင်းကိစ္စများဖြစ်မြောက်ရန်အတွက် (၁) ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွတ်ပေးရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး၊ (၃) ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ကို တစ်နည်းနည်းဖြင့် ဖြေရှင်းပေးရေး၊ (၄) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဟူသည့် အချက်လေးချက်တို့မှာ အရေးကြီးကြောင်း၊ ရွှေဂုံတိုင် ကြေညာစာတမ်းဖြင့် ကမ်းလှမ်းထားသော်လည်း အာဏာပိုင်တို့ဘက်မှ တစ်စုံတစ်ရာ တုန့်ပြန်ခြင်းမရှိကြောင်းတို့ကို တိုတိုနှင့်လိုရင်း အကျိုးအကြောင်းရှင်းပြ၍ စုစုပေါင်း(၁၀)မိနစ်ခန့် အချိန်အတွင်း တက်သုတ်ရိုက် ဆွေးနွေးခဲ့ရပါသည်။ ယင်းတင်ပြဆွေးနွေးချက်များကို ကုလသမဂ္ဂက အလေးအနက်ထား၍ ဆောင်ရွက်ပေးရန်နှင့် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုလည်းတွေ့ရန် တိုက်တွန်းပြောဆိုခဲ့ပါသည်။

သို့ပါ၍ အထက်ပါအတိုင်း တွေ့ဆုံကြရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၂၀၁၀ ရွေးကောက်ပွဲကို အဓိကဦးတည်၍ ပြောကြားခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း တွေ့ခွင့်မရခဲ့ကြောင်းနှင့် နိုင်ငံအတွက် သေရေးရှင်ရေးတစ်မျှ အရေးကြီးပြီး၊ ကုလသမဂ္ဂက နှစ်ရှည်လများကြိုးပမ်းနေရသော ကြီးမားကျယ်ပြန့်သည့် မြန်မာ့နိုင်ငံရေးကိစ္စကို (၁၀)မိနစ်အချိန်အတွင်း အဖွဲ့ချုပ်၏ကိုယ်စားလှယ်များက အသေးစိတ် ပြန်လည်ဆွေးနွေးနိုင်ခွင့် မရရှိခဲ့ကြောင်းတို့ကို ကြေညာလိုက်သည်။

၇/၈–၇–၀၉ နေ့များတွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏

အစည်းအဝေး ဆုံးဖြတ်ချက်များအရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်
၁၃၇၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၃)ရက်

ကြေညာချက်အမှတ် – ၂၀ / ၀၇ / ၀၉

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် အာဇာနည်နေ့ ဖြစ်သည်။ အာဇာနည်နေ့သည် မြန်မာနိုင်ငံသမိုင်းတွင် ဝမ်းနည်းကြေကွဲစွာ မှတ်တမ်းတင်ရသော နေ့တစ်နေ့ ဖြစ်သကဲ့သို့ ပြည်သူလူထုအဖို့ ယူကျုံးမရ ပူဆွေးသောက ရောက်ခဲ့ကြပြီး မည်သို့မျှ မေ့ပျောက်၍မရနိုင်သော နေ့လည်း ဖြစ်ပေသည်။

ထိုနေ့တွင် လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်၏ဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်ကြီးများအား တရားဥပဒေကို လေးစားခြင်းမရှိသော နယ်ချဲ့လက်ပါးစေ အာဏာရမက်ငမ်းငမ်းတက်သည့် လူရမ်းကားအကြမ်းဖက်သမားတို့က ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်ကြီးများသည် ကိုလိုနီနယ်ချဲ့စနစ်အောက်မှ တိုင်းပြည်ကိုလွတ်မြောက်ရန်နှင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေစဉ် ရက်စက်ယုတ်မာသော အကြမ်းဖက်သမားတို့၏လက်ချက်ဖြင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့ကြရသည်။ တစ်တိုင်းတစ်ပြည်လုံး တိုင်းရင်းသားလူမျိုးများအားလုံး ကြိမ်မီးအုံးသလို ဝမ်းနည်းကြေကွဲ၍မဆုံး ခံစားခဲ့ကြရပေသည်။

ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း ဇူလိုင် (၁၉)ရက်နေ့သို့ရောက်တိုင်း တစ်မျိုးသားလုံးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပေးဆပ်၍မကုန်နိုင်အောင် ကြီးမားသောကျေးဇူးတရားကို ဦးညွှတ်လျက် ရှိကြပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အာဇာနည်ခေါင်းဆောင်ကီးများအပေါ် ထားအပ်သော ကျေးဇူးတရားအရလည်းကောင်း၊ တိုင်းပြည်နှင့် ပြည်သူလူထုအပေါ် ထားရှိသော သစ္စာတရားအရလည်းကောင်း၊ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် မည်သို့သော အခြေအနေများနှင့် ရင်ဆိုင်ကံတွေ့ရသည်ဖြစ်စေ သမိုင်းပေးတာဝန်အရ ခိုင်မာစွာ ဆက်လက် ကြိုးပမ်းအားထုတ် သွားမည်ဖြစ်ပေသည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကီး ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာပြည်သူအပေါင်းက တိုင်းပြည်တည်နေသရွေ့ မမေ့ပျောက်နိုင်သည့် အကောင်းတရား များစွာရှိနေကပေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကီးများက နိုင်ငံတော်နှင့် ပြည်သူများအတွက် မည်သို့ မျှော်မှန်းခဲ့သနည်း၊ ဗိုလ်ချုပ်အောင်ဆန်းက မည်သည်တို့ကို မိန့်ကားခဲ့သနည်း၊ ကျွန်ုပ်တို့ လေ့လာဆန်းစစ်ကည့်ကရန် လိုအပ်ပါမည်။ အမျိုးသားခေါင်းဆောင်ကီး ဗိုလ်ချုပ်အောင်ဆန်းက . . .

(က) ဒီမိုကရေစီနှင့် စပ်လျဉ်း၍

"× × × အများပြည်သူတို့ဆန္ဒနှင့် လုပ်ကိုင်ရတဲ့ ဒီမိုကရေစီဝါဒ ခေတ်မစားနိုင်တဲ့ ဖက်ဆစ်ဝါဒ ဆင်တူရိုးမှားတွေ ပေါ်လာနိုင်တယ်။ ဒီဝါဒမျိုးတွေ ပေါ်လာရင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာကို မရနိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ × × × ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကိုအားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်။ × × ×"

"× × × လူတွေက တင်မြှောက်ပြီး လူတွေရဲ့အကျိုးကိုလုပ်တဲ့ လူတွေရဲ့အစိုးရသာလျှင် ဒီမိုကရေစီဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ် မဖြစ်နိုင်ဘူး။ အတုတွေသာ ဖြစ်တယ်။"

"× × × စစ်ဖက်က လက်ဝါးကြီးအုပ်ပြီး တိုင်းပြည်လွှတ်တော်က ဘာမှအစိုးမရတဲ့ စစ်အာဏာရှင်ဝါဒမျိုး မရှိရအောင် စစ်ဖက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးနိုင်ခွင့် ရှိရမယ်။"

"× × × ဒီမိုကရေစီတိုင်း ဒီမိုကရေစီတာ မဟုတ်ဘူး။ ဒီမိုကရေစီခေတ်စားလာတဲ့ အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြတာတွေလဲ အများကြီးဘဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာ ဘာလဲ။ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့်တင်းပြည့် မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။"

(ခ) ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေနှင့်စပ်လျဉ်း၍

"ဒီမိုကရေစီသစ်အရလုပ်မဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမျိုးဟာ ဘယ်လိုဖြစ်ရမလဲဆိုရင် တိုင်းသူပြည်သား လူများစုတွေ အာဏာပိုင်အဖြစ် အုပ်ချုပ်နိုင်အောင် သူတို့ရွေးကောက်တဲ့ ကိုယ်စားလှယ်တွေဟာ အောက်ကနေပြီး ထိပ်အထိ တိုင်းပြည်အုပ်ချုပ်ရေး တိုင်းပြည်အစိုးရအာဏာကို ကိုင်ထားရမယ်။ သူတို့ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေကို မကြိုက်လို့ရှိရင် ပြန်ခေါ်နိုင်ရမယ်။"

(ဂ) တပ်မတော်နှင့် စပ်လျဉ်း၍

"× × × ဗမာ့တပ်မတော်ဟာ ဗမာတနိုင်ငံလုံး တမျိုးသားလုံးအတွက်ဖြစ်တယ်ဆိုတာ နားလည်ရမယ်။ × × ×"

"ဒီတပ်မတော်ဟာ လူတဦးတယောက်အတွက် တည်ထောင်ထားတာ မဟုတ်၊ တနိုင်ငံလုံး တမျိုးသားလုံး အတွက် ဖြစ်တယ်။ ဒီတပ်မတော်ဟာ တဖွဲ့၊ တပါတီ၊ လူတစုအတွက် တည်ထောင်တာမဟုတ်၊ တနိုင်ငံလုံး၊ တမျိုးသားလုံးအတွက် ဖြစ်တယ်။"

"× × × ငါတို့စစ်တပ်က နိုင်ငံသူနိုင်ငံသားတွေကို ညှဉ်းဘို့မဟုတ်၊ လက်နက်အားကိုး တန်ခိုးပြဘို့မဟုတ်၊ စစ်တပ်ဟာ နိုင်ငံရဲ့အစေခံဖြစ်ရမယ်။ နိုင်ငံဟာ စစ်တပ်ရဲ့အစေခံ မဖြစ်ရဘူး။ × × ×"

"ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် ပတ်သက်၍ အလျဉ်းစွက်ဖက်ခြင်းပြုလိမ့်မည်မဟုတ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်များနှင့် တပ်သားများသည် ပါတီနိုင်ငံရေး၊ အုပ်ချုပ်ရေးကိစ္စများနှင့် ပတ်သက်၍ ပါဝင်စွက်ဘက်ခြင်း အလျဉ်းမရှိစေရ၊ ပါဝင်စွက်ဘက်သော တပ်သားနှင့် တပ်ဗိုလ်အား ကျပ်တည်းစွာ အပြစ်ပေးလိမ့်မည်ဖြစ်ကြောင်း၊ ငါတို့သည် ဗမာပြည်၏ လွတ်လပ်ရေးကို ရှေးရှု၍ ဗမာပြည်၏ညီညွတ်ရေးကိုသာ အဓိကထားကြရမည်။"

(ဃ) ညီညွတ်ရေးနှင့် စပ်လျဉ်း၍

"× × × ညီညွတ်ရေးဟာ အချိန်အခါအလိုက် ဒီတိုင်းပြည် ဒီလူမျိုးရဲ့အကျိုးကို အကြီးဆုံးဆောင်ရွက်နိုင်မဲ့ လက်နက်ကြီး ဖြစ်နေတယ်။ အဲဒီတော့ ညီညွတ်ရေးမျိုးရအောင် လုပ်ရမယ်။ × × ×"

"× × × ကမ္ဘာပေါ်တွင် လူထုအားကို မည်သည့်အားမျှ ဆန့်ကျင်နိုင်လိမ့်မည်မဟုတ်ချေ။ × × ×"

ဟု အမြော်အမြင်ကြီးစွာဖြင့် မိန့်ကြားခဲ့ပေသည်။ အထက်ပါ မိန့်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြမည်ဆိုပါလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်တံ့၍ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သာယာနေမည် ဖြစ်ပေမည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်များနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ တိုင်းပြည်အတွက် ဤမျှော်မှန်းချက်များသည် ယနေ့ပြည်သူအပေါင်း၏ ပခုံးထက်ဝယ် ကျရောက်လျက်ရှိသော သမိုင်းပေးတာဝန်များဖြစ်သည်။ ယင်းတာဝန်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ညီညွတ်ရေးနှင့် ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော် တည်ထောင်ရေး ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော လွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင်များသည် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းဖြင့် အောင်ဆန်း–အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးအတွက် လမ်းခင်းပေးခဲ့သည်။ ထို့နောက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုနိုင်ငံတော်သစ် တည်ထောင်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြပေသည်။ ထို့ကြောင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

မြန်မာ့နိုင်ငံရေး၏ အတိတ်သမိုင်း ဖြစ်ရပ်များသည် ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် သင်ခန်းစာများဖြစ်ပါသည်။ တိုင်းပြည်၏ခေါင်းဆောင်များသည် အတိတ်သမိုင်း၏ သင်ခန်းစာများကိုရယူပြီး ပစ္စုပ္ပန်နှင့် အနာဂတ်ကို တည်ဆောက်ကြသည်။ သမိုင်းကိုပြန်ကြည့်သော် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်မဟုတ်ဘဲ၊ လက်နက်ဖြင့် အကြမ်း

ဖက်ဖြေရှင်းခဲ့ခြင်းကြောင့် မြန်မာ့သမိုင်းတွင် အမဲစက်ကြီး စွန်းထင်းခဲ့ရပေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ကြရသဖြင့် စည်းလုံးညီညွတ်သော တိုင်းသစ်ပြည်သစ်ထူထောင်ရေးအတွက် ထိခိုက်နစ်နာခဲ့ရသည်။ တိုင်းပြည်နှင့်လူမျိုးကိုသာ ထိခိုက်နစ်နာစေပြီး အတိဒုက္ခများ ကျရောက်ခဲ့ရသည်ကို သက်သေသာဓက ပြသထားပြီးလည်းဖြစ်သည်။ လက်နက်အားကိုးဖြင့် ဖြေရှင်းခြင်းသည် ဆိုးကျိုးကိုသာ ဖြစ်ပေါ်စေပါသည်။ အာဇာနည်နေ့ကြီးက ပေးလိုက်သော ဤသမိုင်းသင်ခန်းစာကို အထူးသတိပြုကြရန် လိုအပ်ပါသည်။ ထို့အပြင် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်မှုရရှိပြီး လွတ်လပ်ရေးကြီးရရှိခဲ့သည်ကိုလည်း အလေးအနက် ခံယူကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် အစဉ်တစ်စိုက် ကြိုးပမ်းလျက်ရှိသည်။ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး ဆောင်ရွက်လျက်ရှိသည်။ စစ်မှန်သော ဒီမိုကရေစီစနစ် ထူထောင်ရေးအတွက် ပြည်သူလူထုနှင့်လက်တွဲပြီး အစဉ်ကြိုးပမ်း အားထုတ်လျက်ရှိသည်။

ယနေ့ မြန်မာပြည်သူတို့၏ဘဝသည် အထွေထွေအကျပ်အတည်းများနှင့် အမှန်တကယ် ကြုံတွေ့နေကြရပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်များ ယိုယွင်းကျဆင်းနေပြီး ရောဂါဆိုးများ၏ ဖိစီးမှုဒဏ်ကို အလူးအလဲခံစားနေကြရသည်။ ထို့အပြင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ၊ တရားဥပဒေစိုးမိုးရေးများ ဆုံးရှုံးနေကြရသလို အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှုများကိုလည်း ခါးစီး၍ခံနေကြရပေသည်။

ယခုကဲ့သို့ ပြည်သူလူထု လက်ငင်းရင်ဆိုင်ကြုံတွေ့နေရသော အထွေထွေအကျပ်အတည်းများမှ ကျော်လွှားလွန်မြောက်နိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် ပထမဦးစွာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန် အထူးလိုအပ်ပါသည်။ ထိုမှတစ်ဆင့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများနှင့်ပါ စောလျင်စွာ ဆက်လက်ဆွေးနွေး ညှိနှိုင်းကြရမည် ဖြစ်သည်။ အဖွဲ့ချုပ်က မျှော်မှန်းထားသော ဆွေးနွေးပွဲအစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရေး၊

(၂) ကြိုတင်စည်းကမ်း ကန့်သတ်ထားခြင်းမရှိသော တွေ့ဆုံဆွေးနွေးပွဲကို အပြန်အလှန်လေးစားမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုကို အခြေခံထားသည့် တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပရန်၊ ဆွေးနွေးပွဲများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများအားလုံး တန်းတူညီမျှ အခွင့်အရေးများရရှိစေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ နောင်လာမည့် ရွေးကောက်ပွဲများအရေး၊ လက်ရှိပြည်သူလူထု၏ ဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရေး စသည်တို့ ပါဝင်စေရန်၊

(၃) ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့်ရလဒ်များကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ဖွဲ့စည်းမည့် ပြည်သူ့လွှတ်တော်တွင် အတည်ပြုချက်ရယူခြင်းဖြင့် ၁၀၀၉ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရာရောက်အောင် စီစဉ်ရန်၊

(၄) လွှတ်တော်က အတည်ပြုပြီးသော သဘောတူဆုံးဖြတ်ချက်များအရ ထွက်ပေါ်လာမည့် အနာဂတ် နိုင်ငံရေးလမ်းကြောင်းအတိုင်း သက်ဆိုင်သူများအားလုံးက ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် တစ်ညီတစ်ညွတ်တည်း ဆက်လက် ဖော်ဆောင်သွားရန်တို့ ဖြစ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဖြူစင်သောစေတနာ၊ မှန်ကန်သောစိတ်ထားတို့ဖြင့် တရားမျှတသော ကမ်းလှမ်းချက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား အကြိမ်ကြိမ် အခါခါ ကမ်းလှမ်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအများနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများကလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန် အစဉ်တစ်စိုက် တိုက်တွန်းလျက်ရှိသည်။ အမြန်ဆုံး တွေ့ဆုံဆွေးနွေး ညှိနှိုင်းကြပြီး၊ တစ်ချိန်တည်းမှာပင် အမျိုးသားပြန်

လည်သင့်မြတ်ရေး၊ အမျိုးသားညီညွတ်ရေးနှင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးတို့တွင် အားလုံး ပါဝင်လက်တွဲတည်ဆောက်ကြရန် အမှန်တကယ်ဆန္ဒရှိကြောင်း ထင်ရှားသိသာစေရေးအတွက် . . .

(က) အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ တရားစွဲဆိုခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စ မဟုတ်ပါ၍ စွဲဆိုထားသောအမှုကို ရုပ်သိမ်းပြီး ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုကြောင့် နေ အိမ်တွင် ထိန်းသိမ်းခြင်းခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအား ခြွင်းချက် မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည် ဆောက်နိုင်မည် မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်း ရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစု များ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံး လွှတ် ပေးရန်၊

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော မင်းကိုနိုင်၊ ကိုကိုကြီး စသည့် (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်များအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့ အထိ ငါးနှစ်ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

(ဆ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားကြရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည် မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်များပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်သူလူထု၏ ဆန္ဒနှင့်အညီ အမြန်ဆုံးဆောင်ရွက် ပေးရန် လိုအပ်ကြောင်း ကြေညာလိုက်သည်။

၂၄–၆–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်
၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်

ကြေညာချက်အမှတ် – ၂၁ / ၀၇ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားစွဲဆိုထားသော အမှုနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် ဇူလိုင်လ (၂၄)ရက်နေ့မှစ၍ နှစ်ဘက်အပြီးသတ်လျှောက်လဲချက်ကို ကြားနာခဲ့ရာ ၂၀၀၉ ခုနှစ် ဇူလိုင်လ (၂၈)ရက်နေ့တွင် လျှောက်လဲချက်ပေးခြင်းလုပ်ငန်းစဉ် ပြီးစီးပါသည်။ တရားရုံးက ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားသော ယင်းအမှုအား စီရင်ချက်ချရန် ၂၀၀၉ ခုနှစ် ဇူလိုင်လ (၃၁)ရက် သောကြာနေ့ နံနက် (၁၀း၀၀)နာရီသို့ ချိန်းဆိုကြောင်း ကြေညာလိုက်သည်။

၂၉–၇–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၃)ရက်
၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း (၁၃)ရက်

ကြေညာချက်အမှတ် – ၂၃ / ၀၈ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားစွဲဆိုထားသော အမှုနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် ဇူလိုင်လ (၂၄)ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ အပြီးသတ် လျှောက်လဲချက်တင်သွင်းခဲ့ပါသည်။

ယင်းအပြီးသတ် လျှောက်လဲချက်တွင် ဤအမှုနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားအမြင်ကို ဖော်ပြခဲ့ပါသည်။ ယင်းသဘောထားအမြင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"(စ)" မိမိအပါအဝင် ပုဂ္ဂိုလ်(၄)ဦး အပြစ် ရှိ၊ မရှိ တရားသူကြီးများသည် စီရင်ဆုံးဖြတ်ရတော့မည်ဖြစ်သည်။ ယင်းစီရင်ဆုံးဖြတ်ချက်သည် ကျွန်ုပ်တို့နိုင်ငံတွင် တည်ရှိနေသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့် တရားမျှတမှုရေးရာ အဆောက်အအုံတစ်ခုလုံးအပေါ်တွင် ချမှတ်သော စီရင်ဆုံးဖြတ်ချက်လည်း ဖြစ်လိမ့်မည်။

ကျွန်မ၏ အိမ်ခြံဝင်းအတွင်းသို့ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့အပါအဝင် ယခုအမှုတည်ဆောက်ထားသော ကျူးကျော်ဝင်ရောက်မှု နှစ်ကြိမ်လုံးတို့တွင် ကျွန်မသည် ကျူးကျော်ဝင်ရောက်လာသော သူကိုဖြစ်စေ၊ ယင်းသို့သော ကျူးကျော်ဝင်ရောက်ခြင်းမျိုးကို တားဆီးရန် တာဝန်ရှိသူများကိုဖြစ်စေ၊ ဒုက္ခရောက်စေမည့် အကျိုးဆက်များ မဖြစ်စေလိုသော ရန်ငြိုးကင်းမဲ့သော စိတ်ထားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ယိုးစွပ်ခြင်းပြုမည့်အစား ထားသင့်ထားထိုက်သော သင့်ရုံ တော်ရုံသဘောထားမှု၊ နားလည်သည့်သဘောထားမှုနှင့် တာဝန်သိမြင်သော သဘောထားမှုများကို အစွမ်းကုန်ထားရှိခြင်းသည် ယဉ်ကျေးသောလူ့အဖွဲ့အစည်းများ၌ လုံခြုံရေးနှင့် ညီညွတ်ရေးတို့ကို ဥပဒေကသာ အုပ်ထိန်းခြင်းပြုသည်ဆိုသော ယေဘူယျသဘော ဖြစ်ပေါ်စေပါလိမ့်မည်။

ကျွန်မကို (၅)နှစ်ကျော် အိမ်အကျယ်ချုပ်ဖြင့် ထားရှိခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ အရေးယူခဲ့မှုများကို ဥပဒေနှင့် ညီ၊ မညီ စုံစမ်းမှု မပြုဘဲ၊ ယခု ကျွန်မအပေါ် စွဲချက်တင်မှုများအား မှန်ကန်စွာဖြစ်စေ၊ ပြည့်စုံစွာဖြစ်စေ၊ သုံးသပ်၍ ရနိုင်မည် မဟုတ်ချေ။ ယင်းကာလအတွင်း ကျွန်မ၏ ရှေ့နေများသည် တရားဥပဒေစိုးမိုးရေးတွင် အလွန်မှဟန်ချက်ကို ပိုင်းခြားသိမြင်စေနိုင်သော ထိုက်သင့်သောဆောင်ရွက်မှု (Due Process) များရရှိနိုင်ရန်၊ အလွန်စေ့စပ်သေချာသောကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ အလားတူ နှစ်ခွန်းနှစ်ခွမဟုတ် သံသယကင်းစင်သော "တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရသည်"ဆိုသော "မူ"မှာလည်း တရားဥပဒေစိုးမိုးရေးအတွက် အလွန်မှ ဟန်ချက်ကို ပိုင်းခြားသိမြင်စေနိုင်သော "မူ"ဖြစ်ပါသည်။ (Equally Critical is the principle that justice must not only be done but must be seen to be done, clearly and unequivocally.)

ဤအမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအပေါ် အဓိပ္ပာယ်ပိုင်းခြား၍ ကျင့်သုံးမှုများနှင့် ပတ်သက်၍ "ထုံးနည်းမကျသော"ကျင့်သုံးမှုများ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းအကြောင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ပင် အတည်ဖြစ်မှု ရှိ၊ မရှိ ဆိုသောပြဿနာသည် ပေါ်ပေါက်ခဲ့ပေသည်။ ယင်းသို့ ပေါ်ပေါက်ခဲ့မှုကြောင့်လည်း အစိုးရဆိုသော ဂုဏ်အင်္ဂါသဘောနှင့်လည်း စပ်ဆိုင်ခဲ့ပါသည်။ ဥပဒေနှင့်

ကိုက်ညီပြီး တရားမျှတသော အုပ်ချုပ်မှု၏ အကာအကွယ်တစ်ရပ်ဖြစ်သော ဥပဒေနှင့်အညီပြုမူသော ဆောင်ရွက်ခြင်းလိုအပ်ပါသည်။

ကျွန်မသည် ဤရုံးရှေ့တွင် စစ်ဆေးကြားနာလျက်ရှိသော စွဲချက်များအပေါ် အပြစ်မရှိဟု တင်ပြခဲ့ခြင်းနှင့်အတူ တရားဥပဒေ စိုးမိုးရေးနှင့် ပတ်သက်၍လည်း တရားဥပဒေစိုးမိုးရေးဆိုသည်မှာ အဂတိလေးပါး ကင်းသော၊ ချွတ်ယွင်းချက်ကင်းစင်သော၊ တရားမျှတသော၊ အပြစ်လည်းမဆိုနိုင်သော ဉာဏ်ပညာနှင့် ကောင်းမြတ်သောစိတ်စေတနာနှင့် မြင်သာထင်ရှားကာ တာဝန်ခံနိုင်သည့် စီမံခန့်ခွဲမှုမျိုး ဖြစ်သည်ဟု တင်ပြလိုပါသည်။ "(ဆုံး)"

၃-၈-၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်
၁၃၇၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၇)ရက်

ကြေညာချက်အမှတ် – ၂၄ / ၀၈ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားစွဲဆိုထားသော အမှုနှင့်စပ်လျဉ်း၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် စီရင်ချက်ချမှတ်မည့် ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့ ရက်စွဲပါစာအမှတ်–၀၄/နယက(ဥ)/လငခ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ ထိုညွှန်ကြားချက်တွင် . . .

> "ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အသက်ပေး၍ ရယူပေးခဲ့သည့် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးကို ရှေးရှု၍လည်းကောင်း၊ တစ်ဦးအပေါ်တစ်ဦး အာဃာတများ မရှိစေရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် အနှောင့်အယှက် မဖြစ်စေရေးအတွက်လည်းကောင်း ရည်စူး၍ × × ×"

ဟု ရေးသားဖော်ပြထားသည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မှတ်သားထားပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ချမှတ်ထားသည့် မူ(၇)ချက်တွင်လည်း "တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ရေးနှင့် အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေးရှုရေး"တို့ ပါရှိပြီးဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရေးအတွက် အစဉ်တစိုက် ကြိုးပမ်းနေသူ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မူလကနဦးကပင် စတင်အားထုတ်နေသူ ဖြစ်သည့်အပြင် နိုင်ငံရေးအရ အပေးအယူပြုလုပ်ပြီး ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသူ ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစုများနှင့် ဒီမိုကရေစီအင်အားစုများအားလုံးက ယုံကြည်အားကိုးအားထားနိုင်သူလည်း ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်က ယခုအမှု စီရင်ချက်ချမှတ်သည့် (၁၁–၈–၀၉)နေ့တွင် "မိမိအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ခွင့် ရလိမ့်မည်ဟုလည်းကောင်း မျှော်လင့်ကြောင်း"ကို တရားခွင်သို့ လာရောက်ကြသည့် သံတမန်များအား ထုတ်ဖော်ပြောကြားခဲ့သည်ဟု ကြားသိရပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မလွဲမသွေ ပါဝင်ရန် လိုအပ်ပါသည်။

သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားများကို ရှေးရှု၍ တွေ့ဆုံဆွေးနွေးကြရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို စောလျင်စွာ အကောင်အထည်ဖော်ပေးပါရန်၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရေးအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို အမြန်ဆုံး ထုတ်ပြန်ပေးပါရန် တိုက်တွန်းနှိုးဆော်လိုက်သည်။

၁၂–၈–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ခင်ကျော်ဟန် (ရေနံချောင်း)

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်
၁၃၇၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၇)ရက်

ကြေညာချက်အမှတ် – ၂၅ / ၀၈ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား အာဏာပိုင်တို့က နေအိမ်တွင် ထိန်းသိမ်းထားခြင်းမှ အပြီးအပြတ် လွှတ်ရက်စေ့ကာနီးသောအခါ အမေရိကန်နိုင်ငံသား Mr. John William Yettaw က ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းအတွင်းသို့ ကျူးကျော် ဝင်ရောက်ခဲ့သည်ကို အကြောင်းပြု၍ ဒေါ်အောင်ဆန်းစုကြည်အား "နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ" ပုဒ်မ ၂၂ အရဆိုပြီး ဒေါ်အောင်ဆန်းစုကြည်က မည်သည့် ပြစ်မှုကိုမျှ ကျူးလွန်ရခြင်း မရှိပါဘဲလျက် တရားစွဲဆိုခဲ့ပါသည်။

တရားစွဲအဖွဲ့အစည်းက ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော မူလအခွင့်အရေးကို အခြေပြု၍ ကန့်သတ်မိန့်နှင့် တားဆီးမိန့်အား လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သည်ဟု တရားစွဲဆိုခဲ့သောအမှု ဖြစ်ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားဝင် ရုပ်သိမ်းပြီးဖြစ်၍ အာဏာသက်ရောက်ခြင်း မရှိတော့ပါ။ ဥပဒေအာနိသင် လုံးဝမရှိတော့သော ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်မူတည်၍ တရားစွဲဆိုခြင်းသည် မူလကတည်းက ပျက်ပြယ်ပြီး ဖြစ်ပါသည်။

သို့ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင်အား အလုပ်နှင့်ထောင်ဒဏ် (၃)နှစ် ကျခံစေရန် စီရင်ချက် ချမှတ်ခဲ့ပါသည်။ ထိုသို့ စီရင်ချက်ချမှတ်ခြင်းသည် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်၍ ပြင်းထန်စွာကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

၁၂–၈–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်
၁၃၇၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈)ရက်

ကြေညာချက်အမှတ် – ၂၆ / ၀၉ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံသို့ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့၌ ပေးပို့ခဲ့သည့် စာပါအကြောင်းအရာများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၇–၉–၀၉ နေ့တွင် ကျင်းပသော အစည်းအဝေး ဆုံးဖြတ်ချက်အရ သိသာရန် ထုတ်ပြန်လိုက်ပါသည်။

“(စ)” အကြောင်းအရာ။ ။ **တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီများအား စည်းရုံးလှုပ်ရှားခွင့်ပြုရေး။**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော ရုံးခွဲများကို အာဏာပိုင်တို့က ခေတ္တဟုဆိုပြီး ယနေ့ထိတိုင် ချိပ်ပိတ်ထားပါသည်။ ထို့အပြင် နိုင်ငံရေးပါတီတစ်ခု၏ လုပ်ပိုင်ခွင့်များဖြစ်သော စုဝေးခြင်း၊ စည်းဝေးခြင်း၊ စည်းရုံးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းစသည့် လုပ်ငန်းများကိုလည်း ကန့်သတ်ပိတ်ပင်ထားခြင်းခံနေရပါသည်။

သို့သော် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသော အဖွဲ့အစည်းများမှာ စုဝေးခြင်း၊ စည်းဝေးခြင်း၊ စည်းရုံးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းလုပ်ငန်းများအား လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ဥပမာ . . . “ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်”ဆိုသည့် အဖွဲ့အစည်းက ၁၉–၈–၂၀၀၉ နေ့တွင် မကွေးတိုင်း၊ ပခုက္ကူမြို့၌ ဆိုင်းဘုတ်တင်ခြင်း၊ အစည်းအဝေးကျင်းပခြင်းတို့ ပြုလုပ်ခွင့် ရခဲ့ပါသည်။ ဓာတ်ပုံကို ပူးတွဲတင်ပြပါသည်။ ဤသည်မှာ တရားမျှတခြင်း လုံးဝမရှိပါ။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအသစ်လည်း ပြဋ္ဌာန်းထားခြင်း မရှိသေးသောကြောင့် တရားမဝင်လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်လျက်ရှိသော နိုင်ငံရေးပါတီများအား ရုံးခန်းများ ပြန်လည်ဖွင့်လှစ်ပေးပြီး စည်းရုံးလှုပ်ရှားခွင့်များပေးပါရန် အကြောင်းကြားပါသည်။

၃၁–၈–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။ “(ဆုံး)”

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်
၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅)ရက်

အထူးကြေညာချက်အမှတ် – ၅ / ၀၉ / ၀၉

၂၀၀၉ ခုနှစ် စက်တင်ဘာလ (၁၇)ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားတစ်ရာကျော်အပါအဝင် နိုင်ငံသား အကျဉ်းသား အကျဉ်းသူ စုစုပေါင်း(၇၁၁၄)ဦးတို့သည် အကျဉ်းထောင်အသီးသီးမှ ပြန်လည်လွတ်မြောက်လာကြသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လှိုက်လှဲစွာ ကြိုဆိုပါသည်။

သို့သော် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အစဉ်တစိုက် ကြိုးပမ်းနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးများ၊ (၈၈) မျိုးဆက်ကျောင်းသားများ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန် တောင်းဆိုပါသည်။

ပြန်လည်လွတ်မြောက်လာကြသည့် အဖွဲ့ချုပ်အဖွဲ့ဝင်များသည် မိမိတို့၏ကျန်းမာရေးအခြေအနေပေါ်မူတည်၍ လိုအပ်သည်များကို ဆောင်ရွက်ပြီးပါက မိမိတို့၏ မူလယုံကြည်ချက်ဖြစ်သော ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးများ ရရှိရန် ကြိုးပမ်းမှုတွင် ပြန်လည်တာဝန်ထမ်းဆောင်ကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုက်တွန်းကြောင်း ကြေညာလိုက်သည်။

၂၁–၉–၀၉ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်
၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၉)ရက်

ကြေညာချက်အမှတ် – ၂၇ / ၀၉ / ၀၉
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၂၁)နှစ်မြောက် ကြေညာစာတမ်း

၁၉၈၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ကျောင်းသားကျောင်းသူ ပြည်သူတစ်ရပ်လုံးသည် အသက် သွေး ချွေး စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ရင်းနှီးလျက် သမိုင်းတွင် မကြုံဖူးအောင် ထူးထူးကဲကဲ အုံကြွ၍ ဒီမိုကရေစီရေးကို တစ်ခဲနက် တောင်းဆိုခဲ့ကြသည်။ ပြည်သူလူထု၏ ဒီမိုကရေစီရရှိရေး ပြင်းပြသောလိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ယနေ့တွင် (၂၁)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းတည်ထောင်စဉ်ကထားရှိခဲ့သော ရည်ရွယ်ချက်များအဖြစ် . .

(က) အများပြည်သူတို့၏ ဆန္ဒနှင့်ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သော ဒီမိုကရေစီအစိုးရ ဖြစ်ပေါ်လာစေရန်၊

(ခ) ရည်ရွယ်ချက်(က)ကို ဖြစ်မြောက်စေရန် အဖွဲ့ချုပ်ခေါင်းဆောင်မှုဖြင့် ပြည်သူလူထု ညီညွတ်မှုအင်အားကို အခြေခံ၍ စည်းကမ်းစနစ်ကျသော ဒီမိုကရေစီလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာစေရန်၊

(ဂ) နောင်ခေတ်အဆက်ဆက်၌လည်း မြန်မာနိုင်ငံသည် ပြည်သူလူထုဆန္ဒနှင့်အညီ ဒီမိုကရေစီ နိုင်ငံရေးစနစ်ထွန်းကား၍ တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ် တည်ထွန်းစေရေးအတွက် အုတ်မြစ်ချရန်၊

(ဃ) အာဏာရှင်ဆန်၍ ပြည်သူလူထုကို ဖိစီးနှိပ်စက်မည့် နိုင်ငံရေးစနစ်မျိုး ပြန်လည်ထွန်းကားခြင်း မရှိစေရေးအတွက် ကြိုးပမ်းရန်၊

(င) ကမ္ဘာတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီထွန်းကားရေးအတွက် နိုင်ငံတကာရှိ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

တို့ ဖြစ်ပါသည်။

ဤရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် မိမိတို့ အဖွဲ့ချုပ်အဖွဲ့ဝင်များက တရားဝင်နိုင်ငံရေးပါတီဖြစ်သည်နှင့်အညီ တာဝန်သိသိ သိက္ခာရှိရှိဖြင့် စည်းရုံးရေးတာဝန်များကို ဆောင်ရွက်ကြသော်လည်း အာဏာပိုင်များက ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ အကြိမ်ကြိမ် အခါခါ ကန့်သတ်ချုပ်ချယ်ခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းများ ရှိနေပါသည်။ အဖွဲ့ချုပ်အဖွဲ့ဝင်များသည် မိမိတို့ကျရာတာဝန်များကို ကျေပွန်သည်အထိ ဖိနှိပ်မှုအမျိုးမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်၍ ပြည်သူလူထုအပေါ် သစ္စာရှိစွာဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်နေကြပေသည်။ အဖွဲ့ချုပ်အဖွဲ့ဝင်များသည် အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်လျက် အဖွဲ့ချုပ်၏ မူဝါဒသဘောထားများအတိုင်း ခိုင်ခိုင်မာမာရပ်တည်၍ အသက် သွေး ချွေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စများ၊ မိမိတို့အကျိုးစီးပွားများ လွန်စွာဆုံးရှုံးထိခိုက် နစ်နာရသည်အထိ ယနေ့တိုင် စွန့်လွှတ်ပေးဆပ်နေကြရစဲ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ အဖွဲ့ချုပ်အဖွဲ့ဝင်များသည် တိုင်းပြည်၏အနာဂတ် အကျိုးစီးပွားများကို အလေးထားပြီး ယနေ့ရင်ဆိုင်နေရသော အမှန်တကယ် တစ်နေ့တစ်ခြား ဆိုးရွားလာနေသည့် လက်ရှိအထွေထွေအကျပ်အတည်းများကို ဖြေရှင်းနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ပေါက်လာစေရန် ယုံကြည်ချက်၊ ခံယူချက်တို့ဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ အဖွဲ့ချုပ်၏ ရည်ရွယ်

ချက်ပန်းတိုင်ရောက်သည်အထိ ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်လျက် သစ္စာရှိရှိဖြင့် ဆောင်ရွက်ကြမည်ဟုလည်း လေးနက်တည်ကြည်စွာ သန္နိဋ္ဌာန်ချထားကြရမည်ဖြစ်သည်။

ထို့အပြင် လက်ရှိ အခက်အခဲ အကျပ်အတည်းများကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်၍ အခြေအနေ အချိန်အခါနှင့် ကိုက်ညီသော နိုင်ငံရေးလမ်းစဉ်နှင့် စည်းရုံးလှုပ်ရှားမှုများကို အဖွဲ့ချုပ်၏ ညွှန်ကြားချက်များနှင့်အညီ ဖော်ဆောင်ကြရန် လိုအပ်ပေသည်။ ထိုသို့ ဆောင်ရွက်ရန်မှာ အဖွဲ့ချုပ်၏ မူဝါဒသဘောထားများနှင့် စည်းမျဉ်းစည်းကမ်းများကို ခိုင်မြဲစွာကိုင်စွဲပြီး စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရပေမည်။ **“ညီညွတ်ခြင်းသည် အင်အား”**ဟူသည်နှင့်အညီ အဖွဲ့ချုပ်အဖွဲ့ဝင်များ စည်းလုံးညီညွတ်ကြပါလျှင် မည်သို့သော အခက်အခဲအကြပ်အတည်းများကိုမဆို ကျော်လွှားအောင်မြင်နိုင်မည် ဖြစ်ပေသည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက စည်းလုံးညီညွတ်မှုအင်အားဖြင့် တိုင်းပြည်လွတ်လပ်ရေး ရယူပေးခဲ့ပုံကို စံနမူနာယူသင့်ကြသည်။ စည်းလုံးညီညွတ်မှုနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ကျင်းပသော ရွှေတိဂုံအလယ်ပစ္စယံအစည်းဝေး၌ . . .

> “× × × ကျွန်ုပ်တို့ကံကြမ္မာကို ကျွန်ုပ်တို့ဖန်တီးဘို့အရေးသည် ကျွန်ုပ်တို့လက်တွင်းမှာပင်ရှိ၏။ ကျွန်ုပ်တို့အင်အားကို ကျွန်ုပ်တို့ ယုံကြည်လျှင် ကောင်းကင်တမွတ် ကြည်ကိုပင်ဆွတ်နိုင်ကြသည်။ × × ×”

ဟု ပြောကြားခဲ့ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း အဖွဲ့ချုပ်ကို စတင်တည်ထောင်စဉ်ကပင် အဖွဲ့ချုပ်၏စည်းမျဉ်းစည်းကမ်းများ လေးစားလိုက်နာကြရန်၊ စည်းလုံးညီညွတ်ကြရန်တို့ကို အကြိမ်ကြိမ်မှာကြားခဲ့ပါသည်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၄)ရက် သင်္ဃန်းကျွန်းမြို့နယ် လူငယ်လုပ်ငန်းဖွဲ့စည်းရေးတွင် ဒေါ်အောင်ဆန်းစုကြည်က . . .

> “× × × အဖွဲ့ချုပ်က ပေးထားခဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဘို့ဆိုတာ အဖွဲ့ချုပ်ရဲ့ စည်းမျဉ်းစည်းကမ်းတွေအရ လုပ်ဖို့အရေးကြီးပါတယ်။ ဒီအပြင်လည်း စိတ်ဓာတ်ရေးရာအရ အဖွဲ့ချုပ်အတွင်းမှာ ညီညွတ်မှုကိုဦးတည်ဖို့ အများကြီးအရေးကြီးပါတယ်။ အဖွဲ့ချုပ်အတွင်းမှာ ညီညွတ်မှုကိုထိပါးစေမယ့် အလုပ်တွေကို လုပ်မယ်ဆိုလို့ရှိရင် အဖွဲ့ချုပ်ရဲ့ ပေးအပ်ထားတဲ့တာဝန်တွေကို ကျေပွန်တယ်လို့ ဘယ်လိုမှပြောလို့မရဘူး။ × × ×”
>
> “× × × အင်အားဖြည့်တယ်လို့ဆိုရင်၊ အင်အားစုဆောင်းတယ်ဆိုလို့ရှိရင်၊ အဖွဲ့ချုပ်အတွက် အင်အားစုဆောင်းတာပဲဖြစ်ရမယ်။ ဒီမိုကရေစီရေးအတွက် အင်အားစုဆောင်းတာပဲဖြစ်ရမယ်။ နိုင်ငံအတွက် အင်အားစုဆောင်းတာပဲ ဖြစ်ရမယ်။ ကိုယ့်ရဲ့အုပ်စုအတွက် အင်အားစုဆောင်းတာမျိုး လုံးလုံးမဖြစ်သင့်ဘူး။ × × × ကျမတို့အဖွဲ့ချုပ်အနေနဲ့ ဒီလိုအင်အားစုဆောင်းမှုတွေကို လုံးလုံးလက်ခံမှာမဟုတ်ဘူးဆိုတာ သတိပေးပါရစေ။ အဖွဲ့ချုပ်ရဲ့ စည်းမျဉ်းစည်းကမ်းဘောင်ကို ချိုးဖောက်ပြီးတော့ လုပ်တဲ့ကိစ္စတွေကို ကျမတို့လက်မခံပါဘူး။ ကျမတို့အဖွဲ့ချုပ်ဟာ ဒီမိုကရေစီအဖွဲ့ချုပ်ဖြစ်တယ်။ ဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာဟာ လုပ်ချင်တိုင်း စည်းလွတ်ကမ်းလွတ်လုပ်နိုင်တယ်ဆိုတာ မဟုတ်ပါဘူး။ လွတ်လပ်မှုအခွင့်အရေးတွေရှိသလို တာဝန်တွေလည်းရှိပါတယ်။ စည်းကမ်းစည်းမျဉ်းကို ထိန်းသိမ်းသွားဖို့ တာဝန်တွေလည်းရှိပါတယ်။ × × ×”

ဟု ပြောကြားခဲ့သည်။

အထက်ပါ လမ်းညွှန်ချက်များနှင့်အညီ အဖွဲ့ချုပ်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုများ၏ တန်းတူရည်တူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အခြေခံ၍ ပြည်ထောင်စုအတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရပေမည်။ သို့မှသာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများကို အာမခံနိုင်သည့် တိုင်းရင်းသားလူမျိုးစုများအားလုံး သဘောတူညီသော ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော် ပေါ်ထွန်းလာနိုင်ပေမည်။ ထို့ကြောင့် တိုင်းရင်းသားများအရေးနှင့် စပ်လျဉ်းသည့် ပြဿနာရပ်များကို တစ်ဘက်နှင့်တစ်ဘက် တစ်ဖွဲ့နှင့်တစ်ဖွဲ့တို့သည် စစ်ရေးနည်းဖြင့် မဖြေရှင်းကြဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းကြရန် လိုအပ်ပါသည်။

နိုင်ငံတွင် လက်ငင်းကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ပြဿနာအရပ်ရပ်တို့ကို ဖြေရှင်းနိုင်ရန်မှာ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းသာဖြစ်သည်ဟု ယုံကြည်ပေသည်။ နိုင်ငံရေးတည်ငြိမ်မှု မရှိပါလျှင် စီးပွားရေး၊ လူမှုရေး စသည်တို့သည်လည်း မည်သို့မျှ တည်ငြိမ်မှုမရနိုင်ပါချေ။ တွေ့ဆုံဆွေးနွေးခြင်း

သည် အပေါင်းလက္ခဏာကိုပြသသည့် သရုပ်သဏ္ဌာန်ဖြစ်ပေသည်။ တွေ့ဆုံဆွေးနွေးကြသည့်အခါ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့တို့သည်လည်း အပေးအယူပြုလုပ်ကြရစမြဲဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မျှော်မှန်းထားသော ဆွေးနွေးပွဲအစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရေး၊
(၂) ကြိုတင်စည်းကမ်း ကန့်သတ်ထားခြင်းမရှိသော တွေ့ဆုံဆွေးနွေးပွဲကို အဆုံးအဖြတ်ပေးနိုင်မည့်ပုဂ္ဂိုလ်များပါဝင်တက်ရောက်ကာ အပြန်အလှန်လေးစားမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုကို အခြေခံထားသည့် တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပရန်၊ ဆွေးနွေးပွဲများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများအားလုံး တန်းတူညီမျှအခွင့်အရေးများ ရရှိစေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈)ကို ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ နောင်လာမည့်ရွေးကောက်ပွဲများအရေး၊ လက်ရှိပြည်သူလူထု၏ ဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရေး စသည်တို့ ပါဝင်စေရန်၊
(၃) ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ရလဒ်များကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ဖွဲ့စည်းမည့် ပြည်သူ့လွှတ်တော်တွင် အတည်ပြုချက်ရယူခြင်းဖြင့် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရာရောက်အောင် စီစဉ်ရန်၊
(၄) လွှတ်တော်က အတည်ပြုပြီးသော သဘောတူဆုံးဖြတ်ချက်များအရ ထွက်ပေါ်လာမည့် အနာဂတ်နိုင်ငံရေးလမ်းကြောင်းအတိုင်း သက်ဆိုင်သူများအားလုံးက ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် တစ်ညီတစ်ညွတ်တည်း ဆက်လက်ဖော်ဆောင်သွားရန်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း မြန်မာနိုင်ငံဆိုင်ရာ စင်္ကာပူသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သံတမန်များအား အင်းစိန်အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာ၌ ၂၀ဝ၉ ခုနှစ်၊ မေလ (၂၀)ရက်နေ့တွင် တွေ့ဆုံရာ၌ ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားပြန်လည်သင့်မြတ်ရေးကို သက်ဆိုင်သူများအားလုံးက လိုလားကြပါလျှင် ရနိုင်သည့်အခွင့်အလမ်း အများအပြားရှိနေသေးကြောင်း၊ ဤကံမကောင်းအကြောင်းမလှသော ဖြစ်ရပ်များမှ ရလဒ်ကောင်းတစ်စုံတစ်ရာ ပေါ်ထွက်လာစေရန် နောက်မကျသေးကြောင်းတို့ကို သံတမန်များအား ပြောကြားခဲ့ပါသည်။

တစ်ဖန် ဒေါ်အောင်ဆန်းစုကြည်က ၎င်းအပေါ် စီရင်ချက်ချမှတ်သည့် ၂၀ဝ၉ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် မိမိအနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခွင့် ရလိမ့်မည်ဟုလည်းကောင်း၊ မျှော်လင့်ကြောင်းကို တရားခွင်သို့ လာရောက်ကြသည့် သံတမန်များအား ထုတ်ဖော်ပြောကြားခဲ့သည်ဟု ကြားသိရပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ၂၀ဝ၉ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်စွဲပါ "စာအမှတ်–၀၄/နယက(ဥ)/လ၄ဖ ဖြင့် ပြစ်ဒဏ်အား လျော့ပေါ့ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းတို့နှင့် စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို အသက်ပေး၍ ရယူပေးခဲ့သည့် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးကို ရှေးရှု၍လည်းကောင်း၊ တစ်ဦးအပေါ်တစ်ဦး အာဃာတများမရှိစေရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် အနှောင့်အယှက်မဖြစ်စေရေးအတွက်လည်းကောင်း၊ ရည်စူး၍ × × ×"ဟု ရေးသားဖော်ပြထားသည့် အချက်များအပေါ် ဒေါ်အောင်ဆန်းစုကြည်ကလည်း အပြုသဘောမြင်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆန္ဒရှိပါလျှင် နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း မှတ်ချက်စကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးကိုလိုလားကြသော ကမ္ဘာ့နိုင်ငံအများအပြားသာမက ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ကလည်း ထိုသို့ တွေ့ဆုံဆွေးနွေးကြရန် တိုက်တွန်းလျက်ရှိပါသည်။ ကုလသမဂအတွင်းရေးမှူးချုပ်က ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်ဒဏ်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ ၂၀ဝ၉ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် . . .

"ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချမှတ်ခြင်းအတွက် အထွေထွေအတွင်းရေးမှူးချုပ်သည် လွန်စွာစိတ်ပျက်မိသည်။ ဤဆုံးဖြတ်ချက်အတွက် အထွေထွေအတွင်းရေးမှူးချုပ်က ပြင်းထန်စွာ ပြစ်တင် ရှုတ်ချလိုက်

သည်။ **ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်များတွင် မပါလျှင်မဖြစ်သူတစ်ဦးအဖြစ် သူမအားပါဝင်စေရန် အစိုးရအား အထွေထွေအတွင်းရေးမှူးချုပ်က တိုက်တွန်းလိုက်သည်။** သူမနှင့် အခြားနိုင်ငံရေးအကျဉ်းသားအားလုံးတို့အား လွှတ်ပေးပြီး လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတွင် ပါဝင်ခွင့် မပေးမချင်း နိုင်ငံရေးဖြစ်စဉ်အပေါ် ယုံကြည်မှုမရှိဘဲ သံသယများရှိနေဦးမည်သာ ဖြစ်ပါသည်။"

ဟု ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်နေ့တွင် ကြေညာချက်၌ . . .

"လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက မြန်မာအစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ချမှတ်ထားတဲ့ ပြစ်ဒဏ်ကို လျှော့ပေါ့ပေးခြင်းအား မှတ်သားထားပြီး **စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးပေါ်ပေါက်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအင်အားစုများအားလုံးနှင့် တွေ့ဆုံဆွေးနွေးရေးဖြစ်နိုင်အောင် လိုအပ်တဲ့အခြေအနေများ ဖန်တီးပေးဖို့ တိုက်တွန်းလိုက်သည်။"**

ဟု ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ အထွေထွေညီလာခံ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့၏ တိုက်တွန်းချက်များကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြင်ပတွင် အထီးကျန်ရပ်တည်နေရန် မသင့်လျော်ပါ။ ယနေ့ကမ္ဘာတွင် တစ်ဦးတည်းရပ်တည်၍လည်း မရနိုင်ပါ။ ယနေ့မျက်မှောက်ကမ္ဘာ့နိုင်ငံရေးတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြင်ပ၌ အထီးကျန်ရပ်တည်ပြီး နိုင်ငံကို အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်နိုင်မည်မဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်နှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲရေး ပြဿနာအရပ်ရပ်တို့သည် အခြားနိုင်ငံများ၏ အရေးကိစ္စများနှင့် ဆက်စပ်လျက် ရှိနေပါသဖြင့် ကမ္ဘာ့မိသားစုဝင်နိုင်ငံများက မိမိနိုင်ငံအပေါ် အမြင်သဘောထားများကိုလည်း ဂရုစိုက် အလေးထားရမည် ဖြစ်ပါသည်။

ထို့ကြောင့် တွေ့ဆုံဆွေးနွေး အဖြေရှာရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ကောင်းမွန်သော နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေကောင်းများကို ဦးစွာ ဖန်တီးပေးသည့်အနေဖြင့် . . .

(က) အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ စည်းကမ်းချက်များဖြင့် နေအိမ်တွင်ထပ်မံထိန်းသိမ်းထားခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စမဟုတ်ပါ၍ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်တွင်ထိန်းသိမ်းခြင်းခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအား ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီ အင်အားစုများ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကွယ်၊ ကိုဂျင်မီ စသည့် (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်များ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ (၆)နှစ်ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

(ဆ) ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားကြရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်များပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်သူလူထု၏ ဆန္ဒနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကြေညာလိုက်သည်။

၇-၉-၀၉ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်
၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀)ရက်

အထူးကြေညာချက်အမှတ် – ၆ / ၀၉ / ၀၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က “မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပယ်ဖျက်ရေးကိစ္စ”နှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်နေ့တွင် စာရေးသားပေးပို့ခဲ့ပါသည်။ ယင်းစာကို စာမျက်နှာ(၂)တွင် ပူးတွဲဖော်ပြလိုက်ပါသည်။

၂၈–၉–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

သို့

ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
နေပြည်တော်

ရက်စွဲ။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်။

အကြောင်းအရာ ။ ။ **မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပယ်ဖျက်ရေးကိစ္စ။**

၁။ အထက်အကြောင်းအရာပါကိစ္စအတွက် ကျွန်မအနေဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ရေးကို ရည်ရွယ်ပြီး အောက်ပါအကြောင်းအရာများကို (၁၂-၉-၂၀၀၉)ရက်နေ့တွင် သတင်းတပ်ဖွဲ့မှတဆင့် အထက်အာဏာပိုင်များထံ တင်ပြအသိပေးနိုင်ရန်အတွက် နှုတ်ဖြင့်ပြောကြားခဲ့ပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပယ်ဖျက်ရေးအတွက် ကျွန်မအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများရုပ်သိမ်းရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် . . .

(က) မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ အားလုံးကို သိရှိနားလည်စေရေး၊

(ခ) မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုကြောင့် နစ်နာရမှုအတိုင်းအတာကို သိရှိနားလည်စေရန်၊

(ဂ) မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ချမှတ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံအစိုးရများ၏ သဘောထားကို သိရှိနားလည်စေရေးကို ဦးစွာဆောင်ရွက်ဖို့ လိုအပ်မည်ဖြစ်သည်ဟု ယုံကြည်ပါသည်။

၄။ အပိုဒ်(၃)ပါ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် . . .

(၁) မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ သံမှူးကြီး၊

(၂) မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်သံအမတ်ကြီး၊

(၃) မြန်မာနိုင်ငံဆိုင်ရာ ဩစတေးလျနိုင်ငံ သံအမတ်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးမှု ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၅။ ကျွန်မနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားကို ညှိနှိုင်းရယူနိုင်ရေးကိုလည်း ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့် . . .

(× × × ×)
ဒေါ်အောင်ဆန်းစုကြည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက်
၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅)ရက်

အထူးကြေညာချက်အမှတ် – ၇ / ၁၀ / ၀၉

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဖွဲ့စည်းစဉ်ကာလမှစတင်၍ အဖွဲ့ချုပ်ညီလာခံခေါ်ယူရေးကို ကြိုးပမ်းလာခဲ့သော်လည်း အမျိုးမျိုးသော အခက်အခဲများ၊ ဖိနှိပ်မှုများအကြား၌ ခေါ်ယူကျင်းပနိုင်ခြင်း မရှိခဲ့ပါ။ မြို့နယ်၊ ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များကို မည်သို့မျှ ရွေးချယ်နိုင်သည့်အခြေအနေ မပေးပါ။ ယခုအချိန်တွင်လည်း ဌာနချုပ်ရုံးခန်းမှတစ်ပါး အခြားအဆင့်ဆင့်သော အဖွဲ့ချုပ်ရုံးခန်းများ တားဆီးပိတ်ပင်ခြင်း ခံနေကြရသည့်အပြင် စည်းရုံးရေးအဖွဲ့လုပ်ငန်းများကိုလည်း ထိရောက်စွာမဆောင်ရွက်နိုင်ခြင်း၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ လွတ်လပ်စွာလုပ်ပိုင်ခွင့် မရှိသေးသည့်အပြင်၊ ၎င်းတို့ကိုယ်တိုင် တက်ရောက်နိုင်ခြင်းမရှိသည့်အတွက် နိုင်ငံလုံးဆိုင်ရာ ညီလာခံတစ်ရပ်ကို ခေါ်ယူကျင်းပနိုင်သောအနေအထားတွင် မရှိပါ။ သို့ဖြစ်လင့်ကစား အဖွဲ့ချုပ်၏ အရေးတကြီးလုပ်ငန်းများကို အဖွဲ့ချုပ်ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် တားဆီးခံနေရသည့်ကြားမှလည်းကောင်း၊ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေဖြင့် အဆက်မပြတ် တွေ့ဆုံတိုင်ပင် ဆွေးနွေးလျက်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။

၂။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တိုးချဲ့ရေးနှင့် ဗဟိုဦးစီးအဖွဲ့ပြန်လည်ဖွဲ့စည်းရေးသည် ဆောင်ရွက်ရန်လိုအပ်နေကြောင်း သိရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါကိစ္စကို . . .

(က) အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ တွေ့ဆုံခွင့်ရသည့်အခါတွင် ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်မည်ဟုလည်းကောင်း၊

(ခ) ထိုသို့မဟုတ်ပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာသည့်အခါတွင် လိုအပ်သလို ညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်မည်ဟုလည်းကောင်း၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ပြီးဖြစ်ပါသည်။

၃။ ယနေ့ကာလသည် နိုင်ငံအတွက် လွန်စွာအရေးကြီးပြီး၊ သိမ်မွေ့ခက်ခဲသည့် အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရသည့်အချိန်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်အဖွဲ့ဝင်များအားလုံး နားလည်သဘောပေါက်ကြမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်၍ အဖွဲ့ချုပ်အဖွဲ့ဝင်တိုင်းသည် တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဒီမိုကရေစီရေးတို့အတွက် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အဖွဲ့ချုပ်၏ဆောင်ရွက်စဲလုပ်ငန်းများ အောင်မြင်ချောမွေ့စေရေး၊ ချမှတ်ထားသော အဖွဲ့ချုပ်၏မူဝါဒရပ်တည်ချက်များ အကောင်အထည်ဖော်ရေးတို့အတွက် ဆင်ခြင်တုံတရား လက်ကိုင်ထားကာ တာဝန်ရှိစွာဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း ကြေညာလိုက်သည်။

၁၉–၁၀–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်

“ သတင်းထုတ်ပြန်ချက် ”

၁။ မြန်မာ့ဒီမိုကရေစီရေး ကူညီဆောင်ရွက်ပေးရန်နှင့် မြန်မာနှင့်အမေရိကန် အစိုးရများအကြား ဆက်ဆံရေးတိုးမြှင့်ရန်အတွက် အချက်အလက်ရှာဖွေရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အမေရိကန်အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကတ်ကင်းဘဲလ် ဦးဆောင်သောအဖွဲ့သည် ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးသို့ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့ ညနေ(၃း၃၀)နာရီတွင် လာရောက်ကာ ရုံးချုပ်အစည်းအဝေးခန်းမ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် တစ်နာရီကြာ တွေ့ဆုံဆွေးနွေးသည်။

၂။ ယင်းသို့တွေ့ဆုံရာတွင် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကတ်ကင်းဘဲလ်နှင့်အတူ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာစကော့တ်မာစီယဲ၊ အထူးလက်ထောက် မစ္စတာမတ်က်တီစွန်း၊ မြန်မာနိုင်ငံဆိုင်ရာဌာနခွဲမှအရာရှိ မစ္စလော်ရာရှီဘေး၊ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံမှူးကြီး မစ္စတာလာရီဒင်းဂါးနှင့် သံရုံး နိုင်ငံရေးသံမှူး မစ္စဂျနီဖာတို့ တက်ရောက်ကြသည်။

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းထွန်း၊ ဦးဝင်းတင်၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးညွန့်ဝေနှင့် ဦးခင်မောင်ဆွေတို့ တက်ရောက်ကြသည်။

၄။ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်ကြသူများသည် မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြသည်။

၄-၁၁-၀၉ နေ့တွင် ကျင်းပပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇ ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်
၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်

ကြေညာချက်အမှတ် – ၂၈ / ၁၁ / ၀၉

ယနေ့သည် (၈၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ ဤနေ့သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် နယ်ချဲ့အစိုးရကိုဆန့်ကျင်၍ တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပြီးတိုက်ပွဲဝင်ခဲ့ကာ အောင်မြင်သောနေ့ထူးနေ့မြတ်ကြီးတစ်ခုဖြစ်သည်။ မြန်မာ့အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသမိုင်းတွင် ဂုဏ်သိက္ခာကြီးမားပြီး မေ့ပျောက်၍မရနိုင်သည့် နေ့တစ်နေ့ဖြစ်သလို မြန်မာနိုင်ငံလွတ်မြောက်ရေးတိုက်ပွဲစဉ်ကြီးကို စတင်တပ်လှန့်နှိုးဆော်ပေးခဲ့သောနေ့လည်းဖြစ်သည်။

နယ်ချဲ့အစိုးရသည် ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေတစ်ခုကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းတက္ကသိုလ်အက်ဥပဒေတွင် တက္ကသိုလ်ပညာသင်ကြားရေးအတွက် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများနှင့် ပြည်သူလူထုလက်မခံနိုင်သည့် မလိုလားအပ်သော ကန့်သတ်ချုပ်ချယ်မှုများစွာ ပါဝင်ခဲ့သည်။ အဆိုပါ တက္ကသိုလ်အက်ဥပဒေကို ဆန်းစစ်လေ့လာသည့်အခါ အနည်းစုဖြစ်သော အုပ်ချုပ်သူလူတန်းစားများနှင့် ဓနအင်အားပြည့်စုံသူတို့၏ သားသမီးများအတွက်သာ တက္ကသိုလ်ပညာကို သင်ကြားနိုင်မည်ဖြစ်သည်။ အများစုဖြစ်သော အခြားလူတန်းစား သားသမီးများ၏ ပညာသင်ကြားနိုင်ခွင့်ကို ပိတ်ပင်လိုက်ခြင်းဖြစ်သည်။

သို့ကြောင့် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် [၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်]နေ့၌ ကိုဘဦးခေါင်းဆောင်သော တက္ကသိုလ်ကျောင်းသား(၁၁)ဦးက ကိုလိုနီနယ်ချဲ့အစိုးရ၏အဆင့်အတန်းခွဲခြားထားသည့် ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကိုဆန့်ကျင်၍ စတင်သပိတ်မှောက်ခဲ့ကြသည်။ တက္ကသိုလ်ကျောင်းသားများသည် မိမိတို့၏ကိုယ်ကျိုးစီးပွားများကိုစွန့်လွှတ်၍ အများအကျိုး၊ အမျိုးသားရေးအကျိုး၊ တိုင်းပြည်၏အနာဂတ်အကျိုးကို မျှော်မှန်းပြီး အနစ်နာခံ၊ အဆင်းရဲအပင်ပန်းခံကာ ရဲဝံ့ပြတ်သားစွာ တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။

“ကျွန်ပညာကို လက်မခံ၊ ကိုလိုနီအစိုးရကို ဒူးမထောက်၊ ခိုင်းတာကိုသာလုပ်တတ်သော ကျွန်ပညာကို အလိုမရှိ၊ အုပ်စိုးသူလုပ်သမျှ ခေါင်းငုံ့မခံ၊ တော်လှန်ပစ်မည်”ဟူသော ကျောင်းသားတို့၏ သပိတ်တိုက်ပွဲကြွေးကြော်သံသည် မြန်မာပြည်သူတို့၏လွတ်လပ်လိုစိတ်ကို တပ်လှန့်နှိုးဆော်ပေးခဲ့သည်။ ထိုကျောင်းသားသပိတ်သည် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးအား အမျိုးသားစိတ်များ တက်ကြွလာစေပါသည်။ ဇာတိသွေး၊ ဇာတိမာန်ကို ရှင်သန်နိုးကြားစေပါသည်။ ရဟန်းရှင်လူ ပြည်သူအပေါင်းနှင့် အခြားကျောင်းသားလူငယ်များတို့ကလည်း အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးတွင် အားမာန်အပြည့်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ဤကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် သပိတ်တိုက်ပွဲဆင်နွှဲခဲ့ကြသောကြောင့် ကိုလိုနီနယ်ချဲ့အစိုးရက ယင်းတက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ပေးရသည်အထိ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ နေမဝင် ဗြိတိသျှအင်ပါယာကြီးကို စိတန်းလှည့်လည်ဆန္ဒပြခြင်း၊ အာဏာဖီဆန်ခြင်း၊ သပိတ်မှောက်ခြင်း၊ အစာငတ်ခံခြင်း စသည့်လုပ်ရပ်များဖြင့် သပိတ်တိုက်ပွဲဆင်နွှဲခြင်းကြောင့် မြန်မာ့နိုင်ငံရေး၏ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ကျောင်းသားလူငယ်တို့၏စွမ်းအားသည် သမိုင်းအလှည့်အပြောင်းကို ကောင်းစွာဖန်တီးနိုင်ကြောင်း သက်သေပြခဲ့သည်။ ပြည်သူလူထု၏ ဆန္ဒနှင့်အကျိုးစီးပွားကို ဆန့်ကျင်၍မရကြောင်းကိုလည်း အုပ်ချုပ်သူတို့အား ထင်ရှားစေခဲ့သည်။

အဆိုပါကျောင်းသားသပိတ်ကြီးက နိုင်ငံရေးနှင့်ပညာရေးသည် ခွဲခြား၍မရကြောင်း၊ နိုင်ငံရေးစနစ်မှန်ကန်မှသာလျှင် ပညာရေးစနစ်ကောင်းမွန်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ပြသခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးလွတ်လပ်မှုရှိပါမှ ပညာရေးလွတ်လပ်ပေလိမ့်မည်၊ နိုင်ငံရေးလွတ်လပ်သည်ဆိုခြင်းမှာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးထွန်း

ကားခြင်း မည်ပေသည်။ သို့မှသာ တည်ငြိမ်အေးချမ်းစွာဖြင့် တီထွင်ဖန်တီးနိုင်သော၊ တွေးခေါ်မြော်မြင်တတ်သော၊ ပညာရည်အဆင့်အတန်းမြင့်မားသော၊ ခေတ်နှင့်အညီရင်ဘောင်တန်းနိုင်သော ပညာရေးစနစ် ဖြစ်ပေါ်လာပေမည်။

အမျိုးသားအောင်ပွဲနေ့၏သမိုင်းကား စည်းလုံးညီညွတ်သော ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံမှုနှင့် ကျောင်းသားတို့၏ ရဲစွမ်းသတ္တိတို့ဖြင့် ခေတ်သစ်တစ်ရပ်ကို ဖန်တီးနိုင်ကြောင်းကိုလည်းကောင်း၊ စည်းကမ်းရှိသော၊ စည်းလုံးညီညွတ်မှုရှိသော ဆောင်ရွက်မှုကသာ အောင်ပွဲရယူနိုင်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ညီညွတ်ရေးပြိုကွဲနေပါလျှင် အောင်မြင်မှုရနိုင်မည်မဟုတ်ကြောင်းကိုလည်းကောင်း၊ သက်သေထူခဲ့ပေပြီ။ ဖိနှိပ်ချုပ်ချယ်မှုဖြင့် စနစ်တစ်ရပ်ကို ကန့်သတ်ထား၍မရကြောင်း၊ ကျောင်းသားပြည်သူတို့၏ဆန္ဒကို မျက်ကွယ်ပြု၍မရနိုင်ကြောင်းကိုလည်း မီးမောင်းထိုး၍ပြခဲ့ပြီးဖြစ်သည်။ ယင်းတို့ကို စံနမူနာယူပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ပေသည်။

ထိုသို့ ကြိုးပမ်းကြရာတွင်လည်း အမျိုးသားညီညွတ်ရေးသည် မလွဲမသွေလိုအပ်ပေသည်။ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားများကို ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားညီညွတ်ရေးကို တည်ဆောက်ကြရမည်ဖြစ်သည်။ ညီညွတ်ရေးဆိုရာတွင် နိုင်ငံရေးအင်အားစုများအချင်းချင်း၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း၊ ညီညွတ်ရန်လိုအပ်သကဲ့သို့ မိမိတို့အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ရေးသည်လည်း အဓိကအရေးပါသော အကြောင်းတစ်ရပ်ဖြစ်ပေသည်။ ထို့အတူ ပြည်သူလူထုတစ်ရပ်လုံးကလည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာလျှင် မိမိတို့လိုချင်သော ပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ၎င်းအပေါ် စီရင်ချက်ချမှတ်ခဲ့သည့် ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် “မိမိအနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ခွင့်ရလိမ့်မည်ဟုလည်းကောင်း၊ ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ရလိမ့်မည်ဟုလည်းကောင်း မျှော်လင့်ကြောင်း”ကို အပြုသဘောအမြင်ဖြင့် တရားခွင်သို့ လာရောက်ကြသည့် သံတမန်များအား ထုတ်ဖော် ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ထံသို့ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်နေ့တွင် “မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပယ်ဖျက်ရေးကိစ္စ”နှင့် စပ်လျဉ်း၍ ပေးပို့ခဲ့သောစာ၌ “မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပယ်ဖျက်ရေးအတွက် ကျွန်မအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြခဲ့ပါသည်”ဟုလည်း ရေးသားဖော်ပြခဲ့သည်။ ဤသည်မှာ စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြပါလျှင် မည်သည့်အခက်အခဲများကိုမဆို ကျော်လွှားအောင်မြင်နိုင်မည်ဖြစ်ကြောင်း အဓိပ္ပာယ်ပေါ်လွင်စေပါသည်။

ထို့ကြောင့် တိုင်းပြည်တွင် အမှန်တကယ်ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အထွေထွေအကျပ်အတည်းများကို အမြန်ဆုံးပြေလည်သွားနိုင်စေရန် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးခြင်းဖြင့် ညှိနှိုင်းအဖြေရှာကြရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထူးအလေးအနက်ထားစဉ်းစား၍ ဆောင်ရွက်ပေးပါရန် ယခုကဲ့သို့သော အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား အထူးထပ်မံတိုက်တွန်းတောင်းဆိုလိုက်ပါသည်။

သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံရေးရာသီဥတု ကောင်းမွန်စေမည့် . . .

(က) အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ စည်းကမ်းချက်များဖြင့် နေအိမ်တွင်ထပ်မံထိန်းသိမ်းထားခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စမဟုတ်ပါ၍ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်တွင်ထိန်းသိမ်းခြင်းခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအား ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊

အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ချထားခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဒွေးကြွယ်၊ ကိုဂျင်မီ စသည့် (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်များ အားလုံးကို ကန့်သတ်ချက်များမရှိဘဲ အမြန်ဆုံးလွှတ်ပေးရန်၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ (၆)နှစ်ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

(ဆ) ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားကြရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်သူလူထု၏ ဆန္ဒနှင့်အညီ စိတ်ဆန္ဒထက်သန်စွာဖြင့် အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကြေညာလိုက်သည်။

၂၆–၁၀–၀၉ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်
၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်

အထူးကြေညာချက်အမှတ် – ၈ / ၁၁ / ၀၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က "မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများကို ရုပ်သိမ်းရေးကိစ္စ နောက်ဆက်တွဲတင်ပြခြင်း"နှင့် စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် စာရေးသားပေးပို့ခဲ့ပါသည်။ ယင်းစာကို ပူးတွဲဖော်ပြလိုက်ပါသည်။

၁၆–၁၁–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
နေပြည်တော်

ရက်စွဲ – ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်

အကြောင်းအရာ။ ။ **မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများကို ရုပ်သိမ်းရေးကိစ္စ နောက်ဆက်တွဲတင်ပြခြင်း။**

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမေရိကန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကတ်ကင်းဘဲနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် နိုင်ငံရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် စီစဉ်ပေးမှုများအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို အထူးကျေးဇူးတင်ရှိပါသည်။

၂။ မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့သော ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားရေးအတွက် ကျွန်မအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ပိတ်ဆို့အရေးယူမှုများနှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုကြောင်း တင်ပြချက်အပေါ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လိုအပ်သော စီစဉ်ဆောင်ရွက်ပေးမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

၃။ အခြား နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမည့်လုပ်ငန်းများကိုလည်း ကျွန်မအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံးကို ကျွန်မ၏နေအိမ်သို့ ဖိတ်ခေါ်တွေ့ဆုံဆွေးနွေးလိုပါသည်။ ကျန်းမာရေးအရ မိမိတို့နေအိမ်အသီးသီးတွင်သာ နေထိုင်လျက်ရှိကြသော ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်တို့ကို ၎င်းတို့၏နေအိမ်အသီးသီးသို့ သွားရောက်ဂါရဝပြု ကန်တော့ပြီး (၁) ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး (၂) အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော (၃) ဦးဝင်းတင် (၄) ဦးခင်မောင်ဆွေ (၅) ဦးသန်းထွန်း (၆) ဦးစိုးမြင့် (၇) ဦးလှဖေ (၈) ဦးညွန့်ဝေတို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ စုံညီအစည်းအဝေးကို ကျွန်မ၏နေအိမ်တွင် ကျင်းပရန် စီစဉ်ခြင်းနှင့် စပ်လျဉ်းပြီး သဘောတူညီချက်ရယူရေးကို စီစဉ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါသည်။

၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုံညီတွေ့ဆုံပြီးနောက် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမည့် လုပ်ငန်းများကို ကျွန်မအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်

၆။ ကျွန်မအနေဖြင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမည့် လုပ်ငန်းများအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဗိုလ်ချုပ်မှူးကြီးနှင့် တွေ့ဆုံတင်ပြခွင့်ပြုပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်

× × × ×
(ဒေါ်အောင်ဆန်းစုကြည်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်
၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက်

ကြေညာချက်အမှတ် – ၂၉ / ၁၂ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ထံသို့လိပ်မူ၍ ပေးပို့ခဲ့ပြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ထံသို့ အသိပေးတင်ပြခဲ့သော ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်နေ့၌ ပေးပို့ခဲ့သည့် စာပါအကြောင်းအရာများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၇–၁၂–၀၉ နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ သိသာရန် ထုတ်ပြန်လိုက်ပါသည်။

"(စ)" အကြောင်းအရာ။ ။ <u>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လက်ရှိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များစာရင်း ပေးပို့ခြင်း။</u>

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၏ ဥပဒေအမှတ်–၄/၈၈ ဖြစ်သော "နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ"နှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၌ မှတ်ပုံတင်ထားပြီး၊ တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၏ ပုဒ်မ –၂ (က) တွင် "နိုင်ငံရေးပါတီဆိုသည်မှာ စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော အဖွဲ့အစည်းကိုဆိုသည်"

ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ၁၉၈၉ ခုနှစ်၊ မတ်လ (၂၂)ရက်စွဲပါ ကြေငြာချက်အမှတ် – ၂၄၅၊ အပိုဒ် (၃) တွင် . . .

> "× × × ယခုမှတ်ပုံတင်ထားသောနိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ဤကော်မရှင်က ကြီးကြပ်ဖွဲ့စည်းပေးသော အဖွဲ့အစည်းမဟုတ်ဘဲ၊ မိမိတို့ဆန္ဒအလျောက် ပါတီဖွဲ့စည်းပုံများ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအား ရေးဆွဲပြီး နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ × × ×"

ဟုလည်းကောင်း၊ အပိုဒ် (၄) တွင် . . .

> "ထိုသို့ မှတ်ပုံတင်စဉ်က တင်ပြသော သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံစည်းမျဉ်းများ၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ၊ နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များစာရင်းကိုမူ ကော်မရှင်က မှတ်တမ်းတင်ထားပါသည်။ ထို့အပြင် အလုပ်အမှုဆောင်အဖွဲ့နှင့် ဖွဲ့စည်းပုံစည်းမျဉ်းများ ပြုပြင်ပြောင်းလဲမှုရှိ၍ ကော်မရှင်သို့ ထပ်မံတင်ပြလာသည့်အခါတွင်လည်း ကော်မရှင်က ဆက်လက်မှတ်တမ်းတင်ထားလျက် ရှိပါသည်။"

ဟုလည်းကောင်း အတိအလင်းဖော်ပြပါရှိပါသည်။ ဤကြေညာချက်သည် နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များစာရင်းကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း မပြုနိုင်ကြောင်း ပေါ်လွင်နေပါသည်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများအနေဖြင့် မိမိတို့ပါတီ၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့များ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အခြား

ပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ခြင်းသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ သက်ဆိုင်ရာပါတီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်သာဖြစ်ကြောင်း ထင်ရှားစေပါသည်။

သို့ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လက်ရှိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို အောက်ပါအတိုင်း တာဝန်ပေးအပ်ထားကြောင်း အကြောင်းကြားပါသည်။

၁။ ဦးအောင်ရွှေ	ဥက္ကဋ္ဌ
၂။ ဦးတင်ဦး	ဒုတိယဥက္ကဋ္ဌ
၃။ ဒေါ်အောင်ဆန်းစုကြည်	အထွေထွေအတွင်းရေးမှူး
၄။ ဦးလွင်	အတွင်းရေးမှူး
၅။ ဦးဝင်းတင်	အဖွဲ့ဝင်
၆။ ဦးသန်းထွန်း	အဖွဲ့ဝင်
၇။ ဦးစိုးမြင့်	အဖွဲ့ဝင်
၈။ ဦးလှဖေ	အဖွဲ့ဝင်
၉။ ဦးလွန်းတင်	အဖွဲ့ဝင်
၁၀။ ဦးညွန့်ဝေ	အဖွဲ့ဝင်
၁၁။ ဦးခင်မောင်ဆွေ	အဖွဲ့ဝင်

၉–၁၁–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။ "(ဆုံး)"

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့။